# မြန်မာ့အလင်း

အတွဲ (၅၂)
အမှတ် (၁၀၀)

၁၉၁၄ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီ ၈ ရက်၊ အင်္ဂါနေ့။


**ဒို့တာဝန်အရေး(၃)ပါး**

- ✳ ပြည်ထောင်စု မပြိုကွဲရေး။
- ✳ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ✳ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဆင်းရဲနွမ်းပါးပညာသင်ဆု ငွေပဒေသာပင်များ စိုက်ထူလှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၇**

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက် ၈ နာရီတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဘုရားကလေးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းသို့ရောက်ရှိပြီး ဘုရားကလေးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအတွက် ဆင်းရဲနွမ်းပါးပညာသင်ဆု ငွေပဒေသာပင်စိုက်ထူလှူဒါန်းခြင်း အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က အမှာစကားပြောကြားပြီး ဆင်းရဲနွမ်းပါး ပညာသင်ဆု ငွေပဒေသာပင်အတွက် ငွေကျပ်သိန်းတစ်ရာကို ငွေပဒေသာပင် အုပ်ချုပ်ရေးကော်မတီဝင်နှစ်ဦးတို့ထံ ပေးအပ်လှူဒါန်းရာ ဘုရားကလေးကျေးရွာ ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

*စာမျက်နှာ ၈ ကော်လံ ၁* ✳

**အမှာစကားပြောကြား**

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ပဲခူးမြို့နယ် ဘုရားကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ဆင်းရဲနွမ်းပါးပညာသင်ဆု ငွေပဒေသာပင်စိုက်ထူခြင်းအခမ်းအနား၌ အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

**ထူးခြားသည့်ညအပူချိန်များ**

၇-၁-၂၀၁၃

| | |
|---|---|
| လှိုင်လင်မြို့ | ၁ ဒီဂရီစင်တီဂရိတ် |
| ပင်လောင်းမြို့ | ၃ ဒီဂရီစင်တီဂရိတ် |
| ပူတာအိုမြို့ | ၄ ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုးမြို့ | ၄ ဒီဂရီစင်တီဂရိတ် |

# မြန်မာ့ဆန်များ အင်ဒိုနီးရှားဝယ်ယူမည်

**ရန်ကုန် ဇန်နဝါရီ ၇**

မြန်မာနိုင်ငံမှ ဆန်များကို အင်ဒိုနီးရှားနိုင်ငံက ဝယ်ယူရန် အဆိုပြုထားရာ စုစုပေါင်းဆန်တန်ချိန် ၃၀၀၀၀၀ ကို ဝယ်ယူမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"မြန်မာနိုင်ငံမှ ထွက်ရှိတဲ့ အရည်အသွေးမီ ဆန်တန်ချိန် အများအပြားကို အင်ဒိုနီးရှားနိုင်ငံက ဝယ်ယူဖို့ရှိနေပါတယ်။ ထပ်မံပြီးတော့လည်း ဆန်တန်ချိန် တိုးမြှင့်ဝယ်ယူဖို့ရှိနေပြီး ကျွန်တော်တို့က လည်း ပြည်ပကို ဆန်တွေတိုးမြှင့်တင်ပို့နိုင်ဖို့ ကြိုးစားနေပါတယ်"ဟု ၎င်းက ပြောကြားသည်။

**တင်ပို့နိုင်**

မြန်မာနိုင်ငံသည် ၂၀၀၁-၂၀၀၂ ခုနှစ်မှ ၂၀၀၅-၂၀၀၆ ခုနှစ်ဘဏ္ဍာရေးနှစ်များကာလအတွင်း အင်ဒိုနီးရှားနိုင်ငံသို့ ဆန်တန်ချိန် အများအပြား တင်ပို့ပေးနိုင်ခဲ့သည်။ အင်ဒိုနီးရှားဈေးကွက်တွင် မြန်မာဆန်များဝယ်လိုအား မြင့်မားခဲ့သည်။သို့ရာတွင် အခြေအနေအရပ်ရပ်ကြောင့် ၂၀၀၅-၂၀၀၆ ခုနှစ်နောက်ပိုင်းတွင် အင်ဒိုနီးရှားနိုင်ငံသို့ မြန်မာနိုင်ငံမှ ဆန်များတင်ပို့ပေးမှု မရှိခဲ့ချေ။

မြန်မာနိုင်ငံမှ ဆန်များကို ၂၀၁၁- ၂၀၁၂ ခုနှစ် ဘဏ္ဍာရေးနှစ်၏ ပထမကိုးလတာကာလဖြစ်သော ဧပြီမှ ဒီဇင်ဘာလအထိ ဆန်တန်ချိန် ၂၁၂၅ တန်ကိုသာ အင်ဒိုနီးရှားနိုင်ငံသို့ တင်ပို့နိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သော စာရင်းအင်းများ၌ ဖော်ပြထားသည်။

သို့ရာတွင် မြန်မာနိုင်ငံအနေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်၏ ပထမ ကိုးလတာကာလအတွင်း ဆန်နှင့် ဆန်ထွက်ပစ္စည်းတန်ချိန် ၁ ဒသမ ၀၁ သန်း တင်ပို့နိုင်ခဲ့သည်။ ထိုသို့သောနှုန်းအတိုင်း ကျန်သည့် ဇန်နဝါရီမှ မတ်လအထိ သုံးလတာကာလအတွင်း ဆက်လက်တင်ပို့နိုင်ခဲ့ပါက ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် တစ်နှစ်လုံးကာလတွင် ပြည်ပသို့ ဆန်တန်ချိန်ပေါင်း ၁ ဒသမ ၂ သန်းကျော် တင်ပို့နိုင်မည်ဖြစ်သည်။

အဆိုပါ ပြည်ပသို့ ဆန်တင်ပို့မှုနှုန်း မြင့်တက်လာခြင်းသည် လွန်ခဲ့သည့် ၄၆ နှစ်အတွင်း မြန်မာနိုင်ငံမှ ပြည်ပသို့ဆန်တင်ပို့မှု အများဆုံးစံချိန်အဖြစ် မှတ်တမ်းတင်နိုင်မည့်အခြေအနေ ဖြစ်လာ

*စာမျက်နှာ ၉ ကော်လံ ၃* ✳

*သတင်းဆောင်းပါး-အာကာဟိန်း*
*ဓာတ်ပုံ - ကေဇင်လင်း*

**ယနေ့မှာ**


| | |
|---|---|
| တရုတ်နိုင်ငံ၌ ဇီဝနည်းပညာကဏ္ဍ အဆင့်မြှင့်တင်မည် | စာ-၄ |
| အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်၌ ပေါက်ကွဲမှုဖြစ်ပွားနိုင် | စာ-၅ |
| ငိုက်ရင်မမောင်းနဲ့၊ မောင်းရင်မငိုက်နဲ့ | စာ-၇ |
| လမ်းပတ် ချယ်လ်ဆီးမှထွက်ရန် သေချာသွားပြီ | စာ-၁၂ |



ဒူးနာ၊ ခါးနာ၊ ထုံကျဉ်ကိုက်ခဲ၊ အကြောရောဂါအမျိုးမျိုးကို သက်သာပျောက်ကင်းစေမည့်

ရွှေရနံ့

အကြောပြေဒဏ်ကြေလိမ်းဆေး

ဒဏ်ကြေလိမ်းဆေး၏ ထူးခြားချက်

ရွှေရနံ့လိမ်းဆေးသည်စိတ်ကိုတက်ကြွလန်းဆန်းစေမည့်
ပျော်ဆိုရွှင်ရန်နှင့် စိတ်အာရုံကိုကြည်လင်စေမည့်
သင်းပျံ့သောရနံ့ကိုပါရှိသောကြောင့်
ရနံ့နှစ်မျိုးကို ခံစားရမည့် လိမ်းဆေးဖြစ်ပါသည်။

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

### ဥယျာဉ်မှူးကောင်း

“မျိုးစေ့မမှန် ပင်မသန်”ဟူသော ဆိုရိုးစကားကို လူတိုင်းပင်ကြားဖူးကြပေလိမ့်မည်။ မျိုးမှန်မှ အဖိုးတန်ပျိုးသန်ကို ရနိုင်လိမ့်မည်ဆိုသည့်သဘောပင်ဖြစ်သည်။ မျိုးမှန် ပျိုးသန်သော်လည်း ဥယျာဉ်မှူးကောင်းတို့၏ ထိန်းသိမ်းပြုစု စောင့်ရှောက်မှုမကောင်းချေက အဖိုးတန်ညောင်ပင်ကြီးအဖြစ်သို့ ရောက်ရှိလာမည်မဟုတ်ပေ။ မျိုးမမှန်၊ ပျိုးပင်မသန်သော်လည်း ဥယျာဉ်မှူးကောင်းတို့၏ ပြုစုစောင့်ရှောက်မှုကောင်းလျှင် ရှင်သန်ဖွံ့ထွားပညောင်ပင်ကြီးအလား ရောက်ရှိလာနိုင်ပေသည်။

ထို့ကြောင့် ပျိုးကောင်းတစ်ပင်၊ အပင်ကောင်းတစ်ပင်ဖြစ်ရေးသည် မျိုးစေ့ကောင်းခြင်း၊ မကောင်းခြင်းဆိုသည်ထက် ဥယျာဉ်မှူးတို့၏ ပြုစုစောင့်ရှောက်မှုကောင်းခြင်း၊ မကောင်းခြင်းတို့က ပို၍ပဓာနအကျဆုံး ဖြစ်ပါသည်။ ဥယျာဉ်မှူးတိုင်းသည် အပင်ကောင်းတစ်ပင်ဖြစ်တည်မှုအတွက် မျိုးစေ့လေးမှသည် အပင်ကြီးဖြစ်သည်အထိ ပြုစုစောင့်ရှောက်ပေးရပါသည်။ ဥယျာဉ်မှူးသည် သူ၏မျိုးစေ့လေးများကို ကောင်းစွာပေါက်ရောက်ရှင်သန်နိုင်စေရန် မြေဆီမြေနှစ်ကောင်းမွန်သောမြေတို့၌ ဦးစွာစိုက်ပျိုးကြသည်။

ထို့နောက် ဥယျာဉ်မှူးသည် သူ၏အပင်လေးများကို ဆက်လက်ရှင်သန်စေရန် ရေလောင်းပေါင်းသင် မြေဆွစသော ဥယျာဉ်မှူးတို့၏ အတတ်ဖြင့်ပြုပြင်ပေးရပြန်ပါသည်။ တစ်ဖန် အပင်ဖြစ်လာသော်လည်း ကျွဲမဝင် နွားမစားစေရန် အသေအချာပြုစုစောင့်ရှောက်ပေးရပြန်ပါသည်။ အပင်ကောင်းတစ်ပင်ဖြစ်လာစေရန် ဥယျာဉ်မှူးတို့၏ အခန်းကဏ္ဍသည် မြားမြောင်လှပေစွ။

ဤသို့ ပြုစုစောင့်ရှောက်မှုမရှိချေက မည်မျှပင် မျိုးစေ့မှန်သော်လည်း အပင်ကြီးဖြစ်ရန် ခဲယဉ်း၏။ ပြုစုစောင့်ရှောက်မှုကောင်းပါမှ အပင်ကြီးဘဝသို့ ရောက်နိုင်၏။ တချို့မျိုးစေ့များသည် မကောင်းသော်လည်း ဥယျာဉ်မှူးကောင်းတို့၏ ပြုစုစောင့်ရှောက်မှုကောင်းသဖြင့် အပင်ကြီးအပင်ကောင်းများအဖြစ်သို့ ရောက်ရှိရပေတော့သည်။

ထိုနည်းတူပင် ကျွန်ုပ်တို့ မိဘများအနေဖြင့်လည်း မိမိတို့၏ သားသမီးများ လူတော် လူကောင်းများ ဖြစ်စေရန်ကောင်းစွာပြုစုစောင့်ရှောက်အပ်၏။ အချို့ဂုဏ်သရေရှိ လူချမ်းသာ လူကုံထံ အသိုင်းအဝိုင်းကြား ကြီးပြင်းလာသော်လည်း လူတော်လူကောင်းများဖြစ်မလာပါ။ ထိုအချက်သည် ဥယျာဉ်မှူးတို့၏ လိုအပ်ချက်ပင်ဖြစ်၏။ ဥယျာဉ်မှူးတို့၏ ပြုပြင်ထိန်းကျောင်းမှု မှန်ကန်ခဲ့သည်ရှိသော် လူတော် လူကောင်းများ အမှန်ပင်ဖြစ်နိုင်ပါသည်။ အချို့ဆင်းရဲသား လူလတ်တန်းစားများအကြား ကြီးပြင်းလာသူတို့သည် မိဘ ဆရာသမားတို့၏ သွန်သင်ဆုံးမမှုကောင်းမွန်လှသဖြင့် လူတော် လူကောင်းများအဖြစ်သို့ ရောက်ရှိရပေသည်။ ထို့ကြောင့် လူတော်လူကောင်းဖြစ်ရေးသည် ဆင်းရဲချမ်းသာသည် အဓိကမဟုတ်ပါ။ သွန်သင်ဆုံးမမှုကောင်းမွန်ခြင်းသာ ပဓာနအကျဆုံးဖြစ်ပါသည်။ ဥယျာဉ်မှူးကောင်းပါမှ ပန်းကောင်းများ ပွင့်နိုင်ပါမည်။ ပွင့်သောပန်းတိုင်းလည်း လန်းနိုင်ပါမည်။ ။

---

**ပြည်တွင်းသတင်း**

# နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံသို့ ကမ္ဘာ့နိုင်ငံအသီးသီးမှခေါင်းဆောင်များက (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

*(ယမန်နေ့မှအဆက်)*

ရန်ကုန် ဇန်နဝါရီ ၇

**၂၀၁၃ ခုနှစ် ဇန်နဝါရီ ၄ ရက်၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံတော်အကြီးအကဲများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။**

#### နယ်သာလန်နိုင်ငံ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ နယ်သာလန်နိုင်ငံ ဘုရင်မကြီး ဘီယက်ထရစ်ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၅) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ မြန်မာပြည်သူ ပြည်သားများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်း တောင်းပေးပါကြောင်း စသည်ဖြင့် ဖော်ပြထားသည်။

#### ဟယ်လင်းနစ်သမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၅)နှစ်မြောက်လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဟယ်လင်းနစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာအန်တိုးနစ်စီဆာမာရက်ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ထားသည်။

အဆိုပါ သဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မြန်မာပြည်သူ ပြည်သားများ ကြီးပွားချမ်းသာပါစေကြောင်း၊ ဖွံ့ဖြိုးတိုးတက်ပြီး ကောင်းကျိုးအဖြာဖြာ ပြည့်ဝပါစေကြောင်း စသည်ဖြင့် ဖော်ပြထားသည်။

#### ဩစတြီးယားနိုင်ငံ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၅)နှစ်မြောက်လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဩစတြီးယားနိုင်ငံ သမ္မတ မစ္စတာ ဟိန့်ဇ်ဖစ်ရှာက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ထားသည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်၏နိုင်ငံအတွက် မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ မြန်မာပြည်သူ ပြည်သားများ၏ အနာဂတ် ချမ်းမြေ့သာယာပါစေကြောင်း ဆုတောင်းပြုအပ်ပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

#### ရုရှားဖက်ဒရေးရှင်းနိုင်ငံ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ရုရှားဖက်ဒရေးရှင်း နိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်က ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာတွင် (၆၅)နှစ်မြောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့တွင် ဂုဏ်ယူဝမ်းမြောက်မိကြောင်း အဆွေတော်နှင့်တကွ မြန်မာပြည်သူ ပြည်သားအားလုံးကို ပြောကြားလိုပါကြောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယသည် (၆၅) နှစ်တိုင်ခဲ့ပြီဖြစ်သလို မိမိတို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတို့၏ နှစ်နိုင်ငံဆက်ဆံရေးမှာလည်း (၆၅)နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံဆက်ဆံရေးမှာ အပြုသဘောဆောင် တိုးတက်ဖြစ်ထွန်းလျက်ရှိပါကြောင်း၊ ထိုဆက်ဆံရေးသည် ထိုထက်ပိုမိုခိုင်မြဲသွားမည်ဟု မိမိယုံကြည်ထားပါကြောင်း၊ မိမိတို့နှစ်နိုင်ငံမှ ပြည်သူ ပြည်သားများ၏ စိတ်သဘောထားမှာလည်း ထိုကဲ့သို့ပင် အပြည့်အဝသဘောတူညီမှုလိမ့်မည်ဟု ယုံကြည်ကြောင်း၊ အာရှ-ပစိဖိတ်ဒေသအတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးပိုမိုဖြည့်ဆည်းပေးနိုင်သည်ဟု မိမိအနေဖြင့် ယုံကြည်ကြောင်း၊ အဆွေတော် ကျန်းမာပျော်ရွှင်စွာဖြင့် အောင်မြင်ပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း၊ မြန်မာ ပြည်သူပြည်သားအားလုံး ကာယသုခ စိတ္တသုခ နှစ်ဖြာဖြင့် ပြည့်စုံ၍ ချမ်းသာကြွယ်ဝပါစေကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

*(ဆက်လက်ဖော်ပြပါမည်)*

---

**ထင်သာမြင်သာ ပြုပြင်စရာ**

## လှည်းတန်းဘူတာကလေး သန့်ရှင်းသာယာလှပစေချင်

ကမာရွတ်မြို့နယ်အတွင်းရှိ လှည်းတန်းဘူတာကလေးသည် တောင်ဘက်တွင် ဟံသာဝတီဘူတာရုံနှင့် မြောက်ဘက် ကမာရွတ်ဘူတာရုံအကြား တည်ရှိပြီးကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်သည့် ဘူတာရုံကလေးဖြစ်သည်။ လှည်းတန်းဘူတာအဝင် ဗဟိုလမ်းမ (ယခင်ခိုင်ရွှေဝါလမ်း)တွင် ကမ္ဘာလှည့်ခရီးသွားများ၏ အဆင့်မြင့်ယာဉ်ကြီးများ ရပ်တန့်ကာ ရန်ကုန်ဘက် သို့မဟုတ် အင်းစိန်ဘက်သို့ ရထားစီးခရီးစဉ်အဖြစ် သွားရောက်လေ့ရှိကြသည်။

အဆိုးနှင့် အကောင်းဒွန်တွဲရှိနေသလို လှည်းတန်းဘူတာလေးတွင်အကျည်းတန် အရုပ်ဆိုးမှုများလည်းရှိနေသည်။ ဗဟိုလမ်းမဘက် ဘူတာအဝင်လမ်းဘေးတစ်ဖက်တစ်ချက်တွင် ဈေးဆိုင်များ လမ်းပိတ်ဆို့မတတ်ရှိနေခြင်း၊ လူကူးခုံးကျော်သံတံတားရှိနေသော်လည်း ခရီးသွားများက လုံးဝအသုံးမပြုကြဘဲ တံတားအောက်မှသာ သံလမ်းကို ဖြတ်ကျော်သွားလာနေကြခြင်း၊ ကမ္ဘာလှည့်ခရီးသွားများကလည်း အသုံးပြုသူကင်းမဲ့ကာ ထီးတည်းတည်ရှိနေသော အဆိုပါ သံတံတားကို ဓာတ်ပုံရိုက် မှတ်တမ်းတင်ကြခြင်းများဖြစ်သည်။

ယင်းသံတံတားနှင့် ပတ်သက်၍ ခရီးသွားအချို့က သံတံတားသည် အိုမင်းနေပြီး မည်သူမျှ အသုံးမပြုကြကြောင်း၊ ညပိုင်းမှာ စုံတွဲများ၊ လေလွင့်အုပ်စုများ၊ အရက်ဝိုင်းများ သံတံတားပေါ်တွင် မင်းမူနေကြောင်း၊ မည်သူကမျှ အသုံးမပြုသည့် အဆိုပါတံတားကို ဖြုတ်သိမ်းပြီး လှည်းတန်းဘူတာကလေးကို ယခုအခြေအနေထက် တင့်တယ်သာယာလှပအောင် ဖန်တီးနိုင်လျှင် ကောင်းမွန်မည်ဟု ပြောကြားမှုများရှိကြောင်း သိရသည်။

ဗဟိုလမ်းမဘက်မှ လှည်းတန်းဘူတာအဝင်လမ်းမတွင် အုတ်ကျိုးအုတ်ပဲ့များ ထိုးထိုးထောင်ထောင်ဖြင့် သွားလာရေးခက်ခဲနေခြင်းကို ဘူတာအနီးတစ်ဝိုက်မှ လူမှုရေးအသိစိတ်ဓာတ်ရှိသူများက ကွန်ကရစ်ခင်းလမ်းချောအဖြစ် စုပေါင်းဆောင်ရွက်ခဲ့ကြသည်။ ထိုသို့ဆောင်ရွက်သူများက ကမ္ဘာလှည့်ခရီးသည်များ၊ ခရီးသွားများ အဆင်ပြေစေရေးကို ရှေးရှုပြီး ကိုယ်ထူကိုယ်ထ ငွေအား၊ လုပ်အား စုပေါင်းပြီး ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း ပြောကြားကြသည်။

**ခင်မောင်သော်(ကမာရွတ်)**

---


# အထူးလိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

မချိုသာခင်(Managing Director, Golden Gate Int'l Co., Ltd.)အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၃ ဖြင့် နိုင်ငံတော်မှ ပေးအပ်ချီးမြှင့်သော **သုဓမ္မသိင်္ဂီ** ဘွဲ့ကို ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် အထူးလိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

**(1) ACE Co., Ltd.**
**(2) Max Myanmar Co., Ltd.**
**(3) A1 Group of Companies**
**(4) TZTM Co., Ltd.**
**(5) Group of Four Mining Co., Ltd.**
**(6) ရွှေသပြေကုမ္ပဏီ**
**(7) WEG Co., Ltd.**
**(8) Crislite Co., Ltd.**
**(9) နေစံရာဆောက်လုပ်ရေးကုမ္ပဏီ**
**(10) Square Power Group of Companies**

## ပြည်တွင်းသတင်း

# မကြာမီကာလတွင် မိုဘိုင်းတယ်လီဖုန်းများကို လက်ရှိဈေးနှုန်းထက် လျှော့ချ၍ ပြည်သူများ ပိုမိုကျယ်ပြန့်စွာကိုင်ဆောင်အသုံးပြုနိုင်အောင် စီစဉ်ဆောင်ရွက်နေ

**နေပြည်တော် ဇန်နဝါရီ ၇**

ကမ္ဘာ့နိုင်ငံများအနေဖြင့် မိမိတို့နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်ကြသည့်အခါတွင် ဆက်သွယ်ရေးကဏ္ဍကို ဦးစွာဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြသည်ကို လေ့လာတွေ့ရှိရကြောင်း၊ ယင်းကဲ့သို့ ဆောင်ရွက်မှုလည်း ဆက်စပ်ကဏ္ဍအားလုံးသည် လိုက်ပါတိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနသည် ဆက်သွယ်ရေးကွန်ရက်များ တိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်းများကို အစဉ်ကြိုးပမ်းဆောင်ရွက်ပြီး တယ်လီဖုန်းဈေးနှုန်းများကို အဆင့်ဆင့်လျှော့ချ၍ ရောင်းချပေးခဲ့ကြောင်း၊ မကြာမီကာလတွင်လည်း GSM (2.75) G/ UMTS (3G) မိုဘိုင်းတယ်လီဖုန်းများကို လက်ရှိဈေးနှုန်းထက် လျှော့ချ၍ ပြည်သူများ မိုဘိုင်းတယ်လီဖုန်းများကို ပိုမိုကျယ်ပြန့်စွာ ကိုင်ဆောင်အသုံးပြုနိုင်အောင် ရောင်းချပေးသွားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နေကြောင်းဖြင့် ယနေ့တွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဆက်သွယ်ရေးကဏ္ဍ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ရည်မှန်းချက်၊ မူဝါဒများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက ပြောကြားသည်။

ဤကဲ့သို့ ဆောင်ရွက်ရာတွင် မိမိတို့အနေဖြင့် ပွင့်လင်းမြင်သာမှု၊ အများတကာ၏ ယုံကြည်စိတ်ချရမှု၊ မျှတသည့် ယှဉ်ပြိုင်မှု၊ အရည်အသွေးကောင်းမွန်သည့် ဝန်ဆောင်မှုပေးနိုင်မှု စသည်တို့ကို အခြေခံပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် ပြည်သူများအား ဆက်သွယ်ရေးဝန်ဆောင်မှု ပေးသွားရမည်ဖြစ်သည့်အတွက် ယခင်က အတွေးအခေါ်၊ အယူအဆ၊ အလေ့အထများအတိုင်း ဆက်လက်လုပ်ကိုင်၍ မရနိုင်ကြောင်း၊ အတွေးသစ်၊ အမြင်သစ်၊ အယူအဆသစ်တို့ဖြင့်သာ မိမိတို့၏ဆက်သွယ်ရေးကဏ္ဍ၏ တိုးတက်ရာတိုးတက်ကြောင်းကို ဝိုင်းဝန်းကြိုးပမ်းသွားရန် လိုအပ်ကြောင်း၊ ထို့အတူ ICT ကဏ္ဍကို ဆက်လက်ပြောကြားရမည်ဆိုလျှင် ကမ္ဘာ့နိုင်ငံများတွင် နိုင်ငံ၏ဖွံ့ဖြိုးမှုကို တိုင်းတာရာ၌ e-Government စနစ်နှင့် Online စနစ် အသုံးပြုမှု၊ အင်တာနက် အသုံးပြုမှုတို့ဖြင့် တိုင်းတာလာကြကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း ယင်းသို့ ဆောင်ရွက်နိုင်မှသာ အဆင့်များစွာတွင် လူပါဝင်ဆောင်ရွက်မှု နည်းပါးပြီး လုပ်ငန်းများလျင်မြန်သွက်လက်စွာဖြင့် စည်းကမ်းစနစ်ကျစွာ လုပ်ကိုင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် e-Government စနစ် မဖြစ်မနေအောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက်လည်း အားလုံးဝိုင်းဝန်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့်လည်း ပြောကြားသည်။

**ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း ဆက်သွယ်ရေးကဏ္ဍ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ရည်မှန်းချက်၊ မူဝါဒများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲတွင် အမှာစကား ပြောကြားစဉ်။**
(သတင်းစဉ်)

ထို့နောက် ဒုတိယဝန်ကြီးများက ဆွေးနွေးပြောကြားပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအား ပြောင်းလဲဖွဲ့စည်းမည့်အခြေအနေ၊ လုပ်ကိုင်ဆောင်ရွက်မည့် ပုံစံ စသည့်လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ဖွဲ့စည်းပုံပြန်လည်တိုးချဲ့ ဖွဲ့စည်းမှုနှင့် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကိုလည်းကောင်း ဆွေးနွေးတင်ပြခဲ့ကြသည်။ **(သတင်းစဉ်)**

## စုံညီခုံရုံး ရုံးထိုင်ကြားနာ

**နေပြည်တော် ဇန်နဝါရီ ၇**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်တရားသူကြီးများ အားလုံးပါဝင်သော စုံညီခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်ပြီး တရားမအထူးအယူခံမှု (၅)မှုနှင့် တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) (၄)မှုတို့ကို စီရင်ချက်ချမှတ်သည်။ ထို့အပြင် ပြစ်မှုဆိုင်ရာ အထူးအယူခံမှု(၂)မှုနှင့် တရားမအထူးအယူခံမှု (၄)မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အာမခံအလုပ်သမားများ ကွန်ပျူတာဖြင့်ဖတ်ရှုနိုင်သည့်ကတ်ပြားများ ကိုင်တွယ်လာနိုင်သည့်အခါ မည်သည့်ဆေးရုံ၊ ဆေးခန်းတွင်မဆို သွားရောက်ပြသနိုင်မည့် အကျိုးခံစားခွင့်များခံစားနိုင်မည်

**နေပြည်တော် ဇန်နဝါရီ ၇**

အာမခံအလုပ်သမားများ၏အချက်အလက်များကိုထိန်းသိမ်းနိုင်ရန်၊ အလုပ်သမားဆေးရုံ၊ ဆေးခန်းများအတွက် ဆေးများဝယ်ယူခြင်း၊ ထိန်းသိမ်းခြင်း၊ ဖြန့်ဖြူးခြင်းများကို စနစ်တကျ လုပ်နိုင်ရန်၊ အာမခံအလုပ်သမားလူနာများ၏ ကျန်းမာရေးမှတ်တမ်းများ ထိန်းသိမ်းနိုင်ရန်၊ လူမှုဖူလုံရေးရုံးရှိ ဝန်ထမ်းများ၏ ကိုယ်ရေးအချက်များ ထိန်းသိမ်းနိုင်ရန်၊ ရန်ပုံငွေထိန်းသိမ်းခြင်း၊ ရင်းနှီးမြှုပ်နှံခြင်း၊ သုံးစွဲခြင်းများကို စနစ်တကျ ပြုလုပ်နိုင်ရန်အတွက် Accounting Information System စသည့် Social Security Board Management System Program များကို အကောင်အထည်ဖော် ရေးဆွဲခဲ့ပါကြောင်း။

ယခု Module ထဲတွင် Member Registration System သည် အရေးကြီးဆုံးဖြစ်ပြီး လူမှုဖူလုံရေး အာမခံစိစစ်ရေးကတ်ပြားများကို လက်ရှိစက္ကူကတ်ပြားအဆင့်မှ ကွန်ပျူတာဖြင့် ဖတ်ရှုနိုင်သည့် ကတ်ပြားများအဖြစ် ပြောင်းလဲထုတ်လုပ်ခြင်းသည် အလွန်အဓိကကျသည့် ကဏ္ဍတွင် ပါရှိနေသည်ကို တွေ့ရှိရပါကြောင်း၊ ယခုကဲ့သို့ ပြောင်းလဲကျင့်သုံးခြင်းဖြင့် အာမခံအလုပ်သမားများသည် ယခင်က မိမိအတွက် သီးသန့်သတ်မှတ်ထားသည့် ဆေးခန်းမှသာ ကျန်းမာရေးစောင့်ရှောက်မှု၊ ငွေကြေးအကျိုးခံစားမှုများ ခံစားခွင့်ရှိခဲ့ရာမှ ယခုကဲ့သို့ ကွန်ပျူတာဖြင့် ဖတ်ရှုနိုင်သည့် ကတ်ပြားများ ကိုယ်တွယ်လာနိုင်သည့်အခါတွင် မည်သည့်ဆေးရုံ၊ ဆေးခန်းတွင်မဆို သွားရောက်ပြသပြီး မိမိ၏ အကျိုးခံစားခွင့်များကို အလွယ်တကူ ခံစားနိုင်တော့မည်ဖြစ်ပါကြောင်း။

ယခုပြောင်းလဲမှုသည် e-Government လုပ်ငန်းစဉ်များထဲမှ လုပ်ငန်းတစ်ရပ်ဖြစ်ပါကြောင်း၊ နောင်တစ်ချိန်တွင် ကတ်ပြားကို ကိုယ်တွယ်ပြသပြီးဖြစ်စေ၊ အာမခံအမှတ်ကို ဖော်ပြပြီးဖြစ်စေ မိမိထည့်ဝင်ထားသည့် အလုပ်လုပ်ကိုင်နိုင်စွမ်းမရှိမှု၊ သက်ကြီးပင်စင်နှင့် ကျန်ရစ်သူ ပင်စင်အကျိုးခံစားခွင့် ရန်ပုံငွေကနေ ယခုအချိန်တွင် အငြိမ်းစားယူလျှင် ငွေလုံးငွေရင်း မည်မျှရမည်၊ လစဉ်ပင်စင်ယူလျှင် တစ်လ မည်မျှရမည်ဆိုသည်ကို ကြည့်ရှုနိုင်သည့်အဆင့်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က ယနေ့ နံနက် ၉ နာရီတွင် အဆိုပါ ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် လူမှုဖူလုံရေးအဖွဲ့ လူမှုဖူလုံရေး အာမခံအလုပ်သမားများ၏ အချက်အလက်များအား ကွန်ပျူတာပရိုဂရမ်အတွင်းသို့ ထည့်သွင်းခြင်းနှင့် လူမှုဖူလုံရေးအာမခံ စိစစ်ရေးကတ်ပြားသစ်များ ထုတ်လုပ်ခြင်း သရုပ်ပြပွဲ အခမ်းအနားတွင် ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မိမိ၏ခင်ပွန်း အာမခံအလုပ်သမား ရုတ်တရက် မမျှော်လင့်ဘဲ ကွယ်လွန်သွားခဲ့ပါက ကျန်ရစ်သူဇနီးသည်မှ ကျန်ရစ်သူ အကျိုးခံစားခွင့် မည်မျှရမည်ဆိုသည်ကို ယခုကတ်ပြားကို အသုံးပြုပြီး နှစ်သက်ရာ လူမှုဖူလုံရေးရုံး၊ ဆေးရုံ၊ ဆေးခန်းများမှတစ်ဆင့် ကြည့်ရှုခွင့်၊ သိရှိခွင့်ရရှိအောင် တစ်ဆင့်ပြီး တစ်ဆင့် ကြိုးပမ်းသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ e-Government စနစ်ကို အကောင်အထည်ဖော်သည့်နေရာတွင် လူမှုဖူလုံရေးအဖွဲ့မှ အရေးကြီးသည့် ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း၊ ပထမဦးဆုံးအနေဖြင့် မိမိဝန်ကြီးဌာနတွင်ရှိသည့် အာမခံအလုပ်သမားဖြစ်ကြသည့် ဝန်ထမ်းများ၏ ကိုယ်ရေးအချက်အလက်များ ထည့်သွင်းခြင်း၊ ကတ်ပြားများ ထုတ်ပေးခြင်းကို ပြုလုပ်သွားပြီး တစ်ဆင့်ပြီးတစ်ဆင့် ကျန်ဝန်ကြီးဌာနများမှ အာမခံအလုပ်သမားများဖြစ်ကြသည့် ဝန်ထမ်းများအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

တစ်ပြိုင်နက်တည်းတွင် နိုင်ငံတစ်ဝန်းလုံး၌ရှိသည့် ပုဂ္ဂလိက၊ သမဝါယမ၊ အစိုးရစက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများမှ အာမခံအလုပ်သမားများကိုလည်း အချက်အလက်များ ထည့်သွင်းခြင်းနှင့် အာမခံကတ်ပြားများ ထုတ်ပေးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

e-Government လုပ်ငန်းများ အကောင်အထည်ဖော်သည့်နေရာတွင် ပြုပြင်ပြောင်းလဲမှုသည် အလွန်အရေးကြီးသကဲ့သို့လုပ်ငန်းများ ဆောင်ရွက်သည့်နေရာတွင် ဆောင်ရွက်သူများ အနေဖြင့် နည်းပညာကျွမ်းကျင်မှုသည်လည်း မဖြစ်မနေ လိုအပ်သည့်အတွက် ဝန်ကြီးဌာနအောက်မှ ဝန်ထမ်းအားလုံးသည် မိမိကိုယ်မိမိ အရည်အချင်း ပြည့်ဝအောင် ကြိုးပမ်းကြရန်နှင့် ပြောင်းလဲမှုကို လက်ခံကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် Assembler Computer Co.,Ltd. မန်နေဂျင်းဒါရိုက်တာ ဦးအောင်စိုးမိုးက ကွန်ပျူတာပရိုဂရမ်များ၏ လုပ်ငန်းစဉ်အဆင့်များကို ရှင်းလင်းတင်ပြပြီး ငွေကျပ်သိန်း၆၀နှင့် ကွန်ပျူတာ ၁၅ လုံးကို လည်းကောင်း၊ Trust Link Co.,Ltd.အထွေထွေမန်နေဂျာ ဦးသန်းဦးက လေအေးစက်ရှစ်လုံးနှင့် စားပွဲများကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

**ကြည့်ရှုအားပေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများသည် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ ကိုယ်ရေးအချက်အလက်များ ထည့်သွင်းခြင်း၊ ဓာတ်ပုံနှင့် လက်ဗွေမှတ်တမ်းရယူခြင်း၊ လူမှုဖူလုံရေး အာမခံစိစစ်ရေးကတ်များ စမ်းသပ်ထုတ်လုပ်ခြင်းသရုပ်ပြမှုကို ကြည့်ရှုအားပေးကြသည်။ **(အပေါ်ဓါတ်ပုံ) (သတင်းစဉ်)**

## ဆေးပညာဆွေးနွေးပွဲ ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၇**

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို) အထွေထွေရောဂါကုဆရာဝန်များ အဖွဲ့က ကြီးမှူး၍ အထွေထွေရောဂါ/မိသားစုကျန်းမာရေးစောင့်ရှောက်မှု ဆေးပညာစဉ်ဆက်မပြတ် တိုးတက်ရေး ရည်သန်လျက် ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲ (1st Continuing Professional Development Forum 2013)ကို မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(ဘီ)တွင် ဇန်နဝါရီ ၁၂ရက် (စနေနေ့) မွန်းလွဲ ၁၂ နာရီခွဲမှ ညနေ ၃ နာရီခွဲအထိ ကျင်းပမည်ဖြစ်ရာ မိသားစုကျန်းမာရေးစောင့်ရှောက်မှုဆေးပညာစာတမ်းများ ဆွေးနွေးမည်ဖြစ်ပြီး စိတ်ပါဝင်စားသော ဆရာဝန်များ တက်ရောက်နိုင်သည်။ **(သတင်းစဉ်)**

## မန္တလေး ပြည်ကြီးတံခွန်မြို့နယ် စာအုပ်ဈေးရောင်းပွဲ ကျင်းပမည်

**မန္တလေး ဇန်နဝါရီ ၇**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် လူမှုကူညီရေးအသင်းများ၊ စာပေပညာရှင်များ၊ လူမှုရေးဆောင်ရွက်နေသူများပူးပေါင်း၍ စာပေဟောပြောပွဲ၊ လူမှုရေးအသင်းများ မှတ်တမ်းဓာတ်ပုံပြပွဲ၊ ကာတွန်းပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲများကို ဇန်နဝါရီ ၁၀ ရက်မှ ၁၄ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ပြခန်းဖွင့်ပွဲကို မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် မင်းကြီးရန်အောင်လမ်းရှိ အင်းခရုစေတီဝင်း၌ ဇန်နဝါရီ ၁၀ ရက် နံနက် ၉ နာရီတွင် ဖွင့်လှစ်မည်ဖြစ်သည်။ စာပေဟောပြောပွဲကို ဇန်နဝါရီ ၁၃ ရက်နှင့် ၁၄ရက် ည ၇ နာရီတွင် ကျင်းပမည်ဖြစ်ပြီး ဟောပြောမည့်ပုဂ္ဂိုလ်များမှာ ဆရာကိုလေး(အင်းဝဂုဏ်ရည်)၊ ဆရာချစ်ဦးညို၊ ဆရာ မောင်သာချိုနှင့် ဆရာဦးဘုန်း(ဓာတု)တို့ဖြစ်ကြောင်း သိရှိရသည်။ **(ခင်ခင်ဝင်း-ပညာရေး)**

နိုင်ငံတကာသတင်း

# တရုတ်နိုင်ငံ၌ ဇီဝနည်းပညာကဏ္ဍ အဆင့်မြှင့်တင်မည်

ပေကျင်း ဇန်နဝါရီ ၇

တရုတ်နိုင်ငံ၏ လူဦးရေနှင့် အစားအစာဖူလုံရေး၊ စွမ်းအင်သိုလှောင်ရေး၊ သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေး စသည့်ပြဿနာအရပ်ရပ်ကို ကိုင်တွယ်ဖြေရှင်းနိုင်ရေးအတွက် ဇီဝနည်းပညာလုပ်ငန်းအား အဆင့်မြှင့်တင်လုပ်ဆောင်သွားမည်ဟု တရုတ်အစိုးရက ဇန်နဝါရီ ၆ ရက်တွင် ပြောကြားသည်။

**လိုအပ်**

တရုတ်အစိုးရက ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှုနှစ်ဆ တိုးမြှင့်လာရေးရည်ရွယ်လျက် ဇီဝနည်းပညာစက်မှုလုပ်ငန်းများ အဆင့်မြှင့်တင်ခြင်းဖြစ်သည်ဟု ဆိုသည်။

တိုးတက်လာသော လူဦးရေနှင့်အညီ ကျန်းမာရေးစောင့်ရှောက်မှု၊ စားနပ်ရိက္ခာဖူလုံစိတ်ချရမှု၊ စွမ်းအင်လုံလောက်မှုများအတွက် ဆေးဝါးသစ်များ၊ ကောက်ပဲသီးနှံများ၊ ဇီဝလောင်စာများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာနည်းပညာများ မရှိမဖြစ်လိုအပ်သည်ဟု အဆိုပါစီမံကိန်းမှ အရာရှိများက ပြောကြားသည်။

**ရည်ရွယ်**

၂၀၁၃ ခုနှစ်မှစတင်ကာ ၂၀၁၅ ခုနှစ်အတွင်း ဇီဝနည်းပညာကဏ္ဍမှ နှစ်စဉ်ပျမ်းမျှ ၂၀ ရာခိုင်နှုန်းအထက် ထုတ်လုပ်မှုတိုးတက်ရန် ရည်မှန်းထားသည်ဟုဆိုသည်။

တရုတ်အစိုးရသည် ဇီဝနည်းပညာကဏ္ဍအား ဆန်းသစ်ပြောင်းလဲမှုတိုးမြှင့်ရန် စီစဉ်ထားရှိပြီး ယင်းနည်းပညာ၏ စွမ်းပကားသည် ၂၀၂၀ ခုနှစ်တွင် တရုတ်နိုင်ငံ၏ ကျောထောက်နောက်ခံပင်မလုပ်ငန်းအဖြစ် ရပ်တည်ပေးသွားနိုင်မည်ဟု ယုံကြည်ထားသည်ဟု ဆက်လက်ပြောကြားသွားခဲ့သည်။ **(ဆင်ဟွာ)**

# ဆီးရီးယား၌ တိုက်ပွဲများ ဆက်လက်ဖြစ်ပွား စစ်သွေးကြွများအား စစ်တပ်က ချေမှုန်း

ဒမတ်စကတ် ဇန်နဝါရီ ၇

ဆီးရီးယားနိုင်ငံတွင် အစိုးရစစ်တပ်၏ နိုင်ငံအနှံ့စစ်ဆင်ရေးများအတွင်း နိုင်ငံခြားကျော ထောက်နောက်ခံပြုစစ်သွေးကြွအများအပြားကို သုတ်သင်နိုင်ခဲ့ကြောင်း ပရက်စ်တီဗွီတွင် ဇန်နဝါရီ ၇ ရက်က ဖော်ပြသည်။

**ချေမှုန်းခံရ**

ဒမတ်စကတ်မြို့တော်အနောက်တောင်ဘက် ငါးမိုင်အကွာ ဒါရာဟာမြို့အနီး ဆီးရီးယားတပ်ဖွဲ့ဝင်များနှင့် စစ်သွေးကြွများ ဇန်နဝါရီ ၆ ရက်က ရင်ဆိုင်တိုက်ပွဲအတွင်း စစ်သွေးကြွတချို့ ချေမှုန်းခံရသည်ဟု ဆာနာသတင်းအေဂျင်စီက ထုတ်ပြန်သည်။

အဆိုပါဒါရာဟာမြို့အနီး ကိုအာနှစ်ရှ်မြို့အတွင်း ဆီးရီးယားစစ်တပ်က လက်နက်ကြီးများ အသုံးပြုတိုက်ခိုက်ကြောင်း၊ ကီလိုဂရမ် ၃၀ ရှိ ဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ကြောင်း သတင်း၌ ဖော်ပြသည်။

မြို့တော်အရှေ့မြောက်ဘက် ၁၀ ကီလိုမီတာအကွာရှိ ဒွမ်ဟာမြို့တွင်လည်း နှစ်ဖက်တပ်ဖွဲ့များအကြား တိုက်ပွဲများပြင်းထန်ခဲ့သည်။ ထိုတိုက်ပွဲတွင် သေဆုံးသူ ဒါဇင်ပေါင်းများစွာရှိခဲ့သည်။ အယ်လ်နက်စ်မြို့တွင်း၌လည်း ဆီးရီးယားတပ်များနှင့် စစ်သွေးကြွတို့ တိုက်ပွဲများပြင်းထန်ခဲ့ကြောင်း၊ ထိုတိုက်ခိုက်မှုများတွင် စစ်သွေးကြွဒါဇင်ချီပြီး သေဆုံးကြောင်း သိရသည်။

**သိမ်းဆည်း**

ရန်သူများဘက်မှ လောင်ချာများနှင့် စက်သေနတ်များ အပါအဝင် လက်နက်ခဲယမ်းမျိုးစုံကိုလည်း ဆီးရီးယားစစ်တပ်က လက်ရသိမ်းဆည်းနိုင်ခဲ့ကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။ **(ပရက်စ်တီဗွီ)**

# အမေရိကန်မောင်းသူမဲ့လေယာဉ်များတိုက်ခိုက် ပါကစ္စတန် ၁၂ ဦး အနည်းဆုံး သေဆုံးခဲ့

အစ္စလမ္မာဘတ် ဇန်နဝါရီ ၇

**ပါကစ္စတန်နိုင်ငံ တောင်ဝါဇီရစ္စတန်၌ ဇန်နဝါရီ ၅ ရက်ညက အမေရိကန်တို့၏ မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်မှုကြောင့် အနည်းဆုံး လူ ၁၂ ဦး သေဆုံးသွားကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။** (အပေါ်ပုံ)

အဆိုပါ မောင်းသူမဲ့လေယာဉ်များသည် ၄င်းပြည်နယ်၏ ဘာဒါခရိုင် နေရာသုံးနေရာတွင် ဒုံးကျည် ၁၀ လုံးဖြင့် ပစ်ခတ်ခဲ့သည်။ ယင်းတိုက်ခိုက်မှုကြောင့် လူခြောက်ဦးထက်မနည်း ထိခိုက်ဒဏ်ရာရရှိသွားခဲ့သည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

သေဆုံးသူများသည် စစ်သွေးကြွများသာဖြစ်ပြီး သံသယရှိသော စစ်သွေးကြွများသည် ထိုဒေသကို ပစ်မှတ်ထားတိုက်ခိုက်နေသဖြင့် သေဆုံးသူဦးရေ အဆမတန်မြင့်တက်လာနိုင်ကြောင်း အင်န်ဘီစီသတင်းများက ဆိုသည်။ ပါကစ္စတန်က ၄င်း၏ပိုင်နက်အတွင်း ထိုကဲ့သို့တိုက်ခိုက်နေခြင်းကို ဆန့်ကျင်ကန့်ကွက်ဖွယ်ရှိသည်။

ပါကစ္စတန်ပြည်သူများကလည်း ယင်းကဲ့သို့ တိုက်ခိုက်နေခြင်းမှာ နိုင်ငံ၏အချုပ်အခြာအာဏာကို ချိုးဖောက်ရာကျကြောင်း ရှုမြင်ထားသည်။ ယင်းတိုက်ခိုက်မှုကြောင့် အပြစ်မဲ့အရပ်သားများ သေဆုံးနေကြောင်းလည်း ပါကစ္စတန်တို့က ဆိုသည်။ အမေရိကန်က ထိုသို့တိုက်ခိုက်စေခြင်းသည် သံသယရှိသော စစ်သွေးကြွများကိုသာ တိုက်ခိုက်နေသည်ဟု တုံ့ပြန်ပြောကြားသည်။

၂၀၀၄ ခုနှစ်မှစပြီး အမေရိကန်တို့၏ မောင်းသူမဲ့လေယာဉ်များတိုက်ခိုက်မှုကြောင့် သေဆုံးသူ ၃၀၀၀ ခန့်ရှိသွားပြီဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းရပ်ကွက်များက ပြောကြားသည်။ **(ဆင်ဟွာ)**

# တာလီဘန်ထိပ်တန်းခေါင်းဆောင် အာဖဂန်အရှေ့ပိုင်း၌ ဖမ်းဆီးရမိ

ကဘူးလ် ဇန်နဝါရီ ၇

အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များ ပူးပေါင်းစစ်ဆင်ရေးတစ်ရပ်ပြုလုပ်စဉ်အတွင်း ထိပ်တန်းတာလီဘန်ခေါင်းဆောင်တစ်ဦးကို လက်ရဖမ်းဆီးရမိခဲ့ကြောင်း ဇန်နဝါရီ ၆ ရက်က ပရက်စ်တီဗွီ သတင်းတစ်ရပ်တွင် ဖော်ပြသည်။

မူလပ်ကာဘာအမည်ရှိ အဆိုပါတာလီဘန်ထိပ်တန်းခေါင်းဆောင်တစ်ဦးကို အာဖဂန်အရှေ့ပိုင်း ဂတ်ဇ်နီပြည်နယ် စပင်ဒီကျေးရွာအနီးမှ ဇန်နဝါရီ ၅ ရက်တွင် အာဖဂန်ရဲတပ်ဖွဲ့ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း အစိုးရအရာရှိတစ်ဦးက ထုတ်ပြန်ချက်များတွင် ပြောကြားသည်။

တာလီဘန်ထိပ်တန်းခေါင်းဆောင် ကာဘာသည် ယင်းပြည်နယ်အတွင်း ၂၀၁၁ ခုနှစ် ဒီဇင်ဘာလက တပ်ဖွဲ့ဝင် အနည်းဆုံး ငါးဦးသေဆုံးခဲ့သည့် နေတိုးယာဉ်တန်းစုအား လမ်းဘေးဗုံးခွဲတိုက်ခိုက်ရာတွင် တိုက်ရိုက်ဆက်နွှယ်လျက်ရှိကြောင်း ယင်းထုတ်ပြန်ချက်အရ သိရသည်။ **(ပရက်စ်တီဗွီ)**

# ဖိလစ်ပိုင်မိုးကြောင့် ကျေးရွာများရေနစ်မြုပ်

မနီလာ ဇန်နဝါရီ ၇

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း မြေနိမ့်ပိုင်းရှိ ကျေးရွာပေါင်း ၁၉ ရွာတွင် မိုးများသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမှုများဖြစ်ပေါ်ခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇန်နဝါရီ ၇ ရက်တွင် သတင်းထုတ်ပြန်သည်။

ဇန်နဝါရီ ၆ ရက်က မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြစ်များနှင့် ဆည်မြောင်းများတွင် ရေလျှံမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ နိုင်ငံတောင်ပိုင်း ကိုတာဘာတိုပြည်နယ် စန်တိုဗီးတီးနှင့် နိုရာလာမြို့တို့ရှိ နေရာအစိတ်အပိုင်းအချို့တို့တွင် ရေဘေးဒုက္ခများကြုံတွေ့ခဲ့ကြောင်း ဒေသဆိုင်ရာမြို့ပြကာကွယ်ရေးဌာနက ပြောကြားသည်။ အဆိုပါ မိုးသည်းထန်မှုကြောင့် ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ကိုတာဘာတိုပြည်နယ် နိုရာ လာမြို့တွင် ရပ်ကွက်များနှင့် လယ်ယာမြေ ၇၉ ဟက်တာ ရေနစ်မြုပ်သွားခဲ့သည်ဟု ဆိုသည်။ **(ဆင်ဟွာ)**

# အမေရိကန်တို့ အာဖဂန်နစ္စတန်၌ ဆက်ရှိလျှင် တာလီဘန်တို့စစ်ပွဲဆက်လက်ဆင်နွှဲမည်

ကဘူးလ် ဇန်နဝါရီ ၇

၂၀၁၄ ခုနှစ်ပြီးနောက် အမေရိကန်ဦးဆောင်သည့် မည်သည့်နိုင်ငံခြားတပ်ဖွဲ့ဝင်မဆို အာဖဂန်နစ္စတန်နိုင်ငံအတွင်း ဆက်လက်ထားရှိမည်ဆိုလျှင် တာလီဘန်စစ်သွေးကြွများအနေဖြင့် ရှည်လျားသောစစ်ပွဲတစ်ခု ဆက်လက်ဆင်နွှဲမည်ဟု အဓိဋ္ဌာန်ပြုထားကြောင်း ဒီဇင်ဘာ ၆ ရက်က ပရက်စ်တီဗွီသတင်းတစ်ရပ်တွင် ဖော်ပြပါရှိသည်။

အမေရိကန်နိုင်ငံသည် ၎င်းတို့၏ တပ်ဖွဲ့ဝင်အချို့ကိုဖြစ်စေ သို့မဟုတ် အများအပြားကိုဖြစ်စေ အချိန်အကန့်အသတ်မရှိထားရှိရန်ဆန္ဒရှိလျှင် ယင်းအချိန်ကာလအတွက် အာဖဂန်နစ္စတန်နိုင်ငံအတွင်း စစ်နှင့်ပျက်စီးမှုများ ဆက်လက်ဖြစ်ပေါ်နေမည်ဟုဆိုလိုကြောင်း ဒီဇင်ဘာ ၅ ရက်က ထုတ်ပြန်သည့် တာလီဘန်အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြပါရှိသည်။

၂၀၁၄ ခုနှစ်ပြီးနောက် နိုင်ငံအတွင်းမှ တပ်ဖွဲ့ဝင်များအားလုံး လုံးဝရုပ်သိမ်းသွားရန် ယခင်ကတိပြုထားချက်တစ်ရပ်ရှိသော်လည်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် အာဖဂန်နစ္စတန်နိုင်ငံအတွင်း အမေရိကန်တပ်ဖွဲ့ဝင် ၉၀၀၀ ကျော်အထိထားရှိရန် တောင်းဆိုသည့် အစီအစဉ်များကို ပြင်ဆင်နေကြောင်း ဇန်နဝါရီ ၄ ရက်နှောင်းပိုင်းက သည်ဝေါစထရိဂျာနယ်တွင် ဖော်ပြပြီးနောက် အဆိုပါတာလီဘန်ထုတ်ပြန်ချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းသည် ၂၀၁၄ ခုနှစ်ကုန်ပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင်များ ဆက်ရှိမည့်ကိစ္စ သမ္မတအိုဘားမားနှင့် တွေ့ဆုံဆွေးနွေးရန် အမေရိကန်သို့ သွားရောက်မည်ဖြစ်သည်။ လတ်တလောတွင် အာဖဂန်နစ္စတန်နိုင်ငံအတွင်း တပ်ဖြန့်ချထားသည့် အမေရိကန် တပ်ဖွဲ့ဝင်ပေါင်း ၆၆၀၀၀ ခန့်ရှိသည်။ **(ပရက်စ်တီဗွီ)**

**တင်မောင်လွင်-စုစည်းသည်**


# အထူးလိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူခြင်း

ဖေဖေ မေမေတို့ရဲ့ ချစ်သမီးငယ်လေး မချိုသာခင်(ခ)ဘုံဘုံ (Director, Original Group Co.,Ltd)အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၃ ဖြင့် နိုင်ငံတော်မှပေးအပ်ချီးမြှင့်သော **သုဓမ္မသင်္ဂဟဘွဲ့**ကို ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် အထူးလိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် နိုင်ငံတော်အကျိုး၊ သာသနာတော်အကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ဖေဖေ - ဝဏ္ဏကျော်ထင်စည်သူဦးသာဌေး**
**(Chairman, Original Group Co., Ltd)**
**မေမေ - ဒေါ်ကြည်ခင် (MD, Original Group Co., Ltd)**

# ရွေးကောက်ပွဲ၌ အီလက်တိုရယ်မဲအသာဖြင့် သမ္မတအိုဘားမား ပြိုင်ဘက်ရွှန်နေကိုအနိုင်ယူ

တိုး - ရေးသည်

**လေးနှစ်တစ်ကြိမ်ကျင်းပသည့် အမေရိကန်သမ္မတရွေးကောက်ပွဲမှာ ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၆ ရက်က ပြီးဆုံးခဲ့သည်။ ၁၇၉၂ ခုနှစ်ကစပြီး အမေရိကန်ရွေးကောက်ပွဲများကို ရွေးကောက်ပွဲနှစ်၏ နိုဝင်ဘာလ ပထမပတ်တနင်္လာနေ့အပြီး နောက်တစ်ရက်ဖြစ်သော အင်္ဂါနေ့တွင် ကျင်းပသည်။ ဤအကြိမ် အမေရိကန်ရွေးကောက်ပွဲမှာ ၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၆ ရက် (အင်္ဂါနေ့)တွင် ကျင်းပခဲ့ခြင်းဖြစ်သည်။**

အမေရိကန်ဖွဲ့စည်းပုံအခြေခံဥပဒေအရ အမေရိကန်သမ္မတကို ပြည်သူက တိုက်ရိုက်ရွေးချယ်သည်ဆိုသော်လည်း တကယ်တမ်းတွင် အမေရိကန်ပြည်သူတို့က အမေရိကန် အီလက်တိုရယ်ကောလိပ်ခေါ် သမ္မတရွေးချယ်ရေးအဖွဲ့၏ ကိုယ်စားလှယ်များကို ဆန္ဒမဲပေးရွေးချယ်ပေးရခြင်းဖြစ်သည်။ အီလက်တိုရယ်ကောလိပ်ခေါ် သမ္မတရွေးချယ်ရေးအဖွဲ့က အမေရိကန်ပြည်ထောင်စု၏သမ္မတနှင့် ဒုတိယသမ္မတတို့အတွဲကို ရွေးချယ်ခြင်းဖြစ်သည်။ ဤသည်မှာ ထူးခြားမှုတစ်ရပ်ဖြစ်ပြီး ယင်းကို အမေရိကန်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် (၂) တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ကျင့်သုံးအကောင်အထည်ဖော်ရခြင်းဖြစ်သည်။

အမေရိကန်လို ဒီမိုကရေစီ အမြစ်တွယ်နေသည့်နိုင်ငံတွင် သမ္မတရွေးကောက်ပွဲကို နိုင်ငံသားတိုင်း ကန့်သတ်ချက်အသက်ပြည့်လျှင် ပါဝင်ယှဉ်ပြိုင်ခွင့်ရှိပါသည်။ သို့သော် အဓိကပါတီကြီးနှစ်ရပ်ဖြစ်သော ရီပတ်ဘလီကင်ပါတီနှင့် ဒီမိုကရက်တစ်ပါတီတို့အနက် တစ်ခုခုကို ကိုယ်စားပြုသည့် သမ္မတလောင်းသည်သာ သမ္မတရာထူးကို တက်လှမ်းရယူကာ နိုင်ငံတော်အရေးကို ဆောင်ရွက်ခွင့်ရသည်မှာ အစဉ်အလာတစ်ရပ်ပင်ဖြစ်၍နေပေသည်။

၂၀၁၂ ခုနှစ် အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် လက်ရှိ သမ္မတ အိုဘားမားနှင့် ဒုတိယသမ္မတ ဂျိုးဘိုင်ဒင်တို့က အာဏာရပါတီဖြစ်သော ဒီမိုကရက်တစ်ပါတီကို ကိုယ်စားပြုယှဉ်ပြိုင်ပြီး ရီပတ်ဘလီကင်ပါတီကို ကိုယ်စားပြုယှဉ်ပြိုင်သည့် သမ္မတလောင်းနှင့် ဒုတိယသမ္မတလောင်းတို့မှာ မစ်ရွှန်နေနှင့် ပေါလ်ရိုင်ယန်တို့ဖြစ်ကြသည်။

ဤတစ်ကြိမ် အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် လက်ရှိသမ္မတ ဘားရက်အိုဘားမားနှင့် ဒုတိယသမ္မတ ဂျိုးဘိုင်ဒင်တို့ အနိုင်ရအောင်ပွဲခံကြောင်း ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၆ ရက် ရွေးကောက်ပွဲအပြီး မကြာမြင့်မီမှာပင် တွက်ချက်သိရှိကြေညာပြီးဖြစ်၍ သမ္မတ အိုဘားမားအနေဖြင့် ဒုတိယအကြိမ် သမ္မတသက်တမ်းကို ဆက်လက်တာဝန်ယူရန် သေချာပြီးဖြစ်သည်။

အမေရိကန်နိုင်ငံ၏သမ္မတနှင့် ဒုတိယသမ္မတကိုရွေးချယ်ပေးသည့် အီလက်တိုရယ်ကောလိပ်ခေါ်သမ္မတ ရွေးချယ်ရေးအဖွဲ့၏ ကိုယ်စားလှယ်များက ဆန္ဒမဲပေးရွေးချယ်သည့်မဲများကို ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၆ ရက် အင်္ဂါနေ့က အပြီးအပြတ်ပေးခဲ့သော်လည်းထိုမဲများကိုအမေရိကန်ကွန်ဂရက်တွင် ၂၀၁၃ ခုနှစ်ဇန်နဝါရီ ၄ ရက်(သောကြာနေ့)က တရားဝင်ရေတွက်လိုက်ပြီး နိုဝင်ဘာ ၆ ရက် အမေရိကန်သမ္မတရွေးကောက်ပွဲတွင် သမ္မတအိုဘားမား ပြန်လည်အရွေးခံရကြောင်း တရားဝင်အတည်ပြု ကြေညာလိုက်သည်။

အမေရိကန်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လိုအပ်သဖြင့် အမေရိကန်ကွန်ဂရက်တွင် အီလက်တိုရယ်မဲများကို တရားဝင်ရေတွက်ခြင်းဖြစ်သည်။ သမ္မတရွေးချယ်ရေးအဖွဲ့၏ မဲများကို ရေတွက်လိုက်သည့်အခါ သမ္မတအိုဘားမားက ၃၃၂မဲ၊ ရီပတ်ဘလီကင်သမ္မတလောင်း မစ်ရွှန်နေက ၂၀၆ မဲ အသီးသီးရရှိကာ သမ္မတအိုဘားမားအနိုင်ရသွားခြင်းဖြစ်သည်။ သမ္မတ

ရာထူးရရှိရန် အီလက်တိုရယ်မဲအရေအတွက် ၂၇၀ ရရှိရမည်ဖြစ်သည်။ ယခုတော့ သမ္မတအိုဘားမားမှာ လွတ်လွတ်ကျွတ်ကျွတ်အနိုင်ရသွားခြင်းဖြစ်သည်ဟု ဆိုရမည်ဖြစ်ပါသည်။

အီလက်တိုရယ်မဲများ အမေရိကန်ကွန်ဂရက်၌ ရေတွက်ရန်အတွက် ဒုတိယသမ္မတ ဂျိုးဘိုင်ဒင်သည် အထက်နှင့် အောက်လွှတ်တော်နှစ်ရပ်ပေါင်း ပူးတွဲအစည်းအဝေးတွင် သဘာပတိအဖြစ် ဆောင်ရွက်ရသည်။ အမေရိကန်ဒုတိယသမ္မတသည် ဆီးနိတ်ခေါ် အမေရိကန်အထက်လွှတ်တော်၏ ဥက္ကဋ္ဌလည်းဖြစ်သည်။ ရွေးချယ်တင်မြှောက်ခံရသည့် သမ္မတနှင့် ဒုတိယသမ္မတတို့သည် လာမည့်လေးနှစ်သက်တမ်းကို ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် စတင်တာဝန်ထမ်းဆောင်ကြရမည်ဖြစ်သည်။ ထို့ကြောင့်သမ္မတ အိုဘားမားနှင့် ဒုတိယသမ္မတ ဂျိုးဘိုင်ဒင်တို့သည် ပြန်လည်အရွေးခံရသည့် ဒုတိယသက်တမ်းကို လာမည့် ဇန်နဝါရီ ၂၀ ရက်တွင် စတင်ကြရပေတော့မည်။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်သူတို့က အီလက်တိုရယ်ကောလိပ်ခေါ် သမ္မတရွေးချယ်ရေးအဖွဲ့ဝင်များကို ပဏာမရွေးချယ်ပေးရပြီး သမ္မတရွေးချယ်ရေးအဖွဲ့ဝင်များကသာ အမေရိကန်သမ္မတနှင့် ဒုတိယသမ္မတကို ရွေးချယ်ပေးခြင်းဖြစ်သည်။

သမ္မတ ရွေးချယ်ရေးအဖွဲ့ဝင်ဦးရေမှာ ကိုလံဘီယာခရိုင်မှ အမတ်သုံးဦး၊ ပြည်နယ်တိုင်းမှ အထက်လွှတ်တော်(ဆီးနိတ်) အမတ်များနှင့် အောက်လွှတ်တော်အမတ်များဦးရေနှင့် ညီမျှသည့် အရေအတွက်ပင်ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ လက်ရှိသမ္မတ အိုဘားမားအနေဖြင့် ဒုတိယလေးနှစ်သက်တမ်း သမ္မတတာဝန်ဆက်ယူရန် ဤလကုန်ပိုင်းတွင် ထပ်မံ၍ကျမ်းသစ္စာကျိန်ဆို ရာထူးဆက်ခံရဦးမည်ဖြစ်ပါကြောင်း။ ။

## ဂါနာယာယီသမ္မတ ဂျွန်မာဟာမာ သမ္မတအဖြစ် ကျမ်းသစ္စာဆိုမည်

ဂါနာနိုင်ငံယာယီသမ္မတ ဂျွန်မာဟာမာသည် ပြီးခဲ့သည့်လက အငြင်းပွားဖွယ် ရွေးကောက်ပွဲအနိုင်ရပြီးနောက် ကျမ်းသစ္စာကျိန်ဆိုမည်ဖြစ်သည်။ ဇူလိုင်လက ယာယီသမ္မတအဖြစ် တာဝန်ထမ်းဆောင်နေသော မစ္စတာမာဟာမာသည် ကျမ်းသစ္စာကျိန်ဆိုပွဲမတိုင်မီ နိုင်ငံအားစည်းလုံးညီညွတ်ကြရန် ဆော်ဩလိုက်သည်။ ၎င်းသည် ဇူလိုင်လက သမ္မတဂျွန်အတ္တာမေးလ် ရုတ်တရက်ကွယ်လွန်ခဲ့ပြီးနောက် ဒုတိယသမ္မတရာထူးမှတက်၍ ယာယီသမ္မတအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

## အာဖဂန်နစ္စတန်မှ ကန်တပ်ဖွဲ့ဝင် ၉၀၀၀ ထွက်ခွာမည်

အာဖဂန်နစ္စတန်နိုင်ငံတွင် ၂၀၁၄ ခုနှစ်ကုန်လျှင် အမေရိကန်တပ်ဖွဲ့ဝင် နည်းနိုင်သမျှနည်းအောင် လျှော့ချသွားမည်ဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်ကို ဝေါလ်စထရိသတင်းစာက သတင်းဖော်ပြသည်။ ပင်တဂွန်က အာဖဂန်မှတပ်ဖွဲ့ဝင် ၃၀၀၀၊ ၆၀၀၀ သို့မဟုတ် ၉၀၀၀ အထိ လျှော့ချသွားရန်စီစဉ်ထားကြောင်း အေအက်စ်ပီသတင်းတွင် ဖော်ပြထားသည်။ ၂၀၁၄ ခုနှစ်နောက်ပိုင်း အာဖဂန်နစ္စတန်နိုင်ငံ၌ အမေရိကန်တပ်ဖွဲ့ဝင် ၆၀၀၀ မှ ၂၀၀၀၀ ခန့်သာ ရှိနိုင်ကြောင်း နယူးယောက် တိုင်း(မ်)တွင် ဖော်ပြသည်။

## ယီမင်တိုက်ခိုက်မှု ဆော်ဒီငြင်းဆို

ယီမင်နိုင်ငံအတွင်း အမေရိကန်တို့၏ လေကြောင်းတိုက်ခိုက်မှုများအတွင်း ဆော်ဒီအာရေဗျလေတပ်ကို အသုံးပြုခဲ့သည်ဟု ဆိုခြင်းအပေါ် ဆော်ဒီအာရေဗျနိုင်ငံက ငြင်းဆိုထားသည်။ ဆော်ဒီအာရေဗျ ဂျက်တိုက်လေယာဉ်များသည် ယီမင်ရှိအယ်လ်ကေဒါများကို ပစ်မှတ်ထားတိုက်ခိုက်ရာတွင် ပါဝင်ခြင်းမရှိကြောင်း ဆော်ဒီအာရေဗျနိုင်ငံခြားရေးဝန်ကြီး ဆော့အယ်လ်ဖိုင်ဆယ်က ဇန်နဝါရီ ၅ ရက်တွင် ပြောကြားလိုက်သည်။ “ဒါဟာ သတင်းအမှန်မဟုတ်ပါဘူး” ဟု ၎င်းက ရီးယာ့ဒ်မြို့၌ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားလိုက်သည်။

ယီမင်နိုင်ငံအတွင်း အမေရိကန်တို့၏ မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှုတွင် ဆော်ဒီအာရေဗျလေတပ်က ပါဝင်ဆောင်ရွက်ခဲ့ကြောင်း အမေရိကန်ထောက်လှမ်းရေးသတင်းရပ်ကွက်ကို ကိုးကားလျက် ဗြိတိသျှတိုင်း(မ်)သတင်းစာက ဇန်နဝါရီ ၄ ရက်တွင် ဖော်ပြထားသည်။

မြင့်မောင်စိုး - စုစည်းသည်

# လမ်းလျှောက်လေ့ကျင့်ခန်းပြုလုပ်သည့် အမျိုးသမီးများ လေဖြတ်လေဖြန်းခံရမည့်ဘေးမှ သက်သာစေနိုင်

သီတင်း ရက်သတ္တပတ်တိုင်းတွင် အနည်းဆုံး သုံးနာရီကြာမျှ လမ်းလျှောက်လေ့ကျင့်ခန်းပြုလုပ်သည့် အမျိုးသမီးများသည် လေ့ကျင့်ခန်းမလုပ်သည့် အမျိုးသမီးများထက် လေဖြတ်နိုင်ခြေ နည်းပါးကြောင်း စပိန်သုတေသနပညာရှင်များက ဖော်ထုတ်တင်ပြသည်။

ပုံမှန်အပန်းဖြေကိုယ်လက်လှုပ်ရှားမှုများသည် ကျန်းမာရေးကောင်းမွန်စေခြင်းကို အကျိုးပြုလျက်ရှိကြောင်းစပိန်နိုင်ငံ မူဟာစီရာဒေသဆိုင်ရာ ကျန်းမာရေး တာဝန်ခံနှင့် ယခုကျန်းမာရေးဆောင်းပါးကို ဦးစီးရေးသားသူ ဂျိုစေးမာရီယာက ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။

ကာယကြံ့ခိုင်ရေး လှုပ်ရှားမှုများသည် လေဖြတ်မည့်ဘေးအန္တရာယ်ကို နည်းပါးစေနိုင်ကြောင်း ယခင်သုတေသနပြုချက်များအရ တွေ့ရှိထားပြီးဖြစ်သည်။ ဦးနှောက်ရှိ သွေးကြောများပေါက်ခြင်းနှင့် သွေးခဲခြင်းများကြောင့် လေဖြတ်ခြင်းဖြစ်ရသည်။

သီတင်းပတ်တစ်ပတ်အတွင်း မိနစ် ၂၁၀ ကြာ လမ်းသွက်သွက်လျှောက်သောအမျိုးသမီးများသည် ကိုယ်လက်လှုပ်ရှားမှုမရှိသော အမျိုးသမီးများထက် လေဖြတ်ခြင်းနည်းပါးကြောင်း၊ ဂျိုစေးမာရီယာဦးစီးသောအဖွဲ့က သုတေသနပြုလုပ်ခဲ့သည်။ ထို့ပြင် စက်ဘီးစီးခြင်းနှင့် ပြင်းထန်သည့် ကာယလေ့ကျင့်ခန်းများ နာရီအနည်းငယ်ကြာ ပြုလုပ်သူများတွင် လေဖြတ်နိုင်ခြေ ပိုမိုနည်းပါးသည်ဟု ၎င်းတို့အဖွဲ့က ဆိုသည်။

ဥရောပကင်ဆာဆိုင်ရာ ကျန်းမာရေးစီမံကိန်း၏ လုပ်ငန်းတစ်ရပ်အနေဖြင့် ၁၉၉၀ ခုနှစ် နှစ်လယ်ကာလများအတွင်း အမျိုးသား အမျိုးသမီး စုစုပေါင်း ၃၃၀၀၀ နီးပါးကို ကိုယ်ကာယလေ့ကျင့်မှုဆိုင်ရာ ကျန်းမာရေးစာရင်း ကောက်ယူပြုစုခဲ့သည်။ ထိုစာရင်းပါ အချက်အလက်များမှ လေ့ကျင့်ခန်းအမျိုးအစားနှင့် သီတင်းတစ်ပတ်တွင် လေ့ကျင့်ခန်း ပြုလုပ်သည့် အချိန်တို့ကိုပြုစု၍ အုပ်စုခွဲကာ ဂျိုစေးမာရီယာအဖွဲ့က သုတေသနပြုလုပ်ခဲ့သည်။

၁၂ နှစ်တာကာလရှည် စောင့်ကြည့်ပြီးနောက် ၎င်းတို့ သုတေသနပြုစုထားသည့်သူများမှ အမျိုးသား အမျိုးသမီး စုစုပေါင်း ၄၄၂ ဦး လေဖြတ်ခဲ့သည်။ အမျိုးသမီးများ လေဖြတ်ခြင်းတွင် ကိုယ်လက်လှုပ်ရှားမှုရှိသူများသည် ကိုယ်လက်လှုပ်ရှားမှု မပြုလုပ်ကြသူများထက် ၄၃ ရာခိုင်နှုန်း လျော့နည်းသည်ကို သုတေသနပြုတွေ့ရှိခဲ့သည်။

မောင်သံဆင့် - ရေးသည်။

# အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်၌ ပေါက်ကွဲမှုဖြစ်ပွားနိုင်

အင်္ဂါဂြိုဟ်မျက်နှာပြင်မှ ရယူလာသော ကျောက်တုံးများကို လေ့လာသုတေသနပြုချက်အရ မကြာမီနှစ်များအတွင်း အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်တွင် ပေါက်ကွဲမှုတစ်ရပ် ဖြစ်ပေါ်နိုင်ကြောင်း အာကာသသိပ္ပံသုတေသနပညာရှင်များက ပြောကြားသည်။

**ပေါက်ကွဲစေနိုင်**

အင်္ဂါဂြိုဟ်မျက်နှာပြင်မှ ကျောက်တုံးများတွင် အပူချိန်မြင့်တက်လျက်ရှိပြီး အင်္ဂါဂြိုဟ်မျက်နှာပြင်အတွင်းပိုင်းတွင် ပြင်းထန်သော အပူလှိုင်းများဖြစ်ပေါ်နိုင်ကြောင်း၊ ယင်းအပူလှိုင်းများသည် အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်သို့ အရှိန်အဟုန်ဖြင့် ထိုးထွက်ကာ ပေါက်ကွဲမှု တစ်ရပ်ဖြစ်ပေါ်စေနိုင်ကြောင်း ၎င်းတို့က သုံးသပ်ပြောကြားသည်။

အင်္ဂါဂြိုဟ်မျက်နှာပြင်မှ ကျောက်တုံးများသည် လမျက်နှာပြင်မှ ကျောက်တုံးများထက် အပူချိန်မြင့်မားလျက်ရှိပြီး လက်ရှိ အင်္ဂါဂြိုဟ် မျက်နှာပြင်ပေါ်၌ လေ့လာမှုများ ပြုလုပ်နေသော ကျူရီရိုစီတီ လေ့လာရေးယာဉ်မှပေးပို့သော သတင်းအချက်အလက်များအရ အပူလှိုင်းများ ထွက်ပေါ်လျက်ရှိကြောင်းနှင့် ပေါက်ကွဲမှုတစ်ရပ် ဖြစ်ပေါ်နိုင်ကြောင်း သိရှိရသည်။

ထိုသို့ ပေါက်ကွဲမှုဖြစ်ပေါ်လာပါက အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်တွင် ဖွဲ့စည်းဖြစ်တည်မှုအနေအထားအပြောင်းအလဲဖြစ်သွားနိုင်ပြီး သုတေသနလုပ်ငန်းစဉ်များလည်း ထိခိုက်သွားနိုင်ကြောင်း အာကာသသုတေသနပညာရှင် မိုက်ကယ်ဘရစ်တန်က ပြောကြားသည်။

ထိုသို့ အင်္ဂါဂြိုဟ်မျက်နှာပြင်တွင် ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပေါ်ပါက သဘာဝပတ်ဝန်းကျင်အနေအထားလည်း ပြောင်းလဲမှုများဖြစ်ပေါ်သွားနိုင်သည်။ ထို့အပြင် သက်ရှိများ၏ နေထိုင်အသက်ရှင်ခွင့်အပေါ်လည်း ဆိုးကျိုးများဖြစ်ပေါ်သွားစေနိုင်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

အင်္ဂါဂြိုဟ်မျက်နှာပြင်မှ ယူဆောင်လာသော ကျောက်တုံးများ၏ အပူချိန်သည် လက်ရှိ ကျူရီရိုစီတီလေ့လာရေးယာဉ်မှ လေ့လာလျက်ရှိသည့် ကျောက်တုံး၏ အပူချိန်နှင့်တူညီလျက်ရှိသည်။ အင်္ဂါဂြိုဟ်မျက်နှာပြင်အတွင်းပိုင်း၌ သာမာန်ထက် အပူချိန်မြင့်မားနေခြင်းမှာ ပေါက်ကွဲမှုဖြစ်ပေါ်နိုင်သည်အထိ ဦးတည်နေကြောင်း ပြောကြားသည်။

မိုးမြင့်လင်းလက် - ရေးသားသည်။


# အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူခြင်း

ချစ်ညီမလေး မချိုသာခင်(ခ)ဘုံဘုံ (Director, Original Group Co.,Ltd) အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၃ ဖြင့် နိုင်ငံတော်မှပေးအပ်ချီးမြှင့်သော **သုခမ္မသိင်္ဂီဘွဲ့**ကို ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

**မောင်နှမများ -**

**ကိုကိုကြီး - ကိုသက်ဦး(သရုပ်ဆောင် သျှားညို)**

**မမကြီး - ကိုရဲလင်း-မအိအိခင်**

**မောင်လေး - ကိုရှိုင်းသာဒွေး-မနှင်းဝေဝေ**

**(Original Group Co.,Ltd)မိသားစု**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# နေ့စဉ်ကြားနေမြဲ ကြားနေဆဲ အသံ

နေ့စဉ်ရုံးသွားရုံးပြန်၊ အလုပ်သွားအလုပ်ပြန်တိုင်း လိုင်းကားကို အားကိုးအသုံးပြုသွားလာနေကြရသူများအဖို့ "မီးပွိုင့်ဖြတ်မယ်. . ကိုင်ထားကြ. . လိုအပ်ရင် ဘရိတ်သုံးမယ်" ဆိုတဲ့ ယာဉ်နောက်လိုက်တွေရဲ့ ဖော်ပြပါလက်သုံးစကားကို ကိုယ့်ရဲ့ ခရီးစဉ်မဆုံးမချင်း မီးပွိုင့်ဖြတ်ခါနီးတိုင်း၊ မကြားချင်အဆုံး နေ့စဉ်ကြားနေမြဲ ကြားနေဆဲ အမိန့်ပေးသံပဲဖြစ်မယ်ဗျာ။

မိမိစီးနင်းရသည့် တာမွေဘက်မှ ရန်ကုန်ဘက်သို့(ဗညားဒလလမ်း-သိမ်ဖြူလမ်း ကုန်သည်လမ်းအတိုင်း) မောင်းနှင်သည့် ရိုးရိုးလိုင်းကားများနှင့် ရန်ကုန်ဘက်မှ တာမွေဘက်သို့ (မဟာဗန္ဓုလလမ်း-သိမ်ဖြူလမ်း-ဗညားဒလလမ်းအတိုင်း) မောင်းနှင်ကြသည့် ရိုးရိုးလိုင်းကားအားလုံးနီးပါး ယင်းလမ်းကြောပေါ်ရှိ မီးပွိုင့်အားလုံးကိုဖြတ်တိုင်း ဖြတ်တိုင်း ယာဉ်နောက်လိုက်က ခရီးသည်အားလုံးကို ပေးနေကျ၊ ပြောနေကျ မာထန်ထန် စကားလက်ဆောင်လေးဖြစ်ပါတယ်။

တကယ်ဆို. . ရှေ့မှာမီးပွိုင့်ရှိတယ်ဆိုတာကို ယာဉ်မောင်းတိုင်းက သိနှင့်ပြီးဖြစ်ပါတယ်။ မီးပွိုင့်မရောက်ခင် ကတည်းက မီးနီသည်ဖြစ်စေ၊ စိမ်းသည်ဖြစ်စေ၊ မီးဝါသည်ဖြစ်စေ မိမိရဲ့သတိဆင်ခြင်တုံတရားနဲ့ ယာဉ်ကို ဖြည်းဖြည်းခြင်း မီးပွိုင့်ကို မောင်းဝင်၊ မောင်းထွက်ရမှာ ဖြစ်ပါတယ်။ အခုက မီးပွိုင့်ဆိုရင် အတင်းမောင်းဝင်၊ အတင်းမောင်းထွက်၊ အပြိုင်ဝင်၊ အပြိုင်လုထွက်ရမယ့် နေရာတစ်ခုလို့များ သတ်မှတ်ထားသလိုတောင် ထင်ရတယ်။ အထူးသဖြင့် ဗညားဒလလမ်းနှင့် သိမ်ဖြူလမ်းဆုံလမ်းခွ မီးပွိုင့်၊ သိမ်ဖြူဈေးမီးပွိုင့်၊ စိန့်ပေါလ် မီးပွိုင့်၊ ကုန်သည်လမ်းနဲ့ သိမ်ဖြူလမ်းဆုံ မီးပွိုင့်တွေမှာ ယာဉ်မောင်းတိုင်းက အတင်းဝင်၊ အတင်းမောင်းထွက်ချည်း နေ့တိုင်းတွေ့ရတယ်ဗျာ။

ဒါကြောင့်လည်း အဲဒီမီးပွိုင့်နေရာတွေမှာပဲ မကြာခဏဆိုသလို ယာဉ်နဲ့ယာဉ်ချင်း၊ ယာဉ်နဲ့လမ်းပေါ်က ခရီးသည်၊ ယာဉ်နဲ့ ယာဉ်ပေါ်ပါခရီးသည်များ တိုက်မိ၊ ခိုက်မိမှုတွေ၊ အန္တရာယ်ရှိမှုတွေဖြစ်ခဲ့ကြုံခဲ့ပေါင်းများပါပြီ။

မီးပွိုင့်ဖြတ်ခါနီးတိုင်း ယာဉ်မောင်းက အတင်းဝင်၊ အတင်းမောင်းထွက်တော့မှာမို့လို့ ယာဉ်နောက်လိုက်ကလည်း "မီးပွိုင့်ဖြတ်မယ်. . . ကိုင်ထားကြ. . . လိုအပ်ရင် ဘရိတ်သုံးမယ်" လို့ သူတို့သုံးနှုန်းနေကျအတိုင်း ခရီးသည်တွေကိုပြောမြဲဖြစ်တယ်ဗျာ။ တစ်စုံတစ်ခုသော ပြဿနာဖြစ်ခဲ့ရင် သူတို့နဲ့ မဆိုင်သလိုလိုပုံစံနဲ့ မာထန်ထန်လေသံနဲ့ မေတ္တာရပ်ခံသလိုလို ကြိုတင်ပလ္လင်ခံရခြင်းလို့ ဆိုတယ်ဗျာ။

မသွားမဖြစ်သွားရတဲ့ ဒီလိုခရီးလမ်းကြောင်းမှာ ယာဉ်နောက်လိုက်က သတိပေးသော်လည်း မိမိရဲ့အသက်အရှယ်အရ သတိလက်လွတ်ရှိနိုင်တာရယ်၊ နားကမကြားလို့ သတိမမူမိတာရယ်ကြောင့် ဖြစ်ခဲ့ရင် တစ်ချိန်တည်းမှာပဲ ယာဉ်မောင်းက မီးပွိုင့်လွတ်တယ်ထင်ပြီး အတင်းမောင်းဝင်ဖို့ လီဘာတင်မောင်းပြီးခါမှ ရုတ်တရက် မီးနီပြလို့ ဘရိတ်အုတ်လိုက်မိခဲ့ရင် ဘကြီးအောင်တို့လို သက်ကြီးများသာမက ခရီးသည်အားလုံး အနည်းဆုံး ထိခိုက်မှုမှ အများဆုံး အသက်အန္တရာယ်ရှိနိုင်သည်အထိ ကြုံဆုံရမှာသေချာပါတယ်ဗျာ။

ဒါကြောင့် မြို့တွင်းပြေးဆွဲနေသည့် ယာဉ်လိုင်းများမှ ယာဉ်မောင်းအားလုံး မိမိယာဉ်ကို မီးပွိုင့်အဝင်၊ အထွက်တို့၌ သတိနှင့်ဆင်ခြင်ကာ ညင်သာစွာ မောင်းဝင်၊ မောင်းထွက် အလေ့အကျင့်ကောင်းရှိစေလိုကြောင်း ခရီးသည်များအားလုံးကိုယ်စား မေတ္တာရပ်ခံလိုပါတယ်ဗျာ။

ဒါမှလည်း "မီးပွိုင့်ဖြတ်မယ်. . . ကိုင်ထားကြ. . . လိုအပ်ရင် ဘရိတ်သုံးမယ်"ဆိုတဲ့ စကားသံလည်း မာထန်ထန်လေသံကနေ ပုံမှန်မေတ္တာရပ်ခံ လေသံမျိုးလောက် တဖြည်းဖြည်းချင်းဖြစ်လာမယ်လို့ ထင်ပါတယ်။

ဒါ့အပြင် ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်း ထိန်းသိမ်းရေးအဖွဲ့က "သင့်အား သင့်မိဘ၊ ဇနီး၊ သား၊ သမီးများက ဘေးမသီရန်မခဘဲ အိမ်ပြန်လာချိန် စောင့်မျှော်နေကြသည်ကို သတိပြုပါ" ဆိုသည့် ယာဉ်မောင်းအားလုံးအတွက် သတိပေးချက်ကိုပါ သတိပြုပြီး လိုက်နာရမည်ဖြစ်ပါကြောင်း။ ။ **ဘကြီးအောင်**

## အလင်းသစ်စာကြည့်တိုက် ဖျာပုံ အထက(၂)၌ဖွင့်

**ဖျာပုံ ဇန်နဝါရီ ၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ အလင်းသစ်အမည်ရှိ စာကြည့်တိုက်ကို ဇန်နဝါရီ ၅ ရက် နံနက် ၈ နာရီက ဖွင့်လှစ်လိုက်ကြောင်း သိရသည်။

အလင်းသစ်စာကြည့်တိုက် ဖွင့်လှစ်လိုက်ခြင်းကြောင့် အဆိုပါကျောင်းရှိ ကျောင်းသား ကျောင်းသူများသည် မိမိတို့ကျောင်း၌ပင် မိမိတို့ကြိုက်နှစ်သက်ရာ ကာတွန်းရုပ်ပြများအပါအဝင် သုတရသစာအုပ်မျိုးစုံကို ဖတ်ရှုကြရသဖြင့် ဝမ်းသာနေကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** ဖျာပုံမြို့ပေါ်၌ အထက်တန်းကျောင်းသုံးကျောင်းရှိပြီး အထက(၁)နှင့် အထက(၃)တို့၌လည်း သီးသန့်ကျောင်းစာကြည့်တိုက်များရှိကြောင်း သိရှိရသည်။

**သူဇာနွယ်(ဖျာပုံ)**

## ရွှေပန်းမော်တွင် ရေယာဉ် အမြဲဆိုက်ကပ်နိုင်ရေး စီစဉ်ပေးစေလို

**ဗန်းမော် ဇန်နဝါရီ ၇**

ပွင့်လင်းရာသီရောက်လာပြီး ဧရာဝတီမြစ်ရေကျချိန်တွင် ရေယာဉ်များကို ဗန်းမော်မြို့တပ်ကလေးဆိပ်ကမ်းတွင် ဆိုက်ကပ်ရပ်နားနေပြီဖြစ်ကြောင်း သိရသည်။

ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးပိုင်ရေယာဉ်များနှင့် ပုဂ္ဂလိကပိုင်ရေယာဉ်များသည် ဧရာဝတီမြစ်ရေတက်ချိန် ဇူလိုင်လဆန်းမှစတင်၍ မိုးတွင်းကာလအတွင်း ရွှေဗန်းမော်ဆိပ်ကမ်း၌ ဆိုက်ကပ်ရပ်နားကြသဖြင့် ကုန်တင်ကုန်ချနှင့်ပြည်သူအများခရီးသွားလာမှု ပိုမိုအဆင်ပြေကြောင်း ဆိပ်ကမ်းတာဝန်ခံက ပြောပြသည်။

**ဆန္ဒရှိနေ**

ဒီဇင်ဘာလမှစတင်၍ ဧရာဝတီမြစ်ရေလျော့နည်းလာသဖြင့် ယခုအခါ ရွှေဗန်းမော်ဆိပ်ကမ်းနှင့် နှစ်မိုင်ခန့်ဝေးသောတပ်ကလေးဆိပ်ကမ်းတွင်သာ ရေယာဉ်များဆိုက်ကပ်ရပ်နားရသဖြင့် ခရီးသွား ပြည်သူများသဘော်ဆိပ်သို့ သွားလာရန်အခက်အခဲရှိပြီး ကုန်ပစ္စည်းသယ်ဆောင်မှု ကုန်ကျစရိတ်များသဖြင့် ရွှေဗန်းမော်ဆိပ်ကမ်းတွင် ရာသီမရွေး ရေယာဉ်များ ဆိုက်ကပ်ရပ်နားနိုင်ရေး စီစဉ်ဆောင်ရွက်ပေးစေရန် ပြည်သူအများဆန္ဒရှိနေကြကြောင်း သိရသည်။

**ဆီမီးခုံ- နန်းရီ**

## လွတ်လပ်ရေးနေ့ စတုဒိသာပွဲ ကသာ၌ဆင်နွှဲ

**ကသာ ဇန်နဝါရီ ၇**

ကသာမြို့သူ မြို့သား စေတနာရှင်အလှူရှင်များ ပူးပေါင်းစီစဉ်သည့်စတုဒိသာ ထမင်းကျွေးပွဲကို ခရိုင်အားကစားကွင်းအရှေ့တွင် ဇန်နဝါရီ ၄ ရက်နေ့ နံနက် ၈ နာရီမှစတင်၍ ည ၉ နာရီထိ ကျွေးမွေးခဲ့ရာ လူအများစည်ကားသိုက်မြိုက်စွာဖြင့် တပျော်တပါး လာရောက်စားသောက်ခဲ့ကြကြောင်း တွေ့ရသည်။

"ကျွန်တော်တို့ စတုဒိသာထမင်းကျွေးခဲ့တာ ဒီနှစ်နဲ့ဆို သုံးနှစ်ရှိပါပြီ။ ဒီနေ့ နံနက် ၆ နာရီမှာပင့်သံဃာ ၁၃၅ ပါးနဲ့ သီလရှင် ၃၅ ပါးကို နံနက်ဆွမ်းကပ်ပြီး လှူဖွယ်ဝတ္ထုတွေ ဆက်ကပ်ပါတယ်။ နံနက် ၈ နာရီကစပြီး ထမင်းကျွေးတာ ည ၉ နာရီကျမှရပ်တာပါ။ ကျွေးတဲ့ဟင်းတွေက ငါးခြောက်ကြော်၊ ဘိုစားပဲသီးနှပ်ချက်၊ သီးစုံကုလားပဲဟင်းနဲ့ ဂေါ်ဖီထုပ်အချဉ်သုပ်ဖြစ်ပါတယ်။ လွတ်လပ်ရေးနေ့အခမ်းအနား တက်ရောက်တဲ့သူတွေ အိမ်အပြန်မှာ ဝင်ရောက်စားသောက်ကြတာဆိုတော့ စတုဒိသာကျွေးပွဲက စကတည်းက စည်ကားသွားတယ်" ဟု ဦးဆောင်စီစဉ်သူများထဲတွင် ပါဝင်သူ ကိုဇော်(ကုန်စုံဆိုင်)က ပြောကြားသည်။

အဆိုပါစတုဒိသာထမင်းကျွေးပွဲတွင် တန်ဖိုးငွေကျပ် ၄၅ သိန်းခန့် အကုန်အကျခံ ကျွေးမွေးခဲ့ကြောင်း သိရှိသည်။

**စမ်းဦး(ကသာ)**

## ကျောက်မဲ၌ အောက်ဆီဂျင် အခမဲ့ထောက်ပံ့မည်

**ကျောက်မဲ ဇန်နဝါရီ ၇**

ကျောက်မဲမြို့ သမရက္ခိတ စေတနာရှင်များအဖွဲ့က အောက်ဆီဂျင် အခမဲ့ကူညီထောက်ပံ့ရေးဖွင့်ပွဲကို ဇန်နဝါရီ ၄ ရက်က ကျောက်မဲမြို့ အမှတ်(၈)ရပ်ကွက် ရွှေစေတီလမ်းရှိ မိုယ်းကောင်းကျောင်းတိုက်ရှေ့၌ကျင်းပရာ မိုယ်းကောင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဦးတေလာသ၊ အမှတ် (၂) ရပ်ကွက်မှ ဦးကိုလွင်လွင်နှင့် အမှတ် (၈) ရပ်ကွက် အုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

သမရက္ခိတ စေတနာရှင်များအဖွဲ့သည် ချို့တဲ့နွမ်းပါးပြီး အောက်ဆီဂျင်အသုံးပြုရန် လိုအပ်နေသော ဝေဒနာရှင်များအား ကူညီထောက်ပံ့လိုသောရည်ရွယ်ချက်ဖြင့် ဇန်နဝါရီ ၄ ရက်မှ စတင်ကာ အောက်ဆီဂျင်ဘူးကြီး ၁၀ လုံးဖြင့် အခမဲ့ကူညီဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ပရဟိတအဖွဲ့ကို ၂၀၁၁ ဖေဖော်ဝါရီလတွင် အဖွဲ့ဝင် ၇၅ ဦးဖြင့် လူတစ်ဦး တစ်လလျှင် ငွေတစ်ထောင်ကျပ်ဖြင့်မတည်ပြီး လစဉ် ခိုကိုးရာမဲ့ ချို့တဲ့နွမ်းပါးသော အသက် ၆၀ကျော် ဘိုးဘွားများကို အဓိကထားကူညီပံ့ပိုးလျက်ရှိရာ ယခုအခါ အဖွဲ့ဝင်အင်အား ၆၅၀ အထိ ပါဝင်လာပြီး နောင်တွင် ငွေအင်အားအပေါ်မူတည်ပြီး ပညာရေးဖောင်ဒေးရှင်းသို့မဟုတ် ပညာဒါနများအဖြစ် ကူညီထောက်ပံ့သွားရန် ရည်ရွယ်ကြောင်း ယင်းအဖွဲ့ထံမှ သိရသည်။

**မလတ် (ကျောက်မဲ)**

## တိုင်းလိုင်(ရှမ်းနီ) အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီမှ သဘောထားကြေညာချက်ထုတ်ပြန်

**နေပြည်တော် ဇန်နဝါရီ ၇**

ကချင်ပြည်နယ်အတွင်း တပ်မတော်နှင့် ကေအိုင်အေ၊ ကေအိုင်အိုတို့အကြား ဖြစ်ပွားလျက်ရှိသည့် တိုက်ပွဲများအပေါ် တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၇ ရက် ရက်စွဲဖြင့် သဘောထားကြေညာချက်ထုတ်ပြန်ခဲ့သည်။

အဆိုပါသဘောထားကြေညာချက်တွင် တိုင်းလိုင်(ရှမ်းနီ) အမျိုးသားများအနေဖြင့် စစ်ပွဲများကြောင့် ဒုက္ခသည်များအဖြစ်သို့ ရောက်ရှိနေပါကြောင်း၊ ကေအိုင်အေတပ်ဖွဲ့ဝင်များသည် မီးရထား၊ မော်တော်ကားလမ်းများကို ဖောက်ခွဲဖျက်ဆီးခြင်း၊ ရှမ်းနီလူမျိုးများထံမှ ဆက်ကြေးများကောက်ခံခြင်း၊ အတင်းအဓမ္မစစ်သားအဖြစ် စုဆောင်းခြင်း၊ တပ်မတော်နှင့် ရှမ်းရွာသားများအပေါ် အထင်အမြင်လွဲမှားစေရန် ရှမ်းတိုင်းရင်းသားများနေထိုင်ရာ ကျေးရွာများအနီးတွင် မိုင်းထောင်ဖောက်ခွဲခြင်းအပါအဝင် နည်းမျိုးစုံဖြင့် အနိုင်ကျင့် နှိပ်စက်လျက်ရှိကြောင်း၊ ရှမ်းနီပြည်သူများအနေဖြင့် မိမိတို့အပေါ် လူ့အခွင့်အရေးချိုးဖောက်၍ အနိုင်ကျင့်နှိပ်စက်လျက်ရှိသော ကေအိုင်အေတို့၏ အပြုအမူများကို စက်ဆုပ်ရွံရှာလျက်ရှိကြပြီး ငြိမ်းချမ်းရေး အလျင်အမြန်ရရှိရန် ဆန္ဒပြင်းပြလျက်ရှိကြောင်းဖြင့် ဖော်ပြပါရှိပြီး တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီသည် လက်နက်ဖြင့် အနိုင်ကျင့်ဗိုလ်ကျစိုးမိုးသော မည်သည့်အဖွဲ့အစည်း၏ လုပ်ရပ်ကိုမဆို ပြင်းထန်စွာရှုတ်ချကြောင်းနှင့် ကချင်ပြည်နယ်အတွင်း စစ်ပွဲများအမြန်ဆုံးရပ်စဲပြီး ငြိမ်းချမ်းရေးဆွေးနွေးကြရန် တောင်းဆိုကြောင်း အပါအဝင် အချက်(၄)ချက်ပါရှိသည့် ကြေညာချက်ထုတ်ပြန်ခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## မြန်မာ့အလင်းသတင်းစာ ကောလင်းသို့ နေ့ချင်းရောက်ပြီ

**ကောလင်း ဇန်နဝါရီ ၇**

မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့သည် ပုံမှန်အားဖြင့် ကောလင်းမြို့သို့ တစ်ရက်ခြား ရောက်ရှိမြဲဖြစ်သည်။ သို့သော် ဇန်နဝါရီ ၆ ရက်နေ့ထုတ် ယင်းသတင်းစာများသည် ယင်းနေ့ ညနေ ၅ နာရီတွင် ကောလင်းသို့ ထူးခြားစွာနေ့ချင်းရောက်ရှိလာခဲ့သည်။ ထို့ကြောင့် သတင်းစာဖတ်ပြည်သူတို့ အထူးဝမ်းမြောက်ဝမ်းသာရှိနေကြကြောင်း သိရှိရသည်။

ယခင်ခေတ်ပေါင်း၊ နှစ်ပေါင်းများစွာကတည်းက ကောလင်းမြို့သို့ နေ့ချင်းရောက်သောသတင်းစာဟူ၍ မရှိခဲ့ပေ။ သတင်းစာမှန်သမျှတို့သည် ထွက်ရှိပြီးနောက်တစ်ရက်၊ နှစ်ရက်ခြားပြီးမှသာ ရောက်လာစမြဲဖြစ်သည်။ ယခုနှစ်ဝန်းကျင်တွင်လည်း ထို့အတူပင်။ ထို့အပြင် နှစ်ရက်စာ စုပေါင်း၍လည်း ရောက်ရောက်လာလေ့ရှိသည်။ သတင်းစာနေ့ချင်းရောက်သည့် ညနေတွင်ပင် ဝန်ထမ်းသုံးဦးနှင့် တွေ့ဆုံခဲ့ရာ ရထားလမ်းပန်းဆက်သွယ်ရေးအခြေအနေ ကောင်းမွန်လာခြင်းနှင့် သတင်းစာတိုက်၏ အမြန်ဆုံး ဝန်ဆောင်ပေးမှုကြောင့်လည်းဖြစ်နိုင်ကြောင်း၊ နှစ်သစ်ကူးအစီအစဉ်သစ်အနေဖြင့် နေ့စဉ်နေ့ချင်းရောက်လာမည့် အနေအထားမျိုးရှိနိုင်ကြောင်း၊ အထူးဝမ်းသာစရာကောင်းသည်မှာ သတင်းနှင့်ဓာတ်ပုံများ အရောင်အသွေးစုံ၍ ဝေဆာလှပနေသည့်အပြင် ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ၊ သတင်းနှင့်သမိုင်းထူးခြားဖြစ်စဉ်၊ သုတနှင့်ရသစုံ၊ ပုံသဏ္ဌာန်စုံ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ အနုပညာ စသည့် အကြောင်းအရာစုံတို့ပါရှိသဖြင့် အများပြည်သူတို့နှစ်ခြိုက်သဘောတွေ့ကြကြောင်း သိရှိရသည်။

**မိုးနောင် (ကောလင်း)**


## လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူခြင်း

အင်ဒိုနီးရှားနိုင်ငံ၊ ဆူမားတြားကျွန်း၊ ဘရာစာဂီတောင်ပေါ်မြို့တော်၌ ရွှေတိဂုံပုံတူစေတီတော်မြတ်ကြီးအား မတည်လှူဒါန်းတည်ထား ကိုးကွယ်ခဲ့သော ဘုရားဒါယကာကြီး MR. TONGARIODJO ANGKASA (မစ္စတာတွန်ဂါရီယိုဂျိုအန်ကာစာ)၊ အင်ဒိုနီးရှားနိုင်ငံအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၃)ဖြင့် **အဂ္ဂမဟာသီရိသုဓမ္မဇောတဓရဘွဲ့**ကို ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် လှိုက်လှဲစွာ ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူအပ်ပါသည်။

- **ဦးဝင်းဖေ-ဒေါ်ခင်ရွှေကြည် မေတ္တာစင်တာမွေ့ညီအစ်ကိုမောင်နှမများ (စင်ကာပူ)**
- **အဘ ဦးစိုင်းအောင်ထွန်း၊ ဦးသံချောင်း၊ ဦးစံကြည်၊ ဒေါက်တာလှသန်း၊ ဦးအောင်မြတ် (အင်ဒိုနီးရှားနိုင်ငံ ရွှေတိဂုံပုံတူတည်ဆောက်ရေးအဖွဲ့)**
- **အင်ဒိုနီးရှားနိုင်ငံ(STAINLESS STEEL)ပိဋကတ်သုံးပုံတည်ဆောက်ရေးအဖွဲ့**
- **LUMBINI EXPRESS TRADING CO., LTD.**
- **PLANTATION DYNASTY PTE LTD.**
- **THUWANNA GIRI CO., LTD.**


## ပြည်-နေပြည်တော် အမြန်ရထားပေါ်မှ လူတစ်ဦး ပြုတ်ကျသေဆုံး

**တောင်တွင်းကြီး ဇန်နဝါရီ ၇**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကုက္ကိုကုန်းရဲစခန်းတောင်ဘက် တစ်ဖာလုံခန့်အကွာတွင် ပြည်-နေပြည်တော် အမြန်ရထားပေါ်မှ လူတစ်ဦးပြုတ်ကျသေဆုံးကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၄ ရက် မွန်းလွဲ ၁ နာရီခန့်တွင် တောင်တွင်းကြီးမြို့နယ် ကုက္ကိုကုန်းဘူတာရှေ့တွင် လူတစ်ဦး ရထားပေါ်မှ ပြုတ်ကျကြောင်း သတင်းအရ စခန်းမှူး ရဲအုပ်ထွန်းမြင့်အောင်၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်သိန်းတန်၊ သက်သေ ကုက္ကိုကုန်းကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့နှင့်အတူ အခင်းဖြစ်ပွားရာနေရာသို့ သွားရောက်စစ်ဆေးရာ ပြည်-နေပြည်တော် အမှတ်(၁၁၀) ရထားဖြင့် လိုက်ပါလာသူ ကုက္ကိုကုန်းဘူတာကျေးရွာနေ ဦးဇော်ဝင်း (၄၆)နှစ် တောင်သူလုပ်ငန်းလုပ်ကိုင်သူသည် ရထားမောင်းနှင်နေစဉ် ဆင်းရာမှပြုတ်ကျ၍ ဦးခေါင်း၊ ဝမ်းဗိုက်နှင့် ဒူးခေါင်းတို့တွင် ဒဏ်ရာများရရှိကာ ရဲဆေးစာဖြင့် ကုက္ကိုကုန်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစဉ် ရရှိဒဏ်ရာများဖြင့် သေဆုံးသွားခဲ့သည်ဟုဆိုသည်။ ၎င်းသေဆုံးမှုနှင့်ပတ်သက်၍ ဓမ္မတာသေဆုံးခြင်း ဟုတ်မဟုတ် စစ်ဆေးဆောင်ရွက်နိုင်ရန် ကုက္ကိုကုန်းရဲစခန်းက သေမှုသေခင်း အမှတ်စဉ် ၁/၂၀၁၃ ဖြင့် ရေးဖွင့်ပြီး စခန်းမှူးရဲအုပ်ထွန်းမြင့်အောင်က စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရှိရသည်။

**ဟသ်ာ(တောင်တွင်းကြီး)**

ဆောင်းပါးနှင့်မှုခင်း

# စာဆိုရာသီ ဂုဏ်ပြုသည်

ဦးဟန်ညွန့် (ဥပဒေ)

**စာဆိုတော်နေ့**

နတ်တော်လဆန်း ၁ ရက်နေ့ကို မြန်မာနိုင်ငံစာဆိုတော်နေ့အဖြစ် သတ်မှတ်ထားပါ၏။ ၁၃၀၆ ခုနှစ်မှစတင်ပြီး သတ်မှတ်ကျင်းပလာခဲ့ခြင်း ဖြစ်ပါ၏။ ယခုဆိုလျှင် ၆၈ နှစ်ပြည့်ပြီ ဖြစ်ပါ၏။

**စာပေဆုနှင်းသဘင်**

စာဆိုတော်နေ့အား ဂုဏ်ပြုသော အားဖြင့် စာပေဆုနှင်းသဘင်များ ကျင်းပလေ့ရှိပါ၏။ အမျိုးသားစာပေဆုနှင်းသဘင်၊ စာပေဗိမာန်စာမူဆုနှင်းသဘင်၊ ပခုက္ကူ ဦးအုံးဖေစာပေဆု၊ ဆရာဝန်တင်ရွှေ (စာပေဆု)၊ သုတစွယ်စုံ စာပေဆု၊ ထွန်းဖောင်ဒေးရှင်းစာပေဆု၊ ရွှေအမြုတေစာပေဆု. . . စသည်ဖြင့် ဆုအသီးသီး ချီးမြှင့်လေ့ရှိပါ၏။

**သက်ကြီးစာပေပညာရှင်ကြီးများ ကန်တော့ပွဲ**

သက်ကြီးစာပေပညာရှင်ကြီးများကိုလည်း ပူဇော်ကန်တော့လေ့ရှိပါ၏။ နှစ်စဉ်မပျက် ဂါရဝပြုခြင်းဖြင့် စာဆိုတော်ကြီးများအား စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာဖြစ်စေပါ၏။ ငွေကြေး မချမ်းသာငြား စာပေအင်အားကား ကြီးမားလှပါ၏။ စာပေဩဇာဂုဏ်ဒြပ်သည် အတိုင်းအဆမရှိ မြင့်မြတ်လှပါ၏။ သက်ကြီးစာပေပညာရှင်ကြီးများသည် ဝယဝုဒ္ဓိ၊ ဂုဏဝုဒ္ဓိ၊ ပညာဝုဒ္ဓိကြီးမားသူများလည်း ဖြစ်ကြပါ၏။

**စာရေးဆရာ၊ သတင်းစာဆရာ**

စာပေလုပ်သား၊ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်၊ စာရေးဆရာ၊ သတင်းစာဆရာ စသည်ဖြင့် အခေါ်အဝေါ် ဘယ်လိုပြောင်းပြောင်း၊ ခေတ်ကောင်း၊ စနစ်ကောင်းအတွက် အတွေးအခေါ် ကောင်းကောင်းဖြင့် စာကောင်းပေကောင်းတွေကို ရေးကြမည်သာဖြစ်ပါ၏။ ပုံစံအမျိုးမျိုးဖြင့် တင်ဆက်ကြမည်သာဖြစ်ပါ၏။ တိုင်းပြည်နှင့်လူမျိုးကို ချစ်မြတ်နိုးစိတ်၊ နိုင်ငံကို ကာကွယ်လိုစိတ်၊ ကိုယ့်ယဉ်ကျေးမှုကို တန်ဖိုးထားသောစိတ်၊ ကရုဏာစိတ်၊ စေတနာစိတ်၊ လောကကို စောင့်ရှောက်လိုစိတ်၊ ကောင်းမြတ်သောစိတ်များ ကိန်းဝပ်လျက် ပြည်သူ့အချစ်တော်များ ဗီသကြပါ၏။

**စာပေဟောပြောပွဲများ**

စာဆိုတော်နေ့ကို ဂုဏ်ပြုလျက် စာပေဟောပြောပွဲများ၊ စာပေပြိုင်ပွဲများ၊ စကားရည်လုပွဲများ၊ ပြဇာတ်များ၊ ပဒေသာကပွဲများ၊ စာအုပ်ပြပွဲများပါ ကျင်းပလေ့ရှိပါ၏။ စာရေးဆရာ၊ သတင်းစာဆရာများက အတွေ့အကြုံများကို လူထုကြားထဲ ဟောရ၊ ပြောရသည်မှာ မမောနိုင်ပါ။ ရေးစရာတွေများသကဲ့သို့ ပြောစရာတွေ၊ ဟောစရာတွေကလည်း မကုန်မခန်း။ ပင်ပန်းမှုကို ဂရုမထား။ နယ်စုံ၊ မြို့စုံ၊ ဒေသစုံအနှံ့ ခရီးသွား၊ စာပေအင်အားကား ကြီးမားလှပါပေ၏။ အချို့အချို့သော အားနည်းမှုရှိပါသော်ငြား အားနည်းမှုပျောက်၍ စာရေးဆရာ၊ သတင်းစာဆရာများ၏ဂုဏ်သည် ဖြိုးမောက်ပါ၏။ ပြည်သူချစ်ခင်ပါ၏။ ပြည်သူကြည်ညိုပါ၏။ ပြည်သူလေးစားပါ၏။ စာပေဟောပြောပွဲများသည် တစ်ထိုင်တည်းနှင့် စာပေဗဟုသုတ အပြည့်အဝရပါချေ၏။ စာဖတ်ချင်စိတ်၊ စာရေးချင်စိတ်၊ ကဗျာရေးချင်စိတ်တွေ တစ်စတစ်စ ပေါက်ဖွားလာပါ၏။

**စာပေမိသားစုတည်ဆောက်ခြင်း**

စာရေးဆရာ၊ သတင်းစာဆရာကြီးများအား ကြည်ညိုခြင်း၊ စာပေ၏ဂုဏ်ကို လေးစားခြင်းများကြောင့် ကျွန်တော်တို့ မိသားစုသည် စာပေမိသားစုတစ်စုဖြစ်အောင် တည်ထောင်ခဲ့ပါ၏။ ဥပဒေအရာရှိဘဝတွင် အလုပ်များ၍ စာပေအလုပ်ကို အချိန်ပြည့် မလုပ်ခဲ့ရ။ ဝန်ထမ်းစည်းကမ်းများကြောင့် အောင့်အည်းစုစည်းခဲ့သော ဥပဒေရေးရာ အတွေ့အကြုံများ ရှိတန်သရွေ့ရှိခဲ့ပါ၏။ ယခုအငြိမ်းစားယူပြီးမှ (၁) ဥပဒေအတွေး၊ ဥပဒေအရေး စာအုပ်ရေးသားထုတ်ဝေနိုင်ပြီဖြစ်ပါ၏။ (၂) ဖြူစင်သောစိတ်ထားနှင့် တရားဥပဒေစိုးမိုးရေး ဆောင်းပါးပေါင်းချုပ် စာအုပ်ကိုလည်း ဆက်လက်ရေးသားထုတ်ဝေရန်အသင့်ရှိနေပါ၏။ ဇနီး၊ စာရေးဆရာမ ညိုညိုယဉ် (ဒိုက်ဦး) ကလည်း "စုန်ရင်းဆန်ရင်းနှင့် မဂ္ဂဇင်းဝတ္ထုတိုများ" စာအုပ်ကို ၂၀၁၂ ခုနှစ်အတွင်း ရေးသားထုတ်ဝေပါ၏။ သားလတ် ကျော်စွာဟန် (ကဗျာဆရာ၊ မင်းဇင်၊ ဒိုက်ဦး)ကလည်း "ငါ၏ ပင်လယ်ပြင်ဘဝခရီး" ကဗျာများပေါင်းချုပ် စာအုပ်ထုတ်ဝေနိုင်ခဲ့ပြီဖြစ်ပါ၏။ သားကြီး အာကာဟန်(ပုသိမ်)နှင့် သားထွေး ဇေယျာဟန်(ဥပဒေ)တို့ကလည်း စာရေးဆရာများ၊ သတင်းစာ ဆရာများကို ဖိတ်ကြားပြီး အနယ်နယ်အရပ်ရပ် စာပေဟောပြောပွဲများကို ဦးစီးကျင်းပ ကူညီပေးကြပါ၏။ မိသားစုအကြောင်း၊ ကိုယ်ရည်သွေးရန် တင်ပြခြင်းမဟုတ်ရပါ။ စာပေချစ်သော စာပေမိသားစု၏ ကြိုးပမ်းမှုအသေးအမွှားကလေးကို စာပေရာသီမှာ အစီရင်ခံခြင်းသာဖြစ်ပါ၏။ သူများမိသားစုတွေလည်း ဤသို့ တည်ဆောက်စေချင်ပါ၏။ လေးစားကြည်ညိုအပ်သော စာရေးဆရာများအကြောင်း တင်ပြပါရစေ။

**မင်းယုဝေ**

စာရေးဆရာကြီး မင်းယုဝေသည် ယခုနှစ်အတွက် တစ်သက်တာစာပေဆုရရှိပါ၏။ ကျွန်တော်တို့မိသားစု ဂါရဝပြုရှိခိုးပါ၏။ သက်ကြီးစာပေပညာရှင်ကြီးများ ကန်တော့ပွဲသို့ တတ်စွမ်းသမျှအလှူငွေလှူဒါန်းခဲ့ပါ၏။ "မသေမချင်း၊ ကလောင်မချ၊ စာတွေရေးနေမည်"ဟု ဆရာကြီး မင်းယုဝေက ပြောပြသည့်အချိန်တွင် ကျွန်တော် ရင်တွေခုန်နေပါ၏။ ဆရာကြီးမှာ အသက်အရွယ်နှင့်မမျှ စာပေမာန်မာနကင်းစင်၊ ကြည်လင်သော စေတနာရှိသူဖြစ်၍ စာချစ်သူအပေါင်း နှစ်ထောင်းအားရဖြစ်မိတာ အသေအချာပါပဲ။

**ပျဉ်းမနားမောင်နီသင်း**

ကဗျာဆရာ ပျဉ်းမနားမောင်နီသင်းလည်း ယခုနှစ်တွင် ကဗျာ(အမျိုးသားစာပေဆု)ရရှိပါ၏။ ကျွန်တော့်သူငယ်ချင်း မောင်နီသင်းမှာ ကျန်းမာရေးချူချာပါ၏။ နေပြည်တော်သို့ ဆုသွားယူရင်း ရွှင်ရွှင်လန်းလန်းဖြစ်ပါစေကြောင်း ကျွန်တော်တို့မိသားစုက ဆုတောင်းပေးခဲ့ပါ၏။ သူကသူ့ခံစားချက်တွေကို ကဗျာတွေထဲသို့ (ရေနှင့်လောင်းချလိုက်သလို) ကဗျာရေးဖွဲ့ကျွမ်းကျင်သူတစ်ဦးမို့ ချစ်ခင်လေးစားမိခြင်းဖြစ်ပါ၏။ ကဗျာဆုရထိုက်ပါ၏။

**လယ်တွင်းသားစောချစ်**

စာရေးဆရာအသင်း ဥက္ကဋ္ဌကြီးပေမယ့် မာနမကြီး။ ထီးတည်းကြီးမားမားမတ်မတ် အသင်းအတွက်၊ စာရေးဆရာတွေအတွက် ရပ်တည်သူဖြစ်ပါ၏။ တွေ့ရာနေရာမှာ စာပေအတွက် ဟိတ်ဟန်မလုပ် ကြိုးကြိုးကုတ်ကုတ် အလုပ်လုပ်သူဖြစ်ပါ၏။ စာရေးဆရာလူကြီးများဖြစ်ကြသော ချစ်စံဝင်း၊ ချစ်နိုင်(စိတ်ပညာ)၊ မောင်ငြိမ်းသူ(ကြို့ပင်ကောက်)၊ ဆရာမ ကြူကြူသင်းနှင့် ဆရာမမစန္ဒာတို့အားလုံး (အမည်နာမ အားလုံးမဖော်ပြနိုင်ငြား) စာပေအတွက် ဝိုင်းဝန်းနေကြကြောင်း မင်္ဂလာသတင်းများ ထင်ရှားပါ၏။ အခြားအခြားသော စာရေးဆရာ၊ ဆရာမ၊ သတင်းစာဆရာ ဆရာမတွေလည်း ကျန်းမာကြပြီး စာပေအလုပ်လုပ်နိုင်ကြပါစေ။ ရေးစရာ၊ တွေးစရာတွေလည်း လွတ်လွတ်လပ်လပ်ရေးနိုင်၊ တွေးနိုင်ကြပြီမို့ စာဆိုရာသီတွင် ယခုလိုမေတ္တာပို့ရခြင်းဖြစ်ပါ၏။ ဂျာနယ်အသီးသီးလည်း စာပေခရီး ချောမွေ့ပါစေကြောင်း ဆုတောင်းလိုက်ပါ၏။ ပုဂ္ဂလိကသတင်းစာများကိုလည်း ကြိုဆိုလိုက်ပါ၏။

**သင်တန်း**

မျိုးဆက်သစ် လူငယ်တွေအတွက် ဝတ္ထုရေးနည်း၊ ဆောင်းပါးရေးနည်း၊ သတင်းရေးနည်း၊ စာရေးဆရာဖြစ်ချင်အောင်၊ ဖြစ်လာအောင်၊ သတင်းထောက်ဖြစ်လာအောင်၊ ဖြစ်ချင်အောင် သင်တန်းတွေပေးနေကြောင်းလည်း ကြားရပါ၏။ ကြိုဆိုဂုဏ်ပြုလိုက်ပါ၏။ ကျွန်တော်တို့ ငယ်စဉ်က သည်လိုသင်တန်းမျိုး မကြားဖူးပ။ ယနေ့လူငယ်တွေ ကံကောင်းလှသဗျ။ ခေတ်ကြီးကလည်း တိုးတက်၊ လေ့လာ သင်ယူစရာတွေက အများကြီး။ ငိုက်မြည်းနေသူတွေ အိပ်ရာကထကြပေရော့။ စာပေမျိုးဆက်သစ်တွေ မွေးထုတ်ကြရမည်လေ။

**စာဆိုကြီးများ ဂုဏ်ပြုခြင်း**

စာဆိုကြီးများအား ဂုဏ်ပြုသည့် အစီအစဉ်တစ်ရပ် တင်ပြလိုပါသည်။ ယနေ့ထုတ် သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်အသီးသီးတွင် ထင်ရှားခဲ့သော စာဆိုကြီးများ၏ ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ၊ စာပဒေသာများအား ပြန်လည်ဆန်းသစ်ခြင်းကဏ္ဍတစ်ရပ် ထည့်သွင်းစေလိုပါသည်။ ထည့်သွင်းနေဆဲလည်း မြင်ရ၊ ဖတ်ရပါသည်။

ယခုထက် ပိုမိုကျယ်ပြန့်သော ဖော်ပြချက်များ၊ ရုပ်မြင်သံကြားမှ ထုတ်လွှင့်ချက်များဆောင်ရွက်နိုင်လေလေ၊ လူငယ်ပေါက်စများအတွက် စာဆိုများအကြောင်း ပို၍ပို၍ သိရှိ၊ လေးစားဂုဏ်တင်မိမည်ဖြစ်ပါသည်။ သတင်းစာလောက၏ သမိုင်းကြောင်း၊ အကောင်းအဆိုး၊ အကျိုးအပြစ်ကို ဇာစ်ဇာစ်မြစ်မြစ် လေ့လာနိုင်မည်ဖြစ်ပါသည်။ လက်တွေ့ဘဝတွင် သင်ခန်းစာများ ပိုမိုရရှိနိုင်မည် ဖြစ်ပါ၏။

**စာဆိုရာသီ ဂုဏ်ပြုသည်။**

- ဤရာသီသည် စာဆိုရာသီ ဖြစ်ပါသည်။
- စာဆိုကြီးများအား လေးစားစွာ ဂုဏ်ပြုပါသည်။ ဂါရဝပြုပါသည်။
- စာဆိုရာသီ ဂုဏ်ပြုသည်၊ တူညီရှေ့ဆက်၊ ပြည်သူ့အတွက် ဖြစ်ပါကြောင်း။

## ဘဝအမောပြေ

### ဆန္ဒ

**အိမ်ထောင်သက်တမ်း နှစ် ၂၀ ပြည့် အထိမ်းအမှတ်အဖြစ် မင်္ဂလာနှစ်ပတ်လည် မိတ်ဆုံစားပွဲကျင်းပပြီးနောက် ဇနီးဖြစ်သူက ခင်ပွန်းဖြစ်သူအား မေးလေသည်။**

**ဇနီး ။ ။ အိမ်ထောင်သက်တမ်း နှစ် ၂၀ တောင်ရှိခဲ့ပြီနော်။**
ခင်ပွန်း ။ ။ ဟုတ်တယ်။
**ဇနီး ။ ။ သားရော သမီးပါအရွယ်ရောက်ခဲ့ကြပြီ။**
ခင်ပွန်း ။ ။ အင်း။
**ဇနီး ။ ။ နှစ် ၂၀ မြောက်မင်္ဂလာနှစ်ပတ်လည်နေ့မှာ ရှင်ဘာလိုချင်လဲ ပြော. . .။**
ခင်ပွန်း ။ ။ ထူးထူးခြားခြား မရှိပါဘူးကွာ. . .။
**ဇနီး ။ ။ ကဲ. .ရှင် ဆန္ဒတစ်ခုကိုပြောစမ်းပါ။**
ခင်ပွန်း ။ ။ ဘာလဲ. . မင်းက ဖြည့်ဆည်းပေးမလို့လား။
**ဇနီး ။ ။ ဒါပေါ့. . .အမှတ်တရအနေနဲ့လေ. . .။**
ခင်ပွန်း ။ ။ တကယ်လား။
**ဇနီး ။ ။ တကယ်ပေါ့. . .။**
ခင်ပွန်း ။ ။ ဒါဆိုရင် ယောက္ခမတွေကို အမွေခွဲပေးလို့ ပြောပေး။
**ဇနီး ။ ။ "ဘာ"**

**ဝေယံဦး - ရေးသည်**

# ငိုက်ရင်မမောင်းနဲ့၊ မောင်းရင်မငိုက်နဲ့

သတင်းနှင့် ဓာတ်ပုံ-မမ(လားရှိုး)

**လားရှိုး ဇန်နဝါရီ ၇**

အိပ်ငိုက်လိုက်သည့် ကားဆရာကြောင့် ၁၂ ဘီးကားကြီးတစ်စီး လမ်းဘေးရှိ ကျွန်းပင်ကြီးကို ဝင်တိုက်သည့်ဖြစ်ရပ်တစ်ခု ပြီးခဲ့သည့် ဒီဇင်ဘာ ၂၉ ရက်က မန္တလေး-လားရှိုး ပြည်ထောင်စုလမ်းမကြီး သီပေါ-စဉ့်အင်လမ်းပိုင်းတွင် ဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

ဇန်နဝါရီ ၂ ရက် မွန်းလွဲ ၂ နာရီခန့်က ကျွန်းပင်ကြီးကို ခေါင်းဝင်တိုက်ခဲ့သည့် နီဆန်း ၁၂ ဘီးကုန်တင်ကား ကြီးကို စက်ယန္တရားများနှင့် မယူရွှေ့ယူနေသောမြင်ကွင်းကို မြင်တွေ့ခဲ့ရသည်။ ယင်းဖြစ်ရပ်ကြောင့် မန္တလေး-လားရှိုး ပြည်ထောင်စုလမ်းမကြီးပေါ်တွင် နာရီကြာမြင့်စွာ ယာဉ်သွားလာမှုပိတ်ဆို့ခဲ့သည်။ ပိတ်ဆို့ခဲ့သည့် မော်တော်ယာဉ် အများစုသည် မှန်လုံလေအိတ်ကားကြီးများဖြစ်ပြီး ခရီးသည်အများအပြားပိတ်မိနေခဲ့သည်။ ခရီးသည်များသည် နေ့လယ်စာကို ကျောက်မဲ၊ ပန်ပေါင်း အရပ်ရှိ စားသောက်ဆိုင်တန်းများသို့ ရောက်မှစားရမည်ဖြစ်သည်။

ယာဉ်ပိတ်ဆို့မှုဖြစ်သည့် နေရာ၏ လမ်းဘေးဝဲယာတွင် ကျွန်းစိုက်ခင်းများသာရှိသည်။ အခင်းဖြစ်သည့်နေရာတွင် လမ်းသည် ညာဘက်မှ ဘယ်ဘက်သို့ မဆိုစလောက် ဝိုက်သွားသည်။ လမ်းဘေးမှ လုံးပတ် ၁၀ ပေခန့်ရှိသော ကျွန်းပင်ကြီးကို ဝိုက်ပြီး ထုံးသုတ်ထားသဖြင့် ကျွန်းပင်ကိုပိတ်ဖြူပတ်ထားသကဲ့သို့ တွေ့မြင်ခဲ့ရသည်။ ၁၂ ဘီး နီဆန်းဟီးနိုးစိမ်းပြာရောင် မော်တော်ယာဉ်သည် ကျောက်မီးသွေးများတင်ကြောင်း၊ ကားဆရာ အိပ်ငိုက်လိုက်သဖြင့် မဆိုစလောက်လေးဝိုက်နေသည့်လမ်းတွင် ယာဉ်ကိုမထိန်းနိုင်ဘဲ လမ်းဘေးကကျွန်းပင်ကို ခေါင်းနှင့်ဝင်တိုက်ပြီး မော်တော်ယာဉ်သည် လမ်း၏ ညာဘက်ဘေးသို့ တုံးလုံးလဲကျခဲ့ခြင်းဖြစ်ကြောင်း၊ ကားဆရာ ဒဏ်ရာရမရ မသိရသော်လည်း မော်တော်ယာဉ်လဲကျသည့်နေရာမှ ထွက်ပြေးသွားကြောင်း အနားမှာရှိသော ကားဆရာတစ်ဦးက ပြောပြသည်။ ၎င်းက "အခုလဲနေတဲ့မော်တော်ကားရဲ့ယာဉ်မောင်းဟာ ကျွန်တော့်သူငယ်ချင်းပါ။ ကျွန်တော်မောင်းတဲ့ မော်တော်ကားနဲ့ ယာဉ်ပိုင်ရှင်လည်း တစ်ဦးတည်းဖြစ်ပါတယ်"ဟု ပြောပြသည်။ ၁၂ ဘီး နီဆန်းမော်တော်ယာဉ် လဲကျသည့်ဖြစ်စဉ်တွင် သေဆုံးသူမရှိကြောင်းလည်း သိရသည်။ အဓိက အကြောင်းအရင်းမှာ ယာဉ်မောင်း အိပ်ငိုက်သဖြင့် ဖြစ်ရကြောင်း ယာဉ်ပိုင်ရှင်က ပြောပြသည်။

ရှမ်းပြည်နယ်ရှိ ဟိုင်းဝေးသွားလမ်းမကြီးများသည် ယခင်ကကဲ့သို့ ချိုင့်များ၊ ကျင်းများမရှိတော့ဘဲ ကောင်းမွန်သောလမ်းမကြီးများဖြစ်သည့်အပြင် နယ်မြေဒေသအေးချမ်းလုံခြုံပြီဖြစ်သဖြင့် ယာဉ်များ နေ့ညမပြတ် သွားလာနေကြသည့် လမ်းများဖြစ်သည်။ တောင်တက်တောင်ဆင်းများ၊ အကွေ့အဝိုက်များနှင့် လမ်းများဖြစ်သဖြင့် ယာဉ်မောင်းသူအများစုသည် မော်တော်ယာဉ်မောင်းနှင်စဉ် အိပ်မငိုက်အောင် ကွမ်းစားခြင်း၊ သီချင်းဖွင့်ခြင်းတို့ကို လုပ်ဆောင်ကြပြီး အကူယာဉ်မောင်းများလည်း ရှိကြသည်ဟု သိရသည်။

ထို့ကြောင့် ခရီးသည်များများတင်ဆောင်လာမည့် ယာဉ်မောင်းများသည် တောင်တက် တောင်ဆင်းလမ်းများတွင် အိပ်မငိုက်ရန် အထူးလိုအပ်သည်။ ထို့အပြင် အရက်သေစာသောက်စားပြီး ယာဉ်မောင်းခြင်းမျိုးကို မပြုလုပ်သင့်ကြောင်း ခရီးသည်တစ်ဦးက ပြောကြားသည်။ မည်သို့ပင်ဖြစ်စေ ဟိုင်းဝေးလမ်းမကြီးများပေါ်တွင် သွားလာနေကြသည့် ခရီးသည်များသည် ယခုကဲ့သို့ ယာဉ်ကြောပိတ်ဆို့မှုဖြစ်သဖြင့် အချိန်နောက်ကျသည့်အပြင် နေ့လယ်စာစားရန် နောက်ကျခဲ့ရကြောင်း မူဆယ်-ရန်ကုန် ခရီးသည်တစ်ဦးက ဆိုသည်။ (၁၇၇)

# သုံးခွတွင် ကားနှင့်ဆိုင်ကယ်တိုက်မိ တစ်ဦးသေဆုံး

**သုံးခွ ဇန်နဝါရီ ၇**

သုံးခွမြို့တွင် ဇန်နဝါရီ ၅ ရက် ည ၇ နာရီခန့်က ကားနှင့်ဆိုင်ကယ်တိုက်မှုကြောင့် လူတစ်ဦးသေဆုံးကြောင်းသတင်းအရ အခင်းဖြစ်ပွားရာ သုံးခွမြို့ အနောက်ဘက် ကမ်းတံတားအဆင့် (အရှေ့ဘက်) ထိပ်၊ အမှတ် (၁၂) ရပ်ကွက်တွင် သုံးခွမြို့ အမှတ် (၉) ရပ်ကွက် ဗန္ဓုလလမ်းနေသူ ဦးနေဝင်း ၅၅ နှစ် (ဘ) ဦးဆောင်၊ အနောက်ဘက်မှ အရှေ့ဘက်သို့ မောင်းနှင်လာသော ဒရင်းအမျိုးအစား ၁၄ယ/----နှင့် ယာဉ်မောင်း ဦးဝင်းမောင် ၃၈ နှစ် (ဘ)ဦးငွေလှိုင် အမှတ် (၁၁) သစ္စာလမ်း (၁၁) ရပ်ကွက် ရန်ကင်းမြို့နယ်နေသူ အရှေ့မှအနောက်ဘက်သို့ မောင်းနှင်လာသော ဒိုင်နာအဖြူရောင် ၈၉/----တို့တိုက်မိရာ ဆိုင်ကယ်မောင်းနှင်သူ ဦးနေဝင်း၏ နှာခေါင်းမှ သွေးထွက်ဒဏ်ရာ၊ မျက်လုံးအောက်ပေါက်ပြဲဒဏ်ရာ၊ နဖူးပေါက်ပြဲဒဏ်ရာ၊ ရင်ဘတ်ပွန်းပဲ့ဒဏ်ရာများဖြင့် သုံးခွဆေးရုံသို့ ရောက်ရှိစဉ် သေဆုံးသွားခဲ့သည်။

ယာဉ်ကိုမဆင်မခြင်မောင်းနှင်သူ ဦးဝင်းမောင်(ဘ)ဦးငွေလှိုင်ကို သုံးခွမြို့နယ်ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။ (၀၂၈)

**မြန်မာ့မီးရထား အင်ဂျင်နီယာမှူး (မြို့ပြ) တိုင်းအမှတ် (၅)တောင်ငူ ဦးဆောင်မှုဖြင့် အငယ်တန်းအင်ဂျင်နီယာ-၁(သံလမ်း) တပ်ကုန်းနယ်အဖွဲ့မှ ရန်ကုန်-မန္တလေး လမ်းပိုင်း ကျည်တောင်ကန်-အင်းကုန်းဘူတာအကြားတွင် ရထားလမ်းပိုင်းများ ကြံ့ခိုင်ကောင်းမွန်ရေးအတွက် သံလမ်းဆက်အကွာအဝေး 4M အကွာညှိခြင်း၊ အဆက်နေရာ ဇလီဖားတုံးများလဲလှယ်ခြင်း၊ ကွေ့ဒီဂရီမှန်အောင်ပြုပြင်ခြင်း၊ လမ်းမပက်ကင်ရိုက်ခြင်း၊ လမ်းခင်းကျောက်အပြည့်ထည့်ခြင်း၊ ပေ (၂၀) တံတားနှင့် တံတားကြီးများ အဝင်/အထွက် ချဉ်းကပ်လမ်းပြုပြင်ခြင်းများအား ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၄ ရက်နေ့က မိုင်တိုင်အမှတ် (၂၄၆/၂၂) နှင့် (၂၅၀/၁၉)ကြား ရွှေမြို့-ဆင်သေ အဆန်လမ်း ပြီးစီးမှုအခြေအနေကို တွေ့မြင်ရစဉ်။** (၁၆၂)

# ရထားခုတ်မောင်းလာစဉ် လမ်းဖြတ်ကူးသူ ရထားတိုက်မိ

**နောင်ချို ဇန်နဝါရီ ၇**

ဇန်နဝါရီ ၆ ရက် ၁ နာရီ ၃၅ မိနစ်က ရှမ်းပြည်နယ်(မြောက်ပိုင်း ) နောင်ချိုမြို့ အရှေ့ဘက် မန္တလေး-လားရှိုး မီးရထားလမ်း နောင်ချိုဘူတာ ဂုတ်ထိပ်ဘူတာအကြား မိုင်တိုင်အမှတ် ၄၅၆/၄၅၇ အကြား မီးရထား လားရှိုး-မန္တလေး အမှတ် ၁၃၂ အစုန်ရထားခုတ်မောင်းလာစဉ် လမ်းဖြတ်ကူးသူ ကိုမြင့်ဦး အသက် ၄၂ နှစ် (ဘ)ဦးမြင့်တင် ဈေးရပ်ကွက် နယ်မြေ (၁) နေထိုင်သူအား တိုက်မိခဲ့သည်။

ရထားတိုက်ခံရသူ ဦးမြင့်ဦးမှာ ခါး၊ ခြေထောက်၊ လက်တို့တွင် ဒဏ်ရာရရှိပြီး လမ်းဘေးတွင် လဲကျနေစဉ် တာဝန်သိပြည်သူတစ်ဦးက သတင်းပေးပို့ခဲ့ရာ နောင်ချိုရဲတပ်ဖွဲ့ စခန်းမှ ဒုရဲအုပ်သက်ထွန်းဇော်၊ ဒုရဲအုပ်မင်းနိုင်၊ စေတနာမွန် လူမှုကူညီရေးအသင်းတို့က ဆေးရုံသို့ တင်ပို့ပေးကြသည်။ (၀၆၁)

မီးပိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ

## ပြည်တွင်းသတင်း

**✻ ရှေ့ဖုံးမှ**

ထို့နောက် ဘုရားကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့ နံနက် ၉နာရီခွဲတွင်ရောက်ရှိပြီး ဘုရားကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းအတွက် ဆင်းရဲနွမ်းပါးပညာသင်ဆု ငွေပဒေသာပင်စိုက်ထူခြင်း အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က အမှာစကားပြောကြားပြီး ဆင်းရဲနွမ်းပါး ပညာသင်ဆု ငွေပဒေသာပင်အတွက် ငွေကျပ်သိန်းတစ်ရာကို ငွေပဒေသာပင် အုပ်ချုပ်ရေးကော်မတီဝင်နှစ်ဦးတို့ထံ ပေးအပ်လှူဒါန်းရာ ဘုရားကြီးကျေးရွာ ရပ်မိ ရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် စိုက်ထူလှူဒါန်းခဲ့သော ဆင်းရဲနွမ်းပါးပညာသင်ဆု ငွေပဒေသာပင်တို့အား အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် ပညာသင်ကြားမည့်သူ၊ အစိုးရထောက်ပံ့ကြေး (သို့မဟုတ်) အခြားပညာသင်ထောက်ပံ့ကြေး မရရှိသူ၊ မိဘမဲ့နှင့် မိမစုံ ဖမစုံများ၊ မသန်စွမ်းသောကလေးများ၊ ၎င်းထောက်ပံ့မှုကိုမရရှိပါက ပညာသင်ကြားမှုရပ်ဆိုင်းမည့်သူများနှင့် ကျောင်းနေနိုင်သော်လည်း ချို့တဲ့လွန်းသော ကျောင်းသား ကျောင်းသူများကို ထောက်ပံ့ရန်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အရန်ဆန်ဝယ်ယူရေး ညှိနှိုင်းအစည်းအဝေးတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# လမ်း/တံတား တည်ဆောက်ရေးလုပ်ငန်းများ ရောဝတီတိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်

**နေပြည်တော် ဇန်နဝါရီ ၇**

ရန်ကုန်-ညောင်တုန်း-စက္ကော့-ဓနုဖြူလမ်းတစ်လျှောက် လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ ညောင်တုန်း-စက္ကော့လမ်းပိုင်း မိုင်တိုင်(၃/၀)နှင့် (၃/၁)ကြား ကျောက်ခင်းခြင်း၊ ကတ္တရာထပ်ပိုးလွှာ တင်ခြင်းဆောင်ရွက်နေမှု၊ ဓနုဖြူ-ကျုံပျော်လမ်းပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ မိုင်တိုင် (၅/၀)နှင့်(၅/၁)ကြား အကျော်တံတားတည်ဆောက်နေမှုနှင့် ချဉ်းကပ်လမ်းဆောင်ရွက်နေမှု၊ မိုင်တိုင် (၈/၇)နှင့် (၉/၀)ကြား ကျုံတနော်တံတားတည်ဆောက်နေမှု၊ မိုင်တိုင်(၁၄/၀)နှင့် (၁၄/၁)ကြား ကျုံတနီးတံတားတည်ဆောက်ပြီးစီးမှုနှင့် တံတားချဉ်းကပ်လမ်းနှစ်ဖက် မြေကြီးလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် ဇန်နဝါရီ ၆ ရက်တွင် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** **(သတင်းစဉ်)**

**❀ ကျောဖုံးမှ**

ယင်းနောက် အရန်ဆန်ထားရှိရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးချစ်ခိုင်က အရန်ဆန်ဝယ်ယူရေးနှင့် ပတ်သက်၍ လည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းက ပြည်တွင်းပြည်ပ ဈေးကွက်ရရှိပြီး တွက်ခြေကိုက်သည့် စပါးသီးနှံမျိုးကွဲများ ရွေးချယ်စိုက်ပျိုးခြင်းနှင့် မျိုးကောင်း မျိုးသန့် မျိုးပွားဇုန်များ တည်ထောင်ရေးတို့နှင့်ပတ်သက်၍ လည်းကောင်း၊ တက်ရောက်လာကြသူများက အထွေထွေ ကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ယနေ့အစည်းအဝေးသို့ အရန်ဆန်ထားရှိရေး ကြီးကြပ်မှုကော်မတီဝင်များ၊ ဆန်စပါးကုန်သည်ကြီးများ၊ လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒဂုံဏသီရိမြို့နယ်မှ တောင်သူလယ်သမားများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပိုးကော်ဇံစာကြည့်တိုက်ဖွင့်ပွဲ စလင်းမြို့နယ်၌ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ပေါင်းပင်းဇင်းရပ်ကွက်ရှိ ဖိုးကော်ဇံ စာကြည့်တိုက်ဖွင့်ပွဲကို ဇန်နဝါရီ ၆ ရက် နံနက် ၉ နာရီတွင် အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ အလှူရှင်အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က စာကြည့်တိုက်ဆောက်လုပ်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စာကြည့်တိုက် အလှူရှင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်မိသားစုက စာကြည့်တိုက်ဆောက်လုပ်မှုဆိုင်ရာ စာရွက်စာတမ်းများကို တိုင်းဒေသကြီးပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်လတ်ထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာနမှလှူဒါန်းသော ငွေကျပ် ၉၉၉၇၅၀ တန်ဖိုးရှိ သုတ/ရသ စာအုပ် ၈၆၉ အုပ်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေက လည်းကောင်း၊ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းက ပရိဘောဂပြုလုပ်ရန်အတွက် ငွေကျပ် ၅၀၀၀၀၀ နှင့် ငွေကျပ် ၃၀၀၀၀၀ တန်ဖိုးရှိ စာအုပ်မျိုးစုံတို့ကို ဖောင်ဒေးရှင်းဒုတိယဥက္ကဋ္ဌ ဦးညွန့်ဆွေကလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က လက်ခံပြီး အလှူရှင်များ လှူဒါန်းကြသည့် စာကြည့်တိုက် ငွေပဒေသာပင်၊ ပရိဘောဂနှင့် စာအုပ်စာစောင်များကို တာဝန်ရှိသူများက လက်ခံကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေနှင့် မြို့မိမြို့ဖ နှစ်ဦးတို့က ဖိုးကော်ဇံ စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါစာကြည့်တိုက်မှာ ပေ ၃၀× ပေ ၂၀ အရွယ်ရှိ တစ်ထပ် သွပ်မိုး၊ အုတ်ကာ၊ တမံတလင်းခင်းဖြစ်ပြီး ငွေကျပ် ၁၀၂၅၀၀၀၀ အကုန်အကျခံ ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ကြောင်းနှင့် စာကြည့်တိုက်အတွက် စာအုပ်စာစောင်နှင့် ပရိဘောဂပစ္စည်းများ တန်ဖိုးငွေကျပ် ၈၃၅၀၈၅၀ နှင့် စာကြည့်တိုက်ငွေပဒေသာပင် ငွေကျပ် ၁၂၃၀၀၀၀ စုစုပေါင်းငွေကျပ် ၂၀၉၀၀၈၅၀ တို့ကို စေတနာရှင်၊ အလှူရှင်များက လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၇**

ပြည်ထောင်စုရာထူးဝန်အဖွဲ့လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက်ပြည်ထောင်စုရာထူးဝန်အဖွဲ့ရှိ ဦးစီးဌာနများနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်များမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်၊ ခေတ္တ ပါမောက္ခချုပ်နှင့် ရုံးအဖွဲ့မှူးတို့က ၂၀၁၂ ခုနှစ် ဇူလိုင်လမှ ဒီဇင်ဘာလအထိ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအပေါ် သုံးသပ်ချက်နှင့် ၂၀၁၃ ခုနှစ်အတွက် ရှေ့လုပ်ငန်းအစီအစဉ်များကိုရှင်းလင်းတင်ပြခဲ့ကြသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးခင်မောင်အေး၊ ဒေါက်တာဝင်းမြင့်၊ ဒေါက်တာကျော်ကျော်ဌေးနှင့် ဦးစိုးဦး၊ ယင်းအဖွဲ့ရှိ ရုံးအဖွဲ့၊ ဦးစီးဌာနများနှင့် ကွပ်ကဲမှုအောက်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်များမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်၊ ခေတ္တပါမောက္ခချုပ်နှင့် ရုံးအဖွဲ့မှူးတို့ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

# လမ်းဘေးဈေးသည် ရောင်းချချိန် လသာမြို့နယ်၌ ကန့်သတ်

**ရန်ကုန် ဇန်နဝါရီ ၇**

ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်အတွင်း ညနေ ၃ နာရီမှ ည ၈ နာရီအတွင်းသာ လူသွားစင်္ကြံများတွင် ဈေးရောင်းချခွင့်ပြုကြောင်း မြို့နယ်အတွင်း လှည့်လည်ကြေညာခြင်းကို ဇန်နဝါရီ ၆ ရက် ညပိုင်းက ပြုလုပ်ကြောင်း လသာမြို့နယ် (၁)ရပ်ကွက်အတွင်း နေထိုင်သူများ၏ ပြောပြချက်အရ သိရသည်။

လူသွားစင်္ကြံနှင့် ကားလမ်းမပေါ်တွင် မီးဖိုအသုံးမပြုရဆိုသော တားမြစ်စာတန်းအနီများလည်း ရန်ကုန်မြို့တွင်း လူသွားစင်္ကြံများတွင် ချိတ်ဆွဲထားသော်လည်း မီးဖိုအသုံးပြုသော စားသောက်ဆိုင်များ ရောင်းချနေသည်ကို ရန်ကုန်မြို့တွင်းသွားလာသူများမှ မြင်တွေ့နေရဆဲဖြစ်သည်ဟု ဆိုသည်။

လမ်းဘေးဈေးသည်များအား လမ်းသွယ်များတွင် ရောင်းချခြင်း၊ ကားလမ်းမ လူသွားစင်္ကြံများတွင် ညနေ ၃ နာရီမှ ည ၈ နာရီအထိ ရောင်းချခြင်းတို့ကို ဈေးကောက်ကောက်ခံခြင်းမပြုဘဲ တရားဝင်ခွင့်ပြုထားရာ လသာမြို့နယ်အတွင်း လမ်းမတော်သံဈေးဘေး ၁၇ လမ်း အထက်လမ်းတွင် သက်ဆိုင်ရာမှ ကြီးကြပ်မှုကြောင့် လမ်းဘေးဈေးရောင်းချသူများ လမ်းဘေးအစပ်မှ တိုက်များအကြားတွင်သာ တည်ခင်းရောင်းချခြင်းရှိပြီး (၁၇)လမ်း အထက်လမ်းပေါ်တွင် ယာဉ်များသွားလာနိုင်သည်အထိ ရှင်းလင်းကြောင်း၊ နေ့စဉ်ဈေးဝယ်သူများအနေဖြင့် ကပ်လျက် (၁၈) လမ်း အထက်လမ်းကဲ့သို့ ကျပ်တည်းရှုပ်ထွေးစွာ သွားလာမှုမရှိဘဲ လွယ်ကူစွာ သွားလာနိုင်သည်ဟု ယင်းနေရာများသို့ နေ့စဉ်ဈေးဝယ်နေရသူ အိမ်ရှင်မများက ဆိုသည်။

လမ်းဘေးဈေးသည်များအား ကားလမ်းမပေါ်တွင် ရောင်းချခြင်းကို သက်ဆိုင်ရာမှ ခွင့်ပြုခြင်းမရှိရာ ကားလမ်းမများပေါ် ခုံခင်းဝိုင်းဖွဲ့ရောင်းချခြင်း၊ ယာဉ်ကြောများတွင် တည်ခင်း ဈေးရောင်းချခြင်းများကို ရန်ကုန်မြို့တွင်း နေရာအများအပြားတွင် တားမြစ်စေလိုကြောင်း၊ သို့မှသာ စည်းကမ်းရှိ ဈေးသည်များနှင့် လမ်းသွားလမ်းလာ ခရီးသည်များ၊ ယာဉ်များသဟဇာတဖြစ်ကာ အဆင်ပြေနိုင်သည်ဟု ဆိုသည်။ **ခင်ဆိုင်**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၈-၁-၂၀၁၃ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၅း၃၀ | မေတ္တာစကား(၃)ခွန်း တရားတော် (ဆရာတော်အရှင်အာစာရ လင်္ကာရ) |
| ၇း၃၀ | MRTV-4 သတင်း |
| ၉း၁၀ | ပျော်ရွှင်ဆင်နွှဲပရိဘောဂဈေးရောင်းပွဲ |
| ၉း၂၅ | Motivation Talk (Good Govrnance) |
| ၉း၄၅ | စန္ဒရားမျိုးနိုင်(အပိုင်း-၆) |
| ၁၀း၀၀ | ခေတ်သစ်ပျိုမေ |
| ၁၂း၁၀ | မန္တလာမြေ၏ ဂုဏ်ယူဖွယ်ရာ ဝေရောစနကျောက်စိမ်းစေတီတော် |
| ၁း၀၀ | မေတ္တာစကား(၃)ခွန်း တရားတော် (ဆရာတော်အရှင်အာစာရ လင်္ကာရ) |
| ၂း၀၀ | MRTV-4 သတင်း |
| ၂း၂၀ | ပညာပန်းတွေလန်းဖြာနေတဲ့ သလ္လာဝတီမြေရဲ့ ပါရမီပညာရိပ်မွန် |
| ၄း၅၀ | Diabetasol Cup နှင့်ပျော်ပွဲရွှင်ပွဲ |
| ၅း၂၀ | Minute to Win It |
| ၆း၀၀ | MRTV-4 သတင်း |
| ၆း၁၅ | Fashion Week (Hera Beauty & Spa)(Part-2) |
| ၆း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ ချိုမြိန်သောဘဝလေး(အပိုင်း-၆၄) |
| ၈း၀၀ | MRTV-4 သတင်း |
| ၉း၀၀ | နယ်စပ်ရေးရာဝန်ကြီးဌာန၏ ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးခရီးစဉ် (အပိုင်း-၂) |
| ၁၀း၂၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ လျှို့ဝှက်ချက်နှင့်ဂင်မ်ချီ (အပိုင်း-၂၉) |
| ၁၀း၅၅ | Sunday Talk (ဒါရိုက်တာမောင်သီ၊မျိုးမြတ်သူ) |
| ၁၁း၄၀ | ဆံကေသာအလှအတွက် Eushido |
| ၁၁း၅၀ | World of Knowledge (Wild Case Files) |
| ၁း၂၀ | တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြေတို့အတူ (တစ်နေ့တာပင်ပန်းမှုတွေ ပြေပျောက်ဖို့ ငွေသောင်ယံသို့ လှမ်းကြစို့) |
| ၂း၀၀ | **ယိုင်သွားရင် ဒိုင်စားမယ်** ဝေဠုကျော်၊ဆောင်းအိန္ဒြေထွန်း (ဒါရိုက်တာ-ဇော်လူထက်) |
| ၂း၃၅ | ရှောင်လေဝေးဝေး အရက်ဘေး [ဒေါက်တာအေးကျော်(ဇီဝကမ္မဗေဒ)] |
| ၂း၅၀ | ကြည်လင်သောရေ၏ လျှို့ဝှက်ချက် |
| ၃း၀၅ | ကဏ္ဍစုံလင် အားကစားအစီအစဉ် |

# ရန်ကုန်မြို့တော် အများပြည်သူသယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့ ဖွဲ့စည်း

**နေပြည်တော် ဇန်နဝါရီ ၇**

ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း ပြည်သူများ နေ့စဉ်အဆင်ပြေချောမွေ့စွာသွားလာနိုင်ရေး စီမံခန့်ခွဲဆောင်ရွက်နိုင်ရန်အတွက် "ရန်ကုန်မြို့တော် အများပြည်သူသယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့ (Yangon City Public Transport Authority)"ကို ဥက္ကဋ္ဌ ဦးကြည်သိန်းအပါအဝင် အဖွဲ့ဝင် ၁၀ ဦးဖြင့် ယနေ့ရက်စွဲဖြင့် ဖွဲ့စည်းလိုက်ကြောင်း နိုင်ငံတော်သမ္မတရုံး၏ ထုတ်ပြန်ချက်အရ သိရှိရသည်။

ရန်ကုန်မြို့တော် အများပြည်သူသယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့အနေဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အများပြည်သူနေ့စဉ်သွားလာရေးတွင် အသုံးပြုလျက်ရှိသော ကုန်းလမ်း၊ ရထား၊ ရေယာဉ်နှင့် အခြားပို့ဆောင်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန် စီမံခန့်ခွဲခြင်း၊ လက်ရှိရင်ဆိုင်နေကြရသော ယာဉ်ကျပ်တည်းမှု၊ ယာဉ်တိုက်ခိုက်မှု၊ ကျန်းမာရေးထိခိုက်စေသော အငွေ့အသက်များထုတ်လုပ်မှုစသော သွားလာရေးအခက်အခဲနှင့် အန္တရာယ်များကို ကျော်လွှန်ဖြေရှင်းရေးအတွက် ကွင်းဆင်းလေ့လာဆန်းစစ်၍ နည်းလမ်းများရှာဖွေတင်ပြပေးခြင်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများထံမှ မိမိတို့ လုပ်ငန်းတာဝန်နှင့်ပတ်သက်သော နည်းပညာအကူအညီများ ရယူ ဆောင်ရွက်ပေးခြင်း၊ သွားလာပို့ဆောင်ရေးနှင့် သက်ဆိုင်သော ဥပဒေ၊ လုပ်ထုံး လုပ်နည်းများကိုလိုက်နာစေလျက် တရားဥပဒေစိုးမိုးရေးအတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အား အထောက်အကူပေးခြင်း၊ လာမည့်ကာလတွင် ဖြစ်ပေါ်လာမည့် လူမှုစီးပွားရေးပုံစံ၊ မြို့ပြဖွံ့ဖြိုးမှုပုံစံများကိုမျှော်မှန်း၍ စီမံချက်ရေးဆွဲခြင်း၊ သွားလာပို့ဆောင်ရေးဆိုင်ရာအခြေခံအဆောက်အအုံများ တည်ဆောက်ပေးခြင်း၊ သွားလာပို့ဆောင်ရေးအတွက်လိုအပ်ချက်များကို ထူထောင်နိုင်ရန်အတွက် ဥပဒေများ၊ စီမံခန့်ခွဲမှုအဖွဲ့အစည်းများ၊ ရန်ပုံငွေများရရှိမည့် နည်းလမ်းများဖြင့် ထူထောင်ပေးခြင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကို တာဝန်ခံလျက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဆက်စပ်ညှိနှိုင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အများပြည်သူသယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် ဦးကြည်သိန်း၊ အတွင်းရေးမှူးအဖြစ် ဦးလှအောင်၊ အဖွဲ့ဝင်များအဖြစ် ဦးဝင်းလွင်၊ ဦးခင်မောင်ဌေး၊ ဦးအောင်မြင့်၊ ဦးခင်မောင်၊ ဦးစိုးမြင့်၊ ဦးဇော်ဝင်းမြင့်၊ ဦးထွန်းဝင်းနှင့် ဦးသက်လွင်တို့ ပါဝင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## ပြည်တွင်းသတင်း

# ရန်ကုန်တောင်ပိုင်းခရိုင် သုံးမြို့နယ်ဆက်လမ်းပေါ်ရှိ ရေကျော်ချောင်းတံတား တည်ဆောက်မှုလုပ်ငန်း ၉၀ ရာခိုင်နှုန်းပြီးစီး

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ တွံတေး၊ ကော့မှူးနှင့် ကွမ်းခြံကုန်းမြို့နယ် သုံးမြို့နယ်ဆက်လမ်းပေါ်ရှိ ရေကျော်ချောင်းတံတား တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဇန်နဝါရီ ၇**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် တွံတေး၊ ကော့မှူးနှင့် ကွမ်းခြံကုန်းမြို့နယ် သုံးမြို့နယ်ဆက်လမ်းပေါ်ရှိ ရေကျော်ချောင်းတံတားတည်ဆောက်ရေး ယာယီရှင်းလင်းဆောင်သို့ရောက်ရှိရာ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြည်တင်က ရေကျော်ချောင်းတံတားနှင့်ပတ်သက်သည့် အချက်အလက်များ၊ တံတားတည်ဆောက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်က ဖြည့်စွက် ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လုပ်ငန်းများ စံချိန်စံညွှန်းနှင့် ကိုက်ညီရေး၊ လေလွင့်ဆုံးရှုံးမှု မရှိရေးနှင့် ချဉ်းကပ်လမ်းမြေဖို့ခြင်း လုပ်ငန်းများ အမြန်ပြီးစီးရေးတို့ကို မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေကျော်ချောင်းတံတား ကြမ်းခင်းလုပ်ငန်း၊ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ချဉ်းကပ်လမ်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ရေကျော်ချောင်း တံတားသည် အရှည်ပေ ၂၄၀၊ အကျယ်ပေ ၂၀၊ ရေလမ်းကင်းလွတ် အမြင့် ၁၆ ပေ၊ အကျယ်(Pile Cap) နှစ်ခုကြား ၃၁ ပေ၊ တံတားခံနိုင်ဝန်တန် ၄၀ ဖြစ်ကြောင်းနှင့် တံတားအမျိုးအစားမှာ အောက်ခြေ ဘိုးပိုင် သံကူကွန်ကရစ်ဖြစ်ပြီး အပေါ်ထည်မှာ သံမဏိသံပေါင်ရက်မနှင့် သံကူကွန်ကရစ်ကြမ်းခင်း အမျိုးအစားဖြစ်ကာ ၂-၈-၂၀၁၂ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး လုပ်ငန်းပြီးစီးမှုမှာ ၉၀ ရာခိုင်နှုန်းဖြစ်သည်။

ရေကျော်ချောင်းတံတား တည်ဆောက်ပြီးစီးပါက ကွမ်းခြံကုန်း၊ ကော့မှူးနှင့် တွံတေးမြို့နယ်များရှိ ကျေးရွာ ၄၄ ရွာမှ လူဦးရေ ၄၃၀၀၀ ကျော်၏ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတို့ကို အထောက်အကူပြုမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❖ *ကျောဖုံးမှ*

ဦးဇော်သိန်းက မြို့နယ်ဆိုင်ရာအချက်အလက်များအား ရှင်းလင်းတင်ပြသည်။ ယင်းနောက် ကွမ်းခြံကုန်းမြို့နယ် မြို့မိမြို့ဖများက မြို့နယ်တွင်း လမ်းပန်းဆက်သွယ်မှုနှင့် သောက်သုံးရေ အလုံအလောက်ရရှိရေး လိုအပ်ချက်များနှင့် ပတ်သက်၍ တင်ပြဆွေးနွေးရာ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းက တင်ပြချက်များနှင့် ပတ်သက်၍ ပြန်လည်ရှင်းလင်းဖြေကြားပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိပြီး တော်ဝင်စန္ဒကူးခန်းမ၌ ဒေသခံပြည်သူများနှင့် ရင်းနှီးစွာတွေ့ဆုံသည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဟန်က မြို့နယ်ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြို့မိ မြို့ဖများနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာခင်ရွှေတို့က ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ လိုအပ်ချက်များနှင့်ပတ်သက်၍ အသီးသီး တင်ပြကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လိုအပ်သည်များကို ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးသည်။ အဆိုပါတွေ့ဆုံပွဲများတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယခုမိမိတို့အဖွဲ့လာရောက်သည့်ဒေသများသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်နေသည့် ဒေသများဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်ရန် အရင်းအနှီး၊ နည်းပညာနှင့်ထွက်ရှိလာသော သီးနှံ၊ သားငါးများ၏ ထိုက်သင့်သော ဈေးနှုန်းများရရှိရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးစေလိုကြောင်း၊ နိုင်ငံတော်အစိုးရအပိုင်း၊ လွှတ်တော်များအပိုင်းမှ ပြည်သူများအကျိုးစီးပွားအတွက် ဆောင်ရွက်ပေးသွားမှာ ဖြစ်သလို ဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်အောင်မြင်စေရန် ပြည်သူအားလုံးက လက်တွဲပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

# မြောင်းမြ၌ စာကြည့်တိုက်ဖွင့်

**မြောင်းမြ ဇန်နဝါရီ ၇**

ပြည်သူများ စာပေဗဟုသုတရရှိစေရန်နှင့် စာဖတ်ရှိန်မြှင့်တင်နိုင်ရေး ရည်ရွယ်၍ မြောင်းမြမြို့ အမှတ်(၁) ရပ်ကွက်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၆ ရက်နေ့ နံနက် ၉ နာရီက အဆိုပါ စာကြည့်တိုက်အဆောက်အအုံရှေ့၌ ကျင်းပရာ မြောင်းမြမြို့နယ် ခေတ္တအုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ရီရီလွင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါ စာကြည့်တိုက်ကို ရပ်ကွက်အတွင်းရှိ စာပေလေးစားမြတ်နိုးတန်ဖိုးထားသော စာပေဝါသနာရှင်များက စုပေါင်းထည့်ဝင်ငွေကျပ် ရှစ်သိန်းဖြင့် အကျယ် ၁၅ ပေ၊ အနံ ၁၂ ပေ၊ အမြင့် ၁၁ ပေ၊ သွပ်မိုး၊ သစ်ကာ၊ ကွန်ကရစ်ခင်းဖြင့် ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ခဲ့ပြီး မှန်ဘီရို တစ်လုံး၊ စားပွဲနှစ်လုံး၊ ထိုင်ခုံ ၁၆ လုံးနှင့် သုတ၊ ရသ၊ မဂ္ဂဇင်း ဂျာနယ် ၅၀၀ ထားရှိကာ စာကြည့်တိုက်ဖွင့်ပြီးချိန်မှစ၍ ရပ်ကွက်ပြည်သူများ စိတ်ဝင်စားစွာဖြင့် လာရောက်ဖတ်ရှုလေ့လာကြကြောင်း သိရသည်။

**အောင်မင်း(မြောင်းမြ)**

# တပ်ကုန်း၌ ရိုးရာခြင်းလုံးခတ်ပြိုင်

**နေပြည်တော် ဇန်နဝါရီ ၇**

(၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့ ခြင်းလုံးဝါသနာရှင်များအဖွဲ့က ဦးစီးကျင်းပသော မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲကို ဇန်နဝါရီ ၆ ရက် မွန်းလွဲ ၁ နာရီက ဘုရင့်နောင်ရပ်ကွက် ရွှေပုံလွှားခြင်းကွင်း၌ ကျင်းပသည်။

ခြင်းလုံးခတ်ပြိုင်ပွဲတွင် ရွှေရေအေး ခြင်းလုံးအသင်း၊ ရွှေပုံလွှားခြင်းလုံးအသင်း၊ ကောင်းဝေခြင်းလုံးအသင်း၊ ရွှေအိုးစည်ခြင်းလုံးအသင်းနှင့် ဘရဏီ ခြင်းလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပထမဆုရရွှေရေအေး ခြင်းလုံးအသင်းအား ဘုရင့်နောင်ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ **(အပေါ်ပုံ)** (၁၆၂)

# မီးရထားနှင့်ပို့သော သတင်းစာများ ပဲခူးမြို့တွင် ဖြန့်ဝေရေးအဆင်ပြေ

သတင်းစာဖြန့်ဝေရေးနှင့်ပတ်သက်၍ ပဲခူးမြို့ရှိ သတင်းစာဖြန့်ချိရေးကိုယ်စားလှယ်များနှင့် မြန်မာ့မီးရထား ပဲခူးဘူတာတန်ဆာဌာနအကြား အခိုက်အတန့်အားဖြင့် အဆင်မပြေမှုအနည်းငယ်ပေါ်ပေါက်ခဲ့သည်။ ယင်းကိစ္စနှင့် ပတ်သက်၍ စာရေးသူက မြန်မာ့အလင်းသတင်းစာတွင် ပြိုင်တူတွန်းမှ ရွှေ့ပါမည်ဟူ၍လည်းကောင်း၊ လွယ်သည်ကို မခက်စေလိုပါဟူ၍လည်းကောင်း ခေါင်းစဉ်နှစ်ခုဖြင့် စာနှစ်ပုဒ်ရေးသားခဲ့ရာ ကောင်းမွန်သောအကျိုးရလဒ်တစ်ခုကို ယခုအခါ ရရှိခံစားလိုက်ရသည်။

ပဲခူးဘူတာ ရုံပိုင်ချုပ်နှင့် တွေ့ဆုံခဲ့ရသည်။ အမှတ် (၁၁)အဆန် ရန်ကုန်-မန္တလေး အမြန်ရထားဖြင့် ရန်ကုန်ဘူတာကြီးမှ ပဲခူးဘူတာတွင်ချရန် တင်ပေးလိုက်သော ကြေးမုံသတင်းစာ ၁၅ လိပ်၊ မြန်မာ့အလင်းသတင်းစာ ၁၁ လိပ်၊ နယူးလိုက်အော့ဖ်မြန်မာသတင်းစာ ခြောက်လိပ်နှင့် မြဝတီသတင်းစာ တစ်လိပ် စုစုပေါင်း သတင်းစာလိပ် ၃၃ လိပ်တို့ကို ရုံပိုင်ချုပ်၏ ကြီးကြပ်မှုဖြင့် အထူးဂရုစိုက်၍ သယ်ဆောင်ပြီး သတင်းစာပို့လုပ်သားများ လာရောက်ထုတ်ယူရာတွင်လည်း တုံ့ဆိုင်းကြန့်ကြာမှုမရှိဘဲ သယ်ဆောင်ခွင့်ပေးနေပြီဖြစ်ကြောင်း ရုံပိုင်ချုပ်ကြီးက မင်္ဂလာသတင်းကို သယ်ဆောင်လာသည်။

မြန်မာ့အလင်းသတင်းစာပါ စာနှစ်ပုဒ်၏ ထိရောက်ထက်မြက်သော အကျိုးအာနိသင်ဖြစ်ပါသည်။ သတင်းစာကိုယ်စားလှယ်များကလည်း လိုင်းပို့လုပ်သားများကို ခါတိုင်းထက်ပို၍ ဝီရိယထားပြီး ဘူတာဆင်းရန်နှင့် သတင်းစာလိပ်များချပြီးသည်နှင့် စာဖတ်သူလက်ဝယ်သို့ အမြန်ဆုံးဖြန့်ဝေပေးနိုင်ရန် နှိုးဆော်ထားရာ ယခုအခါ ပဲခူးမြို့တွင် ယခင်ရက်များကထက် သတင်းစာကို စာဖတ်သူလက်ဝယ်သို့ ပိုမိုစောစီးစွာ ပို့ဆောင်ပေးလျက်ရှိကြောင်း တွေ့မြင်ရသည်။ ရုံပိုင်ချုပ်ကြီးက ပြည်သူအများ၏ နား၊ မျက်စိကို ဖွင့်လှစ်ပေးနေသည့် မီဒီယာများ၊ သတင်းစာများနှင့် ပူးပေါင်းလိုပါကြောင်း နောင်တွင်လည်း အခက်အခဲရှိက ချက်ခြင်းဖြေရှင်းပေးပါမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

**(စိန်လှိုင်ဗိုလ်)**

# နေပြည်တော်၏ အလှအပများကို ကြည့်ရှုခံစားနိုင်သည့် မျှော်စင်ညီနောင်

**နေပြည်တော် ဇန်နဝါရီ ၇**

နေပြည်တော် ဇေယျာသီရိမြို့နယ် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်အတွင်းရှိ ပေ ၁၈၀ မြင့်မားသော မျှော်စင်ညီနောင်**(အပေါ်ပုံ)**ပေါ်မှနေ၍ နေပြည်တော်၏ အလှအပရှုခင်းများကို ကြည့်ရှုနိုင်ပြီဖြစ်သည်။

အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)အား ၂၀၀၈ ခုနှစ်တွင် မြန်မာပြည်မြေပုံအတိုင်း တည်ဆောက်ခဲ့ရာ ၁၁-၂-၂၀၁၀ ခုနှစ်တွင်ဖွင့်လှစ်ခဲ့သည်။ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်အဝင်ဝတွင် ပေ ၁၈၀ အမြင့်ရှိ မျှော်စင်နှစ်ခုကို ထည့်သွင်းတည်ဆောက်ထားပြီး မျှော်စင်အပေါ်ဆုံးထပ်သို့ ဓာတ်လှေကားဖြင့် အခမဲ့ တက်ရောက်နိုင်သည်။ အဆိုပါ မျှော်စင်ပေါ်မှနေ၍ ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် လူဦးရေသုံးသောင်းဆံ့ နိုင်ငံတကာအဆင့်မီ ဘောလုံးကွင်းနှင့် အားကစားရုံများ၊ တပ်မတော်စစ်သမိုင်းပြတိုက်၊ ရေဆင်းဆည်၊ ဆာဖာရီဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်၊ နက္ခတ်တာရာပြခန်း အဆောက်အအုံများနှင့် အရှေ့ရှမ်းရိုးမတောင်တန်းများ၏ သဘာဝအလှအပများကို အနီးကပ်မြင်တွေ့ကြည့်ရှုနိုင်ပြီး ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် နေပြည်တော်ရှိ အဆောက်အအုံများ၊ အလယ်ရိုးမတောင်တန်းများ၏ အလှအပများကိုလည်း မြင်တွေ့ရမည်ဖြစ်သည်။

အဆိုပါ မျှော်စင်ပေါ်တွင် ဥရောပ၊ တရုတ်၊ ထိုင်း၊ ရှမ်း၊ မြန်မာအစားအစာများရောင်းချပေးသည့် စားသောက်ဆိုင်တစ်ဆိုင်လည်း ဖွင့်လှစ်ပေးထားသည်။ အပန်းဖြေအနားယူချင်သူများ၊ နေပြည်တော်၏ ရှုခင်းအလှအပများကို ကြည့်ရှုခံစားလိုသူများ၊ အေးချမ်းစွာ စာရေးစာဖတ် ပြုလုပ်ချင်သူများ၊ နေပြည်တော်၏မြို့ပြကွင်းကျယ် အလှအပများကို ဓာတ်ပုံရိုက်ကူးလိုသူများအတွက် အဆင်ပြေဆုံး မျှော်စင်တစ်ခုဖြစ်ကြောင်း သိရှိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

✻ *ရှေ့ဖုံးမှ*

မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဆန်အများဆုံး တင်ပို့နိုင်ခဲ့သည့်နှစ်များမှာ ၁၉၉၅-၁၉၉၆ ခုနှစ် ဘဏ္ဍာရေးနှစ်ကဖြစ်ပြီး ပြည်ပသို့ ဆန်တန်ချိန် ၁ ဒသမ ၀၆ သန်း တင်ပို့နိုင်ခဲ့သည်။

တစ်ဖန် ၂၀၀၁-၂၀၀၂ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်းကလည်း မြန်မာနိုင်ငံမှ ဆန်နှင့် ဆန်ထွက်ပစ္စည်းတန်ချိန် ၁ ဒသမ ၃ သန်းကျော်ကို တင်ပို့ပေးနိုင်ခဲ့ရာ ပြည်ပသို့ အများဆုံးတင်ပို့နိုင်ခဲ့သည့်နှစ်များဖြစ်ခဲ့သည်။ **(မြန်မာ့အလင်း)**

# ရေကြောင်းသတိပေးချက်ထုတ်ပြန်

**ရန်ကုန် ဇန်နဝါရီ ၇**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေ တူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PVEP OVERSEAS Co., Limited သည် မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-2 တွင် တွင်းတူးဖော်မှုလုပ်ငန်းများကို Drilling Unit WEST TUCANA ဖြင့် ဇန်နဝါရီ ၅ ရက်မှ မေ ၃၁ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

Drilling Unit WEST TUCANA ဖြင့် တွင်းတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် ဧရိယာတည်နေရာများမှာ SYT- 1X Location Work Area Point E1 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ၂၇ မိနစ် ၂၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၅ မိနစ် ၀၃ စက္ကန့်၊ Point E2 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၃ မိနစ် ၃၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၅ မိနစ် ၀၁ စက္ကန့်၊ Point E3 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ၂၃ မိနစ် ၃၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၈ မိနစ် ၅၈ စက္ကန့်နှင့် Point E4 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၇ မိနစ် ၂၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၉ မိနစ် ၀၀ စက္ကန့်တွင်လည်းကောင်း၊ P3-1X Location Work Area Point W1 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ် ၂၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၅၄ မိနစ် ၄၁ စက္ကန့်၊ Point W2 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၄ မိနစ် ၂၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၅၄ မိနစ် ၄၀ စက္ကန့်၊ Point W3 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၄ မိနစ် ၂၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၅၈ မိနစ် ၃၈ စက္ကန့်နှင့် Point W4 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ် ၁၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၅၈ မိနစ် ၃၉ စက္ကန့်တွင်လည်းကောင်းဖြစ်သည်။

သို့ဖြစ်၍ မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M 2 တွင် တွင်းတူးဖော်မှုလုပ်ငန်းများကို Drilling Unit WEST TUCANA ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ထားရာ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းရေယာဉ်များ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက သတိပေးကြေညာထားသည်။ **(သတင်းစဉ်)**

# နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီး ဆောင်ရွက်ပေး

**မန္တလေး ဇန်နဝါရီ ၇**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှ မိုးပွင့်အဆင့်(၄) စီမံချက်အရ ငွေတော်ကျီကုန်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဒီဇင်ဘာ ၁၄ ရက်က နိုင်ငံသားစိစစ်ရေးကတ်ပြားများနေ့ချင်းပြီး အခမဲ့ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြသည်။ အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာသို့ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှ၊ ဦးသိန်းလွင်၊ မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးသောင်းဇော်၊ မန္တလေး ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနခရိုင်ဦးစီးမှူး၊ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းဦးတို့ ကြည့်ရှုအားပေးကြသည်။ **(ဝဲပုံ)** ပြည်ကြီးတံခွန်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးသိန်းဇော်နှင့် ဝန်ထမ်းများအား ငွေတော်ကျီကုန်းရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးနိုင်လေးနှင့်ရာအိမ်မှူးများက ကူညီဆောင်ရွက်ကြပြီး နိုင်ငံသားအရည်အချင်းပြည့်မီသူ ၅၆ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ရခိုင်ပြည်နယ်တွင် တည်ဆောက်မည့် ပုဏ္ဏားကျွန်း စက်မှုဇုန်

ကျွန်းသားငမန်း

ရခိုင်ပြည်နယ်၏ စီးပွားရေးကို လေ့လာကြည့်လျှင် စာတင်ပြောရမည့် စက်မှုလက်မှုလုပ်ငန်းများ၊ စက်ရုံ အလုပ်ရုံများ မရှိသည်ကိုတွေ့ရသည်။ ထို့ကြောင့် ရခိုင်ပြည်နယ်၏ စီးပွားရေးမှာ လယ်ယာလုပ်ငန်းနှင့် ရေလုပ်ငန်းကိုသာ အားကိုးနေကြရသည်။ ရခိုင်ပြည်သူများမှာ မိမိတို့ပြည်နယ်အတွင်း စက်မှုလုပ်ငန်းများ ပေါ်ထွန်းလာရေးကို မျှော်လင့်တောင့်တနေကြသည်။ ရခိုင်တိုင်းရင်းသား ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွန်းလာရေးကို မျှော်လင့်နေကြသည်။

### တညီတညွတ်တည်း

၂၀၁၁ ခုနှစ်မှစ၍ ရခိုင်တိုင်းရင်းသားပြည်သူများ မျှော်လင့်ချက်တစ်ခုဖြစ်သည့် စက်မှုဇုန်တစ်ခုဖြစ်ပေါ်ရေးလမ်းစကို ခပ်ရေးရေးမြင်လာခဲ့ရသည်။ ပြည်ထောင်စုအစိုးရ၏ မြန်မာနိုင်ငံအတွင်း စက်မှုဇုန်များ ဖော်ထုတ်ရေး စီမံကိန်းတွင် ရခိုင်ပြည်နယ်အတွင်း ပုဏ္ဏားကျွန်းမြို့အနီးတွင် စက်မှုဇုန် တည်ဆောက်ရေးစီမံကိန်းကို ထည့်သွင်းထားခြင်းဖြစ်သည်။ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံသဘောတူညီချက်ဖြင့် တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသည့် ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးဖွံ့ဖြိုးရေးစီမံကိန်းကလည်း ရခိုင်ဒေသထွက်ကုန်များစွာကို ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်သည့် အခွင့်အလမ်းများကို ရရှိလာနိုင်စေသည်။ ဤအခွင့်အလမ်းများကို မျှော်ကိုးကာ ရခိုင်ပြည်နယ်တွင် စက်မှုဇုန်တစ်ခု မလွဲမသွေ ဖော်ထုတ်လုပ်ကိုင်ရန် လိုအပ်လာသည်။ ပြီးခဲ့သည့် ဒီဇင်ဘာ ၁၀ ရက်မှ ၂၈ ရက် အထိ ကျင်းပခဲ့သည့် ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ပဉ္စမ အစည်းအဝေး (၁၃) ရက်မြောက်နေ့တွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ပုဏ္ဏားကျွန်းစက်မှုဇုန်ကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ရခိုင်ပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း အရေးကြီးအဆိုတစ်ရပ်ကို တင်သွင်းခဲ့ရာ ပြည်နယ်လွှတ်တော်မှ ကန့်ကွက်သူမရှိ တညီတညွတ်တည်း အတည်ပြုနိုင်ခဲ့ကြောင်း သိရသည်။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အနေဖြင့်လည်း ပုဏ္ဏားကျွန်းမြို့နယ်အတွင်း စက်မှုဇုန် တည်ဆောက်ရေးအတွက် မြေနေရာ ရွေးချယ်ရေးလုပ်ငန်းကော်မတီတစ်ရပ်ကို ဖွဲ့စည်း ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။ မြေနေရာရှာဖွေရေးအဖွဲ့က ပုဏ္ဏားကျွန်းမြို့နယ် အနောက်ဘက်ရေပေါက်ချောင်းကျေးရွာအနီးတွင် မြေ ၆၅၆ ဒသမ ၅၅ ဧကကို ရွေးချယ်လေ့လာခဲ့ပြီးလည်းဖြစ်ကြောင်း သိရသည်။ အဆိုပါနေရာမှာ စစ်တွေမြို့မှ ၁၆ မိုင်ခန့်ကွာဝေးပြီး စစ်တွေ-ရန်ကုန်ကားလမ်းမှ တစ်မိုင်ခန့်နှင့် ကုလားတန်မြစ်မှ သုံးမိုင်ခန့်ကွာဝေးကြောင်းလည်း သိရသည်။ စက်မှုဇုန်အတွင်းမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများကို ကုန်းလမ်းဖြင့်ဖြစ်စေ၊ ရေလမ်းဖြင့်ဖြစ်စေ တင်ပို့ပေးနိုင်သည့် နေရာတစ်ခုလည်းဖြစ်ကြောင်း သိရသည်။

စက်မှုဇုန်အတွက် မြေနေရာရွေးချယ်ရာတွင် လယ်မြေများ ပါရှိနေကြောင်းလည်း သိရသည်။ အဆိုပါ လယ်ယာမြေများအတွက် ထိုက်သင့်သော လျော်ကြေးငွေကို ပေးရန်ဖြစ်ပြီး ဒေသခံ တောင်သူလယ်သမားများနှင့် အကျေအလည် ညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်ကြောင်းလည်း သိရသည်။ “လယ်သမားတွေကို လျော်ကြေးပေးတဲ့အခါ လယ်သမားတွေ အလုပ်လက်မဲ့ ဖြစ်မသွားဖို့၊ သူတို့ရဲ့ နောင်ရေးအတွက်ကိုပါ စဉ်းစားဆောင်ရွက်ပေးနိုင်ဖို့ လိုပါတယ်။ ဥပမာ ပြောရရင် အကောင်အထည်ဖော် ဆောင်ရွက်မယ့် စက်မှုဇုန်အတွင်းကစက်ရုံ၊ အလုပ်ရုံတွေမှာ အလုပ်အကိုင် ရရှိစေနိုင်တဲ့ အာမခံချက်မျိုး ပေးနိုင်ဖို့ လိုအပ်ပါလိမ့်မယ်” ဟု ဒေသခံများကပြောကြားသည်။ ထို့အတူ တည်ဆောက်မည့် စက်ရုံအလုပ်ရုံများမှ စွန့်ပစ်မည့် ရေဆိုး၊ ရေညစ်အပြင် အခြား ဘေးထွက်ပစ္စည်းများကို စွန့်ပစ်ရာတွင် သဘာဝပတ်ဝန်းကျင် မညစ်ညမ်းရအောင်၊ သဘာဝ ဂေဟစနစ်များ မပျက်စီးရအောင်လည်း အလေးဂရုထား ဆောင်ရွက်ပေးသွားရန် လိုအပ်မည်ဖြစ်ကြောင်းဖြင့်လည်းဆိုသည်။ စက်မှုဇုန် တည်ဆောက်မည့်နေရာမှာ ကုလားတန်မြစ်ကြောင်းနှင့် နီးသဖြင့် စက်ရုံ၊ အလုပ်ရုံများမှ စွန့်ပစ် ရေဆိုး၊ ရေညစ်များကြောင့် ကုလားတန်မြစ်ရေပြင်မညစ်နွမ်းမပျက်စီးစေရန် အလေးထားဆောင်ရွက်ရန်လိုကြောင်းဖြင့်လည်း ပြောကြားသည်။ မည်သို့ဆိုစေ ရခိုင်ပြည်နယ်၏ ပကတိအနေအထားအရ စက်မှုဇုန်တစ်ခုသို့မဟုတ် စက်မှုလက်မှု လုပ်ငန်းများ၊ စက်ရုံအလုပ်ရုံများ ရခိုင်ပြည်နယ်တွင် ပေါ်ထွက်လာရန် လိုအပ်နေကြောင်းဖြင့်လည်း ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးကို လိုလားသူများက တညီတညွတ်တည်း ထောက်ပြနေကြသည်။ ဤသည်ကပင် ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် ပြည်နယ်လွှတ်တော်က ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်တွင် စက်မှုဇုန်ကို အမြန်အကောင်အထည်ဖော်ဆောင်ရွက်ရန် ပြည်နယ်အစိုးရကို တိုက်တွန်းကြောင်း အဆိုကိုတင်သွင်းဆုံးဖြတ်ခဲ့ကြခြင်းဖြစ်သည်။

### ဖန်တီးဆောင်ရွက်

စက်မှုဇုန်တည်ဆောက်ရန်မှာ ငွေကြေး အရင်းအနှီးများစွာ လိုအပ်သည်။ ထို့ကြောင့် စက်မှုဇုန်အတွင်း ပြည်တွင်းပြည်ပမှအရင်းအနှီးများ စီးဝင်ရေးအတွက် လုပ်ငန်းရှင်များကို ဖိတ်ခေါ်ကာ ရင်းနှီးမြှုပ်နှံလုပ်ကိုင်စေရန် ဖန်တီးဆောင်ရွက်ရဦးမည် ဖြစ်သည်။ တကယ်ပြောရလျှင် ပုဏ္ဏားကျွန်း စက်မှုဇုန်စီမံကိန်းမှာ နှောင့်နှေးကြန့်ကြာနေ၍မရ။ တည်ဆောက်နေဆဲ ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးဖွံ့ဖြိုးရေးစီမံကိန်းနှင့်အတူ အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်သော လုပ်ငန်းတစ်ရပ်လည်းဖြစ်သည်။ ဤစီမံကိန်း ပြီးသွားပါက စစ်တွေမြို့တွင် တည်ဆောက်နေသည့် စစ်တွေ ပင်လယ်ကူးဆိပ်ကမ်းသို့ ပြည်ပမှ ပင်လယ်ကူးသင်္ဘောကြီးများ ဝင်ရောက်ဆိုက်ကပ်လာကြတော့မည်။ ယင်းကုန်သွယ် သင်္ဘောများနှင့်အတူ ရခိုင်ပြည်နယ်၏ ကုန်သွယ်မှုကို မြှင့်တင်ဆောင်ရွက်သွားရန် လိုအပ်နေပြီဖြစ်သည်။ ပုဏ္ဏားကျွန်းမြို့တွင် တည်ဆောက်မည့် စက်မှုဇုန်အတွင်း မိမိတို့ဒေသမှ ရရှိနိုင်သည့် ကုန်ကြမ်းများကို အဓိကထား အသုံးပြုလုပ်ကိုင်နိုင်မည့် ကုန်ထုတ်စက်ရုံများကို တည်ဆောက်ကာ ဒေသအတွက် အကျိုးရှိစေမည့်လုပ်ငန်းများကို ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ အလတ်စား သံရည်ကျိုစက်ရုံများ၊ ရေလုပ်ငန်းနှင့် ဆက်နွယ်သည့် စက်ရုံများ (ဥပမာ-ငါး၊ ပုစွန် အအေးခန်းစက်ရုံများ)၊ စားသောက်ကုန်ပစ္စည်း စက်ရုံများ၊ အိမ်သုံးပစ္စည်းစက်ရုံများ၊ အိမ်ဆောက်ပစ္စည်း စက်ရုံများ စသည်တို့ကို နှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

### ဖိတ်ခေါ်

“စက်မှုဇုန်ကတော့ ပြည်နယ်ဒေသနေပြည်သူတွေ အကျိုးစီးပွားအတွက် မဖြစ်မနေ လိုအပ်ပါတယ်။ စက်မှုဇုန်တည်ဆောက်ဖို့ဆိုတာ အရင်းအနှီးကလည်းများပါတယ်။ ကျွန်တော်တို့ ပြည်တွင်း ပြည်ပက စီးပွားရေးလုပ်ငန်းရှင်တွေကို ဖိတ်ခေါ်ပြီး ရင်းနှီးလုပ်ကိုင်ခွင့်ပြုသွားရမှာဖြစ်ပါတယ်။ ပုဏ္ဏားကျွန်း စက်မှုဇုန် အကောင်အထည်ဖော်ဖို့ဆိုတာက တစ်နှစ်တည်းနဲ့ပြီးမှာ မဟုတ်ပါဘူး။ အနည်းဆုံး ငါးနှစ်လောက်တော့ အချိန်ယူတည်ဆောက်သွားရမှာဖြစ်ပါတယ်။ စက်မှုဇုန်အတွင်းမှာ ငါး၊ ပုစွန် အအေးခန်းစက်ရုံတွေ၊ သစ်သီးဝလံ အအေးသိုလှောင်ခန်းတွေ၊ ဆန်ကြိတ်စက်ရုံတွေ၊ ပရိဘောဂစက်ရုံတွေ၊ စက္ကူစက်ရုံတွေ၊ ဝါး ပျော့ဖတ်စက်ရုံတွေ၊ အုန်းသီးအခြောက်ခံစက်ရုံတွေ၊ အထည်ချုပ်စက်ရုံတွေ၊ ငါးစည်သွတ်စက်ရုံ၊ ရေချို၊ ရေငန်ငါးသားပေါက်စက်ရုံတွေ၊ ငါးမုန့်စက်ရုံတွေ၊ တိရစ္ဆာန်အစာစက်ရုံတွေ၊ ဆားချော စက်ရုံတွေ၊ ငါးပိ၊ ငံပြာရည် စက်ရုံတွေ တွေကို တည်ဆောက်လုပ်ကိုင်သွားကြရမှာ ဖြစ်ပါတယ်။ ဒီစက်ရုံ၊ အလုပ်ရုံတွေဟာ ဒေသထွက်ကုန်ကြမ်းပစ္စည်းတွေကို အခြေခံထုတ်လုပ်နိုင်တဲ့ စက်ရုံတွေ ဖြစ်ပါတယ်” ဟု ရခိုင်ပြည်နယ်အစိုးရအဖွဲ့ လျှပ်စစ်စက်မှုဝန်ကြီးက ပြောကြားခဲ့သည်။

❒ **ပုဏ္ဏားကျွန်းစက်မှုဇုန် ပေါ်ထွန်းလာပါက မိမိဒေသထွက်ကုန်များကို ပိုမိုတိုးတက် များပြားစွာစိုက်ပျိုးမွေးမြူထုတ်လုပ်လာနိုင်**

❒ **စက်မှုဇုန်ကိုအမှီပြု၍ ကျောက်တော်၊ မြောက်ဦး၊ ရသေ့တောင်၊ ပုဏ္ဏားကျွန်း၊ ပေါက်တော၊ စစ်တွေ မြို့နယ်များမှ ဒေသခံတစ်သောင်းကျော်ခန့် အလုပ်အကိုင်အခွင့်အလမ်းများရရှိလာနိုင်ကြမည်**

### တည်ဆောက်နေ

စက်မှုဇုန်တစ်ခုတွင် မရှိမဖြစ်လိုအပ်သည်မှာ လျှပ်စစ်မီးရရှိနိုင်ရေးပင်ဖြစ်သည်။ ဤအတွက်လည်း ရိုးမအရှေ့ဒေသမဟာဓာတ်အားလိုင်းမှတစ်ဆင့် လျှပ်စစ်သွယ်တန်းရယူရန် ဆောင်ရွက်နေပြီဖြစ်ကြောင်း ဝန်ကြီးက ပြောကြားခဲ့သည်။ အမ်း၊ မြောက်ဦး၊ ကျောက်တော်၊ ပုဏ္ဏားကျွန်းမြို့များတွင် လျှပ်စစ်ဓာတ်အားခွဲ စက်ရုံများကို တည်ဆောက်နေပြီဖြစ်ကြောင်းလည်း သိရသည်။ လျှပ်စစ်ဓာတ်အား သွယ်တန်းရန်အတွက် ဓာတ်မီးတိုင်များကိုလည်း လမ်းကြောင်းတစ်လျှောက်ပေးပို့ထားပြီဖြစ်ကြောင်း သိရသည်။

“လျှပ်စစ်ဓာတ်အားအဓိကလိုအပ်မယ့်ပုဏ္ဏားကျွန်းမြို့မှာ မဟာဓာတ်အားလိုင်းမှတစ်ဆင့် ၄၀၀ ဗို့ဓာတ်အားလိုင်း တည်ဆောက်ပြီး ၁၁ ကေဗွီဓာတ်အားလိုင်းတည်ဆောက်ခြင်း၊ ၁၃၅ ကေဗွီ ထရန်စဖော်မာနဲ့ ဓာတ်အားခွဲစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းတွေကိုစတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်” ဟု ရခိုင်ပြည်နယ်ဝန်ကြီးက ပြောကြားခဲ့သည်။

### လက်တွဲဆောင်ရွက်

ပုဏ္ဏားကျွန်းစက်မှုဇုန်ကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရန် ပြည်နယ်လွှတ်တော်က ရခိုင်ပြည်နယ်အစိုးရသို့ တိုက်တွန်းခဲ့ပြီးဖြစ်သည်။ လွှတ်တော်၏အသံသည် ပြည်သူတို့၏ အသံပင်ဖြစ်သည်။ ပြည်သူများ၏အသံကို နားစွင့်ရင်းအစိုးရသည် ပုဏ္ဏားကျွန်း စက်မှုဇုန်ကို အမြန်ဆုံးအကောင်ထည်ဖော်ဆောင်ရွက်သွားရန်ရှိသည်။ ဤသို့ဆောင်ရွက်ရာ၌ အစိုးရတစ်ဖွဲ့တည်း ဆောင်ရွက်ခြင်းဖြင့် ပြီးမြောက်လာနိုင်မည်မဟုတ်ပေ။ ပြည်သူများကိုယ်တိုင်ကလည်း အစိုးရအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်သည်။ မိမိဒေသ၊ မိမိပြည်နယ်သူပြည်နယ်သားများ အကျိုးစီးပွားအတွက်ရေရှည်အကျိုးကို မျှော်မှန်းကာ အစိုးရနှင့်ပြည်သူတို့ လက်တွဲဆောင်ရွက်သွားကြရန်လိုမည်။

### ထုတ်လုပ်လာနိုင်

ပုဏ္ဏားကျွန်းစက်မှုဇုန် ပေါ်ထွန်းလာပါက မိမိဒေသထွက်ကုန်များကို ပိုမိုတိုးတက်များပြားစွာ ထုတ်လုပ်လာနိုင်ကြမည်ဖြစ်သည်။ ထို့အတူ စက်မှုဇုန်ကိုအမှီပြု၍ ကျောက်တော်၊ မြောက်ဦး၊ ရသေ့တောင်၊ ပုဏ္ဏားကျွန်း၊ ပေါက်တော၊ စစ်တွေမြို့နယ်များမှ ဒေသခံတစ်သောင်းကျော်ခန့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာနိုင်မည်ဖြစ်သည်။

ရခိုင်ပြည်နယ်တွင်တည်ဆောက်ဖြစ်ပေါ်လာမည့် ပုဏ္ဏားကျွန်းစက်မှုဇုန်ကားရခိုင်ပြည်နယ်သူပြည်နယ်သားများအတွက် အနာဂတ် မျှော်လင့်ချက်အားမာန်များပင်ဖြစ်တော့သည်။

## ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်း သန်းခေါင်စာရင်း သိကောင်းစရာ

**သန်းခေါင်စာရင်းထည့်ကောက်ယူရမည့်သူများ**

- သန်းခေါင်စာရင်းရည်ညွှန်းချိန် (၂၀၁၄ ခုနှစ် မတ်လ ၂၉ ရက်နေ့ ညဉ့်သန်းခေါင်ယံ)တွင် မြန်မာနိုင်ငံနယ်နိမိတ်အတွင်းရှိသူ၊ နေထိုင်သူများ
- သန်းခေါင်စာရင်း ရည်ညွှန်းချိန် (၂၀၁၄ခုနှစ် မတ်လ ၂၉ ရက်နေ့ ညဉ့်သန်းခေါင်ယံ)ကျော်လွန်ပြီးမှ သေဆုံးသူများ
- နိုင်ငံခြားသို့ ရောက်ရှိနေသော မြန်မာနိုင်ငံသံရုံးဝန်ထမ်းများအပါအဝင် နိုင်ငံခြားတွင် နေထိုင်လျက်ရှိသော မြန်မာနိုင်ငံသားများ

## ဘဝခရီးအတွက် ကုသိုလ်ယူပါ

**ရန်ကုန် ဇန်နဝါရီ ၇**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် မင်းပိုင်းရပ်ကွက် ရတနာဇေယျာ ပရိယတ္တိစာသင်တိုက်ရှိ နေရာထိုင်ခင်း အခက်အခဲရှိနေသော စာပေများလေ့လာသင်ကြားပို့ချလျက်ရှိသည့် စာသင်သံဃာတော်များအတွက် သဒ္ဓမ္မပါလ သုံးထပ်ကျောင်းတော်ကြီး ဆောက်လုပ်လျက်ရှိရာပြီးဆုံးရန် လိုအပ်နေသဖြင့် ရန်ကုန်မြို့နေ စေတနာရှင်မိသားစုများက နှစ်သစ်ကူးအလှူအဖြစ် ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းက အလှူငွေကျပ် ၁၇ သိန်းကို အဆိုပါ ကျောင်းတိုက်ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တသာသနထံ လာရောက်လှူဒါန်းကြရာ ဂေါပကအဖွဲ့က လက်ခံယူသည်။**(အပေါ်ပုံ)**

သဒ္ဓမ္မပါလသုံးထပ်ကျောင်းတော်ကြီး ပြီးစီးရေးအတွက် လှူဒါန်းလိုသည့် စေတနာရှင်အလှူရှင်များအနေဖြင့် ဖုန်း-၀၄၅-၅၀၈၃၁သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(စိုးညွန့်)**

## မြို့သာစက်မှုဥယျာဉ်မြို့ သတင်းအချက်အလက် စုံစမ်းရေးဌာနဖွင့်

**မန္တလေး ဇန်နဝါရီ ၇**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ဖွဲ့စည်းတာဝန်ပေးအပ်သော မန္တလေးစက်မှုလုပ်ငန်းများဖွံ့ဖြိုးရေး အာဏာပိုင်အဖွဲ့နှင့် တော်ဝင်အဆင့်မြင့် နည်းပညာအဖွဲ့ကုမ္ပဏီလီမိတက်တို့၏ “မြို့သာစက်မှုဥယျာဉ်မြို့” စီမံကိန်းလုပ်ငန်းကို အကျိုးတူပူးပေါင်းဆောင်ရွက်မည့် အခြေအနေများ ရှင်းလင်းတင်ပြခြင်းနှင့် မြို့သာစက်မှုဥယျာဉ်မြို့ တည်ဆောက်ရေးဆိုင်ရာ သတင်းအချက်အလက်စုံစမ်းရေးဌာန (Information Center)ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂ ရက် နံနက် ၈ နာရီက မန္တလေးပြည်ကြီးတံခွန်မြို့နယ် ၆၂ လမ်း၊ စက်မှုဇုန် Hi-Tech A-1 (Log House) ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးရဲမြင့် တက်ရောက်အားပေးချီးမြှင့်သည်။ **(တင်မောင်-မန္တလေး)**

## ကသာတွင် တန်ဆောင်တိုင်ပရဟိတ သွေးလှူရှင်များအသင်းထူထောင်

**ကသာ ဇန်နဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့ရှိ တန်ဆောင်တိုင်တေးချစ်သူ ပရဟိတလူငယ်များအသင်းမှ တန်ဆောင်တိုင်ပရဟိတ သွေးလှူရှင်များအသင်း ဖွဲ့စည်းထူထောင်ခြင်း အခမ်းအနားဖွင့်ပွဲကို ဇန်နဝါရီ ၄ ရက် နံနက် ၈ နာရီက ကသာမြို့ တောင်ပေါ်ကျောင်းတိုက်ခြေရင်း ရွှေသီဟလမ်း အမှတ် (၇) ရပ်ကွက်၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ကသာမြို့ တောင်ပေါ်ကျောင်းတိုက်ဆရာတော် ဦးဇောတာလင်္ကာရနှင့် မြို့ပေါ်ကျောင်းတိုက်များမှ သံဃာတော်များ၊ ဒေသခံ သွေးလှူရှင်များ၊ ပရဟိတအသင်းအဖွဲ့ဝင်များ စုံစုံညီညီတက်ရောက်ကြသည်။ အဆိုပါအသင်းကို ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူးတို့နှင့်အတူ အမှုဆောင်ကော်မတီအဖွဲ့ဝင်များဖြင့် စနစ်တကျ ဖွဲ့စည်းထားပြီး သွေးလိုအပ်နေသူ မည်သူကိုမဆို ကူညီလှူဒါန်းသွားမည်ဖြစ်သည်။ ယင်းအသင်းသည် သွေးသွင်းကုသရန်လိုအပ်သော ဝေဒနာရှင်များ သွေးလိုအပ်ချက်ဖြင့် အသက်မဆုံးရှုံးစေရေး၊ ကျန်းမာသောလူသားတိုင်း သွေးလှူဒါန်းခြင်းဖြင့် မွန်မြတ်လှသော ကုသိုလ်ပါရမီထူးကြီး ရရှိနိုင်စေရေး၊ ဆင်းရဲနွမ်းပါးချို့တဲ့ပြီး သွေးလိုအပ်နေသည့် ဝေဒနာရှင်များအတွက် သွေးလှူဒါန်းရန် လိုအပ်သည်များကို အသင်းရန်ပုံငွေဖြင့် ကူညီဆောင်ရွက်ပေးနိုင်ရေး စသည့်ရည်ရွယ်ချက်များနှင့် ဖွဲ့စည်းရခြင်းဖြစ်ကြောင်း သိရသည်။ **လှအောင်(ကသာ)**

## နှစ်သစ်ကူး သေနတ်ပစ်ဖောက်မှုကြောင့် အပြစ်မဲ့ပြည်သူနှစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**မြဝတီ ဇန်နဝါရီ ၇**

ပြီးခဲ့သော ဒီဇင်ဘာ ၃၁ ရက်ညက မြန်မာနိုင်ငံတစ်ဝန်း နှစ်သစ်ကြိုဆိုပွဲများ ပြုလုပ်ခဲ့ကြရာ မြဝတီမြို့တွင်လည်း နေရာအနှံ့အပြား ပြုလုပ်ခဲ့ကြသည်။ ထိုသို့ပြုလုပ်ရာတွင် အတိအကျမသိရသောနေရာတစ်နေရာမှ လက်နက်ကိုင်ဆောင်သူတချို့က နှစ်သစ်ကိုကြိုဆိုပြီး သောက်စားပျော်ပါး၍ မိုးပေါ်ထောင် သေနတ်ပစ်ဖောက်ခဲ့မှုကြောင့် ပြန်ကျလာသော ကျည်ဆန်ထိပ်ဖူးများက မြဝတီမြို့ အမှတ် (၂)ရပ်ကွက်အတွင်းရှိ အပြစ်မဲ့ပြည်သူနှစ်ဦးကို ထိမှန်ဒဏ်ရာရရှိစေခဲ့သည်။

ဒဏ်ရာရရှိသူနှစ်ဦးမှာ အမှတ် (၂) ရပ်ကွက် ပတ္တမြားလမ်းနေ ဦးမြသောင်း ၅၇ နှစ်နှင့် အမှတ် ၂ ရပ်ကွက် ရတနာပုံလမ်းနေ ဦးကျော်ဝင်း၏ သမီး မမျိုးပပဝင်း ၂၂ နှစ်တို့ဖြစ်ကြသည်။ မမျိုးပပဝင်းမှာ ယင်းနေ့ညက တီဗွီကြည့်နေစဉ် ည ၁၁ နာရီ ၄၅ မိနစ်၌ သွပ်ခေါင်မိုးကို ကျည်ဆန်ထိပ်ဖူး တစ်ခုဖောက်ဝင်လာပြီး ယာလက်မောင်းတွင် ထိမှန်ဒဏ်ရာရရှိခဲ့သည်။ ဦးမြသောင်းသည်လည်း ယင်းည ၁၁ နာရီခွဲ အိမ်လှေကားပေါ်သို့ အတက်တွင် မိုးပေါ်မှကျလာသော ကျည်ဆန်ထိပ်ဖူးတစ်ခုက ယာဘက်လက်ဖျံကို ထိမှန်ခဲ့သည်။

ဦးမြသောင်းသည် မြဝတီဆေးရုံကြီးတွင် ခွဲစိတ်ကုသမှုခံယူနေပြီး မမျိုးပပဝင်းမှာမူ ယာဘက်လက်မောင်းအရိုးကို ထိမှန်ခဲ့သဖြင့် မြဝတီဆေးရုံကြီးမှ တစ်ဆင့် တစ်ဖက်နိုင်ငံ မဲဆောက်ဆေးရုံကြီးသို့ ပို့ဆောင်ပေးပြီး ဆေးကုသမှုခံယူခဲ့ရသည်။ မဲဆောက်ဆေးရုံကြီးမှ ဆရာဝန်ကြီးများက မမျိုးပပဝင်း၏ လက်မောင်းကို စတီးရိုးဖြင့် အစားထိုး၍ ခွဲစိတ်ကုသပေးခဲ့ကြသည်။ ခွဲစိတ်ကုသမှုကုန်ကျစရိတ်မှာ ဘတ်ငွေ ၂၅၀၀၀၊ မြန်မာငွေကျပ် ၇၀၀၀၀၀ ကုန်ကျခဲ့ပြီး မမျိုးပပဝင်း၏ ဖခင်ဦးကျော်ဝင်းသည် နွမ်းပါးသူတစ်ဦးဖြစ်ခြင်းကြောင့် မရှိရှိတာရောင်းချပြီး သမီးဖြစ်သူကို ဆေးကုသပေးခဲ့ရသည်။ နောက်ထပ် ဒဏ်ရာမပျောက်ကင်းသေးသရွေ့ မဲဆောက်ဆေးရုံကြီးသို့ အကြိမ်ကြိမ် သွားရောက်ပြသရဦးမည်ဖြစ်ပြီး မည်ရွေ့မည်မျှ ထပ်မံကုန်ကျဦးမည် မသိရသေးကြောင်း သွားရောက်တွေ့ဆုံသတင်းယူသူအား မမျိုးပပဝင်းက ရင်ဖွင့်ပြောကြားခဲ့ရာ သတင်းယူသူက မြဝတီမြို့ စေတနာ နာရေးကူညီမှုအသင်းကြီးနှင့် မြဝတီမြို့အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံတို့ထံ အကြောင်းကြားပြီး ကုသမှုဖြစ်စဉ်ကို တင်ပြခဲ့သဖြင့် မြဝတီမြို့ စေတနာ နာရေးကူညီမှုအသင်း ဥက္ကဋ္ဌ ဦးလှထွန်းက မြဝတီမှ မဲဆောက်ဆေးရုံကြီးသို့ အခမဲ့ပို့ဆောင်ပေးရန် ကူညီမည်ဖြစ်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံက မမျိုးပပဝင်းအား မဲဆောက်ဆေးရုံတွင် ဆက်လက်၍ ဆေးကုသမှုခံယူနိုင်ရေးအတွက် ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဖိုးကြယ်(မြဝတီ)**

ဈေးကွက်နှင့်စီးပွားရေးသတင်း

# ရန်ကုန်နှင့်မြစ်ဝကျွန်းပေါ်ဒေသ ဘိလပ်မြေဈေး ကွာဟမှုနည်းလာ

**ရန်ကုန် ဇန်နဝါရီ ၇**

ရန်ကုန်ဘိလပ်မြေ ဈေးကွက်တွင် ဆင်တံဆိပ် ဘိလပ်မြေများ တစ်အိတ်လျှင် ငွေကျပ်၄၆၀၀နှုန်းဖြင့် ဝယ်ယူရရှိပြီး နယ်များတွင်အထူးသဖြင့် မြစ်ဝကျွန်းပေါ်ဒေသတွင် တစ်အိတ် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ဝယ်ယူရရှိနေရာ ရန်ကုန်နှင့်နယ်ဈေးကွာခြားမှု နည်းနေရခြင်းမှာ ရေလမ်းခရီးဖြင့် သယ်ယူပို့ဆောင်မှုကြောင့် ဖြစ်သည်ဟု နယ်ရှိ ဘိလပ်မြေ ရောင်းကုန်သည်များက ဆိုသည်။

ပြည်ပမှတင်သွင်းလာသော ကုမ္ပဏီများအနေဖြင့် နယ်ရှိအရောင်းဆိုင်သို့ ယခင်ကကဲ့သို့ ကုန်ကားဖြင့်တင်ပို့မှုနည်းသွားကြောင်း၊ ရန်ကုန်-ပုသိမ် ကားခနှုန်းမှာ တစ်အိတ်လျှင် ပျမ်းမျှ ငွေကျပ် ၆၀၀ နှုန်းရှိရာ ပုသိမ်တွင် ငွေကျပ် ၅၂၀၀ နှုန်းဖြင့် ရောင်းချရမည်ဖြစ်သော်လည်း ရေလမ်းခရီးအသုံးပြု၍ နယ်တွင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ရောင်းချနိုင်သည်ဟု ဘိလပ်မြေ အရောင်းကုန်သည်တစ်ဦးက ရှင်းပြသည်။

ရန်ကုန်-ပုသိမ်ရေလမ်းသင်္ဘောခမှာ တစ်အိတ်လျှင် ငွေကျပ်၂၅၀ ဝန်းကျင်သာရှိပြီး ပြည်ပမှတင်သွင်းလာသော သင်္ဘောများမှ ဘိလပ်မြေများကို သင်္ဘောတင်ကုန်တင်ယာဉ်များဖြင့် မြစ်ဝကျွန်းပေါ်ဒေသသွား သင်္ဘောများပေါ်သို့ တိုက်ရိုက် လွှဲပြောင်းပေးနိုင်သဖြင့် သင်္ဘောသို့ အရောင်းဆိုင်မှပို့သော ကုန်ကားခေါက်တိုကားခနှင့် ဆိုင်တင် အလုပ်သမားခ တစ်အိတ်လျှင် ငွေကျပ် ၂၀၀ ဝန်းကျင်သက်သာမှု ရှိလာကြောင်း၊ ရန်ကုန်ရှိ အရောင်းဆိုင်များနည်းတူ ကုမ္ပဏီများမှ ဖြန့်ချိရေး ပင်ရင်း ဈေးရရှိခြင်း၊ ပို့ဆောင်ရေး ကုန်ကျစရိတ် သက်သာခြင်းတို့ကြောင့် သင်္ဘောခ တစ်အိတ်ငွေကျပ် ၂၅၀ ဝန်းကျင်ရှိသော မိုင် ၁၇၀ ရေလမ်းခရီး ပုသိမ်ရှိ ဆိုင်များတွင် ဘိလပ်မြေ တစ်အိတ် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် လည်းကောင်း၊ သင်္ဘောခ တစ်အိတ် ငွေကျပ် ၉၀ သာရှိသော ရေလမ်းမိုင် ၁၀၀ ရှိ မော်ကျွန်းမြို့တွင် ဆိပ်ကမ်းတွင် သင်္ဘောမှ ကပ်ပြောင်း ဘိလပ်မြေတစ်အိတ်ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ရောင်းချနေရာ ရန်ကုန်နှင့် နယ်ဈေးနှုန်းကွာဟမှုကျဉ်းမြောင်းသဖြင့် မြစ်ဝကျွန်းပေါ်ဒေသတွင် ရန်ကုန်သို့ တိုက်ရိုက်မှာယူမှုနည်းလာသည်ဟု စော်ဘွားကြီးကုန်းရှိ ဘိလပ်မြေဆိုင်ပိုင်ရှင်များက ဆိုသည်။ **(ခင်ဆိုင်)**

# ရန်ကုန်-မူဆယ် ကုန်ပို့ကားခကျဆင်း ဖရဲသီးဈေးကွက် အဝယ်မလိုက်

**ရန်ကုန် ဇန်နဝါရီ ၇**

တရုတ်နယ်စပ်တွင် ဆန်နှင့် ဖရဲသီး ဈေးနှုန်းများ ကျဆင်းလာမှုနှင့် အတူ ရန်ကုန်-မူဆယ်ကားခများ ကျဆင်းမှု ရှိလာကြောင်း သိရသည်။

ယခင်ရာကျော် ဆန်တစ်အိတ်လျှင် ယွမ်ငွေ ၁၄၀အထက်တွင် ရှိသော်လည်း ယခုအခါ ယွမ်ငွေ ၁၃၀ ဝန်းကျင်သာရှိပြီး ငွေကြေးလဲလှယ်နှုန်းဖြင့် တွက်လျှင် ဆန်တစ်အိတ် ဈေးနှုန်းကျပ် ၁၇၅၀၀ မှ ၁၈၀၀၀ ဝန်းကျင်သာ ရရှိကြောင်း၊ ဒီဇင်ဘာလ လယ်ပိုင်းတွင် ဆန်တစ်အိတ် တစ်တန် (အိတ် ၂၀)ကားခကျပ် ၉၀၀၀၀ နှုန်း ပေးရရာ တစ်အိတ်လျှင် ကားခ ငွေကျပ် ၄၅၀၀ ဖြစ်နေကြောင်း၊ ဆန်ကုန်သည်များ အကျိုးအမြတ်ရရှိမှုနည်းသည့်အတွက် မူဆယ်သို့ ဆန်တင်ပို့မှု လျော့ကျလာခြင်းကြောင့် ကားခဈေးနှုန်းများ တစ်တန်လျှင်ငွေကျပ် ၈၆၅၀၀ မှ ၈၅၀၀၀အထိဈေးကျလာခဲ့ပြီး ဇန်နဝါရီလဆန်းတွင် ငွေကျပ် ၈၈၀၀၀ အထိ ပြန်လည်မြင့်တက်လာသည်ဟု ကုန်သည်နှင့် ကားဂိတ်များထံမှ သိရသည်။

ထို့အတူ ဖရဲသီးများသည် နယ်စပ်တွင် အဝယ်မလိုက်သည့်အတွက် ဒီဇင်ဘာလကုန်မှစ၍ ဖရဲသီးတစ်တန်လျှင် ကားခ ငွေကျပ်၅၀၀၀ခန့် ဈေးကျလာသည်ဟု သိရသည်။ ရန်ကုန်တိုင်းဒေသကြီး ခရမ်းဒေသမှ ဖရဲသီးများ ကားခတစ်တန်လျှင် ငွေကျပ် ၁၁၅၀၀၀၊ ၁၂၀၀၀၀ နှုန်းဖြင့် တင်ဆောင်နေရာမှ ယခုအခါ ငွေကျပ် ၁၁၀၀၀၀ ဝန်းကျင်သာရှိသည်ဟု ဘုရင့်နောင်ပွဲရုံ ခရေလမ်းရှိ ရန်ကုန်-မန္တလေး မူဆယ်ကားဂိတ်တာဝန်ခံတစ်ဦးက ပြောပြသည်။

ကုန်ပို့ကားခများ အတက်အကျ ပြောင်းလဲနေသော်လည်း အဝေးပြေးကုန်စည်ပို့ဆောင်ရေး ကုန်တင်ယာဉ်ကြီးများအနေဖြင့် ပြေးဆွဲခွန်၊ ညအိပ်ခွန် အပါအဝင် နှစ်စဉ်သက်တမ်း တိုးအခွန်အခများစွာ ပေးဆောင်နေရသည့်အပြင် လမ်းခရီးများတွင် တရားမဝင် ငွေကြေးအမျိုးမျိုးပေးဆောင်ရခြင်းများ တွေ့ကြုံနေရဆဲဖြစ်ကြောင်း၊ ၂၀၁၃ ခုနှစ်တွင် နယ်မြေဒေသအချို့တွင် ကုန်တင်ယာဉ်များ မှတ်ပုံတင် ပြုလုပ်ရမည်။ မပြုလုပ်ပါက မော်တော်ယာဉ် ဥပဒေအရ တရားစွဲမည် ဆိုသော သတင်းများ ထွက်ပေါ်နေရာ ဥပဒေနှင့်အညီ အခွန်အခပေးဆောင်ပြီး နောက် ထပ်မံ ခေါင်းစဉ်အမျိုးမျိုးတပ် လုပ်ဆောင်လာခြင်းများသည် အဝေးပြေးကုန်စည် ပို့ဆောင်ရေးလုပ်ဆောင်ခြင်းတွင် ဝန်ထုပ်ဝန်ပိုးဖြစ်စေပြီး ပွင့်လင်းမြင်သာသော ယခုလိုအချိန်တွင် မရှိသင့်ကြောင်း၊ ကုန်တင်ယာဉ်တစ်စီးအပေါ် တစ်ကြိမ်လျှင် ငွေကျပ် ၁၀၀၀ ကောက်ခံလျှင်ပင် နေ့စဉ် မြန်မာပြည်တစ်ဝန်း ပြေးဆွဲနေသော ကုန်တင်ယာဉ်များပေါ်မှ ငွေကျပ် သိန်းပေါင်းဆယ်ချီ၍ ရနိုင်ရာ တရား ဝင်အခွန်အခအပြင် မလိုလားအပ်သော ငွေကြေးကောက်ခံမှုများ မရှိသင့်တော့ကြောင်း အဝေးပြေးကုန်တင်ယာဉ် ပိုင်ရှင်များက ဆိုသည်။ **(ခင်ဆိုင်)**

# စီးပွားဖြစ်စိုက်ပျိုးအောင်မြင်နေသည့် ချင်းစုမှပန်းမုန်လာ

**စစ်ကိုင်း ဇန်နဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး မြို့ပေါ် ရပ်ကွက်တစ်ခုဖြစ်သည့် နန္ဒဝန်တိုက်နယ် ချင်းစုရပ်ကွက်တွင် ဆောင်းသီးနှံ ပန်းမုန်လာများစိုက်ပျိုးကာ ဈေးကွက် ဝင်လျက်ရှိကြောင်း သိရသည်။

ယခင်က ပန်းမုန်လာပွင့်များကို ပြင်ဦးလွင်မြို့မှ တစ်ဆင့် မန္တလေး၊ မန္တလေးမှ စစ်ကိုင်းသို့ ဝယ်ယူ ရောင်းချခဲ့ရသည်။ ရုံ ဖန်ရုံခါ မုံရွာမြို့နယ်မြေနဲရွာမှ ပန်းမုန်လာအများအပြား ဝင်ရောက်လာပြီး စစ်ကိုင်းဈေးတွင် ရောင်းချသည်။

ယခုအခါ စစ်ကိုင်းမြို့ပေါ် ချင်းစုရပ်ကွက်တွင် ပန်းမုန်လာများ ဖြစ်ထွန်းအောင်မြင်ပြီး ဈေးကွက်ရှိသဖြင့် စိုက်ပျိုးသူများ အကျိုးအမြတ်ဖြစ်ထွန်းလျက်ရှိသည်။

ယင်းမုန်လာပင်များသည် ရက်ပေါင်း ၄၅ ရက်တွင် တစ်ခါပွင့်၍ အပွင့်မှာ ကြီးပြီးလှသည်။ ဈေးကွက်ဝင်သည်။ အခြားနယ်မှ ပန်းမုန်လာကို ဝယ်ယူရောင်းချရန် မလိုအောင် ချင်းစုရပ်ကွက်တွင် စီးပွားဖြစ် စိုက်ပျိုးအောင်မြင်လျက်ရှိကြောင်း သိရသည်။

ဈေးတွင် အပွင့်လှလှကြီးကြီး တစ်ပွင့်လျှင် ငွေကျပ် ၄၀၀ မှ ၄၅၀ ဈေးရကြောင်း စိုက်ပျိုးသူတစ်ဦးထံမှ သိရသည်။ **(၁၄၀)**

# ရန်ကုန်မှ မြစ်ဝကျွန်းပေါ်သို့ မြေဆီတင်ပို့မှုများလာပြီး ကားခမြင့်လာ

**ရန်ကုန် ဇန်နဝါရီ ၇**

တောင်သူလယ်သမားများကို ဓာတ်မြေဩဇာအိတ်များ အကြွေးစနစ်ဖြင့် ရောင်းချပေးမည့်သတင်းနှင့်အတူ ရန်ကုန်မှ မြစ်ဝကျွန်းပေါ်ဒေသများသို့ ဓာတ်မြေဩဇာအိတ်များ တင်ပို့မှုများလာသဖြင့် ဇန်နဝါရီလဆန်းပိုင်းတွင် ရန်ကုန်မှ ပုသိမ်သို့ ကားခများပြန်လည်မြင့်တက်လာကြောင်း သိရသည်။

ရန်ကုန်-ပုသိမ် ၁၁၃ မိုင်ခရီးတွင် ဓာတ်မြေဩဇာအိတ်တစ်အိတ်လျှင် ကားခ ငွေကျပ် ၅၅၀ နှုန်းသာရှိရာမှ ယခုရက်ပိုင်းတွင် ငွေကျပ် ၇၀၀ နှုန်းသို့ မြင့်တက်လာကြောင်း၊ မှော်ဘီမြောင်းတကာမှ မြေဆီအိတ်များ ပုသိမ်သို့ ကားခငွေကျပ် ၉၀၀ ရှိသည့် နည်းတူ ရန်ကုန်မှ ပုသိမ်-ငွေဆောင်ကားလမ်းပေါ်ရှိ ပုသိမ်မှ ၁၂ မိုင်ဝန်းကျင် ဝေးသော သလပ်ခွာကျေးရွာသို့ ဓာတ်မြေဩဇာ တစ်အိတ်လျှင် ကားခငွေကျပ် ၉၀၀ နှုန်း ရရှိကြောင်း သိရသည်။

ရန်ကုန်မှ ပုသိမ်အဆင်း ပို့ကုန်ဓာတ်မြေဩဇာများ ရှိနေသဖြင့် ဇန်နဝါရီ ၅ ရက်က ပုသိမ်ဂိတ်များတွင် ဂိတ်ကျန်ကုန်ကားနည်းသွားကြောင်း၊ ရန်ကုန်မှ ပုသိမ်သို့ ကားခနှုန်းမြင့်တက်လာသော်လည်း ရန်ကုန်သို့ ပုသိမ်မှ ဆန်တင်ပို့မှုနည်းပြီး ကားခ တစ်အိတ် ငွေကျပ် ၅၅၀ နှုန်းသာရှိသေးကြောင်း သိရသည်။

**လွှဲပြောင်းတင်ဆောင်**

ပုသိမ်သို့ လုပ်ငန်းသုံး ဘိလပ်မြေများသာတင်ပို့ပြီး ပုဂ္ဂလိကအရောင်းဆိုင်များမှာမူ ပြည်ပမှ တင်သွင်းသော သင်္ဘောများမှ တစ်ဆင့် သင်္ဘောတင်ကုန်တင်ယာဉ်များဖြင့် ရန်ကုန်ဆိပ်ကမ်းတွင် ရေယာဉ်ဖြင့် လွှဲပြောင်းတင်ဆောင်ပြီး ကားလမ်းမှ တင်ပို့မှု အလွန်နည်းကြောင်း သိရသည်။ **(ခင်ဆိုင်)**

# ၂၀၁၂ ခုနှစ်တွင် ယာဉ်မတော်တဆမှုကြောင့် သေဆုံးသူ စုစုပေါင်း ၃၀၀၀ ကျော် ရှိဟုဆို

**တာချီလိတ် ဇန်နဝါရီ ၇**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ဇန်နဝါရီ ၅ ရက် နံနက် ၉ နာရီက တာချီလိတ်မြို့ အောင်မြတ်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးစိုင်းနော်ခမ်း၊ တာချီလိတ် ခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိ မြို့ဖများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မော်တော်ယာဉ် လုပ်သားများနှင့် ဖိတ်ကြားထားသူများ အင်အား ၃၀၀ကျော်တက်ရောက်ကြသည်။

၂၀၁၂ ခုနှစ်အတွင်း မြန်မာတစ်နိုင်ငံလုံးတွင် ယာဉ်မတော်တဆမှု ၁၀၅၃၉ မှုဖြစ်ပွားကာ ဒဏ်ရာရရှိသူပေါင်း ၁၈၀၄၇ ဦး၊ သေဆုံးသူပေါင်း ၃၀၃၇ ဦး ရှိခဲ့ကာ ရှမ်းပြည်နယ်အတွင်းတွင် ယာဉ်မတော်တဆမှု ၉၅၉ မှု၊ ဒဏ်ရာရရှိသူ ၁၄၆၀ ဦး၊ သေဆုံးသူ ၃၂၃ ဦး ရှိခဲ့သည်။ တာချီလိတ်ခရိုင်အတွင်း၌ ယာဉ်မတော်တဆမှု ၈၅ မှု၊ ဒဏ်ရာရရှိသူ ၉၈ ဦး၊ သေဆုံးသူ ၂၈ ဦး ရှိခဲ့သည်။

ယာဉ်မတော်တဆမှုဖြစ်ပွားရခြင်း၏ အကြောင်းရင်းများကို လေ့လာရာတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို သိရှိနားလည်မှု နည်းပါးခြင်း၊ လိုက်နာမှုမရှိခြင်း၊ အရက်သေစာသောက်စားပြီး မောင်းနှင်ခြင်း၊ အသက်မပြည့်သေးသူ ကလေးသူငယ်များက မောင်းနှင်ခြင်း၊ စည်းကမ်းမဲ့ လမ်းဖြတ်ကူးခြင်းနှင့် အဝေးပြေးလမ်းမကြီးပေါ်တွင် တိရစ္ဆာန်များ ထိန်းကျောင်းခြင်း၊ ယာဉ်စီးရေများပြားလာကာ ယာဉ်သွားလမ်းကြောင်းနှင့် ယာဉ်အရေအတွက် မမျှတခြင်း၊ စစ်ဆေးအရေးယူမှု အားနည်းခြင်းနှင့် ခေတ်ကာလနှင့် မလျော်ညီသော ဒဏ်ကြေးပေးဆောင်ရမှုအပေါ် ပြည်သူတို့က အလေးမထားခြင်းတို့ကြောင့် ဖြစ်ကြောင်း တွေ့ရှိရသည်။

**အကြံပြုပြောကြား**

ယခုကဲ့သို့ အသိပညာပေး ဆွေးနွေးပွဲများကို ပြည်သူလူထုအတွင်း ယခုထက်ပိုမိုကျယ်ပြန့်စွာ အသိပေး ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးပွဲ တက်ရောက်လာကြသူများက အကြံပြုပြောကြားကြသည်။

**မောင်ယဉ်ကျေး (တာချီလိတ်)**

# ဆိုင်ကယ်တိုက်မိ၍ ၈၅ နှစ်အရွယ် အဘွားအိုတစ်ဦးသေဆုံး

**ပြည် ဇန်နဝါရီ ၇**

ဇန်နဝါရီ ၆ ရက် နံနက် ၇ နာရီခွဲက ဖွဲ့ဇန်မောင်းနှင်ပြီး နောက်မှ ဇေယျာထက်လိုက်ပါလာသော ၁၈ယ/. . . Show Gun(125) နက်ပြာရောင်ဆိုင်ကယ်သည် ရွှေတောင်မြို့မှ ပြည်မြို့ဘက်သို့ မောင်းနှင်လာစဉ် ခေတ္တရာမြို့သစ်ရပ်ကွက် (၁၄) လမ်းထိပ် အရောက်တွင် လမ်းဖြတ်ကူးသူ ဒေါ်လှရင် ၈၅ နှစ်ကို တိုက်မိခဲ့ရာ ပြည်ဆေးရုံကြီး၌ ဆေးကုသမှုခံယူနေစဉ်ရရှိသော ဒဏ်ရာဖြင့် သေဆုံးသွားခဲ့သည်။

အဆိုပါဖြစ်စဉ်မှ ဆိုင်ကယ်မောင်းနှင်သူ ဖွဲ့ဇန်ကို အရေးယူပေးပါရန် ပြည်မြို့ အမှတ် (၂) ရဲစခန်းမှ တာဝန်မှူး ဒုရဲအုပ် လှိုင်မိုးဝေက တရားလိုပြုလုပ်ပြီး အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။ **ကျော်ကျော်(ပြည်)**

## တောင်ကြီးမြို့၊ ကုန်ခြောက် သား/ငါးဈေး အဆင့်မြင့်ဈေးတည်ဆောက်ခြင်းလုပ်ငန်း အဆိုပြုတင်ပြရန်အတွက် တင်ဒါခေါ်ယူခြင်း

၁။ တောင်ကြီးမြို့၊ ကန်ရှေ့ရပ်ကွက်၊ တက်ခေတ်လမ်းနှင့် မဟာသုခလမ်းကြား၊အမှတ် ၂၆၊ ဦးပိုင်အမှတ် ၄၀၊ ဧရိယာ ၁ ဒသမ ၄၄ဧကရှိသည့် ကုန်ခြောက်/သားငါးဈေးအား အဆင့်မြင့်ဈေးအဖြစ် ဆောက်လုပ်ရန်အတွက် တည်ဆောက်မည့်ပုံစံများကို အဆိုပြုတင်ပြရန် တင်ဒါပေးသွင်းနိုင်ရေးအတွက် ကြော်ငြာခေါ်ယူအပ်ပါသည်။

၂။ ကုန်ခြောက် သား/ငါးဈေးအား အဆင့်မြင့်ဈေးအဖြစ် ဆောက်လုပ်ပြီးစီးလျှင် စည်ပင်သာယာရေးအဖွဲ့သို့ လွှဲပြောင်းအပ်နှံရမည်ဖြစ်ပြီး ဆောက်လုပ်လိုသည့် ကုမ္ပဏီသည် ဈေးတစ်ခုတွင် ပါဝင်ရမည့် လိုအပ်ချက်များအားလုံးကို ထည့်သွင်းပုံစံထုတ် ရေးဆွဲအဆိုပြုရမည်ဖြစ်ပါသည်။ ယေဘုယျအားဖြင့် အောက်ပါအချက်များကို အခြေခံပြီးကုမ္ပဏီ၏ အမြင်အရ ပိုမိုကောင်းမွန်သည့်အချက်များ ထည့်သွင်းရေးဆွဲနိုင်ပါသည်-

(က) ဈေးအားသုံးထပ်နှင့်အထက်ပုံစံရေးဆွဲရန်
(ခ) ဈေးသူ/ဈေးသားများနှင့် ဈေးဝယ်လာသူများ၏ကားများနှင့် မော်တော်ဆိုင်ကယ် ရပ်နားရန် နေရာများအတွက် အစီအမံများ၊
(ဂ) စားသောက်ဆိုင်များ၊ Shopping Mall, Show Room အလှပြင်ဆိုင်ခန်းများ၊ ကုမ္ပဏီ ရုံးခန်းများ ပါဝင်သည့်အစီအမံများ၊
(ဃ) အဆင့်မြင့်ဈေးအတွင်း ဝင်/ထွက်လမ်းများနှင့် ဈေးပတ်လည်ရေနုတ်မြောင်းများ ဆောင်ရွက်မည့်အစီအမံများ၊
(င) ရောင်းကုန်အမျိုးအစားအလိုက် ဆိုင်ခန်းနေရာသတ်မှတ်မှုများ၊
(စ) မူလဆိုင်ခန်းရှင်များအား ပြန်လည်နေရာချထားပေးမည့် အစီအမံများ၊
(ဆ) အများသုံးသန့်စင်ခန်းများ ထည့်သွင်းတည်ဆောက်မည့်အစီအမံများ၊
(ဇ) အမှိုက်သိမ်းဆည်းမှုစနစ်နှင့် ရေဆိုးထုတ်မည့်အစီအမံ
(ဈ) လုံခြုံရေးစနစ်၊ မီးဘေးလုံခြုံရေးစနစ်နှင့် အရေးပေါ်ထွက်ပေါက်များ ထားရှိမည့် အစီအမံများ၊
(ည) ရေရှိရေး၊ ရေပေးဝေရေး ဆောင်ရွက်မည့်အစီအမံများ၊
(ဋ) ဆိုင်ခန်းမီးများ၊ လုံခြုံရေးမီးများအတွက် လျှပ်စစ်သွယ်တန်းတပ်ဆင်မှု အစီအမံများ၊
(ဌ) ပုံကျဈေးသည်များ နေရာချထားပေးမည့်အစီအမံ ထည့်သွင်းရေးဆွဲအဆိုပြုရန် ရှိပါက ထည့်သွင်းရေးဆွဲမည့် အစီအမံများ၊

၃။ အဆိုပြုလွှာတင်သွင်းသည့်ကုမ္ပဏီသည် မိမိတင်သွင်းသည့်ပုံစံအရ ခန့်မှန်းကုန်ကျစရိတ်နှင့် ပြန်လည်ရောင်းချမည့်ဈေးနှုန်းများ ဆောင်ရွက်လိုသည့် အငှားစနစ်ပါ ထည့်သွင်း အဆိုပြုရမည်။

၄။ တင်ဒါတင်သွင်းသည့်ကုမ္ပဏီသည် အဆင့်မြင့်ဈေးသစ် တည်ဆောက်ပြီးစီးပါက ဖြစ်ပေါ်လာမည့် အကျိုးရလဒ်အပေါ် ကုမ္ပဏီနှင့်စည်ပင်သာယာရေးအဖွဲ့တို့အတွက် ခွဲဝေမှုအစီအမံများ ပါဝင်ထည့်သွင်းတင်ပြရမည်။

၅။ အဆိုပြုတင်ဒါတင်သွင်းမည့်ကုမ္ပဏီသည် ကုမ္ပဏီမှတ်ပုံတင်၊ မိမိဆောက်လုပ်မည့်ပုံစံများနှင့်အတူ ငွေကျပ်သိန်း ၅၀၀ကို အာမခံငွေအဖြစ် တင်သွင်းရမည်။

၆။ ကြီးကြပ်မှုကော်မတီအား မိမိပုံစံနှင့်ပတ်သက်၍ သတ်မှတ်ရက်တွင် ရှင်းပြရမည်ဖြစ်ပြီး ပုံစံရွေးချယ်မခံရလျှင် တင်သွင်းထားသည့် အာမခံငွေအား တင်ဒါအတည်ပြု ရွေးချယ်ပြီးသည့်ရက်မှ ခုနစ်ရက်အတွင်း ပြန်လည်ထုတ်ပေးမည်ဖြစ်ပါသည်။

၇။ ရွေးချယ်ခံရသည့်ကုမ္ပဏီသည် တင်ပြသည့်စံချိန်၊ စံညွှန်းများနှင့်အညီ ဆောက်လုပ်ရမည်ဖြစ်ပြီး ကုန်ခြောက် သား/ငါးဈေး အဆင့်မြင့်ဈေးတည်ဆောက်ရေးကြီးကြပ်မှုကော်မတီနှင့် အသေးစိတ် စည်းကမ်းချက်များဆွေးနွေးပြီး စာချုပ်ချုပ်ဆိုလုပ်ကိုင်သွားရမည်ဖြစ်ပါသည်။

၈။ အဆိုပြုတင်ဒါများနှင့် အာမခံငွေကျပ်သိန်း ၅၀၀ကို ၁၁-၂-၂၀၁၃ ရက်မွန်းတည့် ၁၂:၀၀ နာရီ နောက်ဆုံးထား၍ ကုန်ခြောက် သား/ငါးဈေး အဆင့်မြင့်ဈေးတည်ဆောက်ရေး ကြီးကြပ်မှုကော်မတီသို့ တင်သွင်းရမည်။

၉။ လျှောက်လွှာပုံစံနှင့်အသေးစိတ်စည်းကမ်းချက်များကို ၁၁-၁-၂၀၁၃ ရက်မှစတင်၍ ရုံးချိန်အတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ဝယ်ယူနိုင်ပါသည်။

**ကုန်ခြောက် သား/ငါး အဆင့်မြင့်ဈေးတည်ဆောက်ရေး ကြီးကြပ်မှုကော်မတီ**
**မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး**
**တောင်ကြီးမြို့၊**
**ဖုန်း-၀၈၁-၂၁၂၂၇၄၁၊ ၀၈၁-၂၁၂၂၁၂၀**

**တာပေမြင့်မှ လူမျိုးတင့်မည်**





## အားကစားသတင်း

# လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကသာခရိုင်အဆင့် မိုင်ရှည်အပြေးပြိုင်ပွဲကျင်းပ

**ကသာ ဇန်နဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်အဆင့် မိုင်ရှည် ၁၈ မိုင် တာဝေးအပြေးပြိုင်ပွဲကို (၆၅) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့)တွင် အင်းတော်မှ ကသာသို့ ၁၈ မိုင်တာဝေးပြေးပွဲကို နံနက် ၆ နာရီ ၆ မိနစ်တွင် အင်းတော်မြို့အင်းသာ ခန်းမအနီးမှ ပြည်ထောင်စုလမ်းမကြီးအတိုင်း တာစလွတ်ရာ ပြိုင်ပွဲဝင်အားကစားသမား ၆၅ ဦးပါဝင်ယှဉ်ပြိုင်ကြသည်။

"ဒီနှစ်က ထူးထူးခြားခြားပဲ ကသာခရိုင်အဆင့်ကို မိုင်ရှည်ပြေးခဲ့ကြတယ်။ အရင်တုန်းက လွတ်လပ်ရေးနေ့တွေမှာ အခုလောက်မပြေးရဘူး။ ဘာကြောင့်လဲဆိုတော့ နဘားလမ်းဆုံက နေပြီးမှ ကသာအထိသာ ပြေးရတယ်။ နဘားနှင့် ကသာဟာ ၁၄ မိုင်ပဲ ဝေးတယ်။ အခုတော့ အင်းတော်နှင့် ကသာဆိုတော့ မိုင်ရှည်ပြေးတာ ၁၈ မိုင် အကွာအဝေးရှိပါတယ်။ ဒီလို အကွာအဝေးတိုးမြှင့်လို့ ပြေးရတာကို ကျွန်တော်တို့ အားကစားသမားလူငယ်တွေက ကျေနပ်ပါတယ်။ ဒါက ကျွန်တော်တို့ရဲ့ အရည်အချင်းကို မြှင့် တင်ပေးခဲ့တာဖြစ်ပါတယ်။

**ပြောကြားခဲ့**

"အင်းတော်ကနေ ကသာကို တာဝေးပြေးသွားတဲ့ မိုင်ရှည်အပြေးသမားတွေထဲမှာ ပထမဆုံး ပန်းဝင်သွားတာကတော့ ကသာက အပြေးသမားမောင်မြတ်မင်းစိုးက ပထမရရှိသွားပါတယ်။ ဒုတိယပန်းဝင်သွားတာကတော့ ထီးချိုင့်က အပြေးသမား မောင်ရဲအောင်ဖြစ်ပါတယ်။ တတိယဆုလည်း ထီးချိုင့်က မောင်အောင်ပိုင်ရသွားပါတယ်။ စတုတ္ထဆုကတော့ မောင်ဖိုးထောင်ရပါတယ်။ နောက်ပြီး ပဉ္စမဆုကတော့ ကသာက မောင်မင်းမင်းဦး ရသွားပါတယ်။ မိုင်ရှည် ၁၈ မိုင် တာဝေးပြေးတာကတော့ လွတ်လပ်ရေးနေ့မှာ ဒါပထမဆုံးအကြိမ် ဖြစ်ပါတယ်" ဟု ကသာမှ အပြေးလူငယ်တစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါ တာဝေးအပြေးပြိုင်ပွဲကို ကသာခရိုင် အား/ကာ ရုံးမှ ကြီးမှူးကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

**လေပွေနီ(အင်းတော်)**

# ဘတ်စကက်ဘောအားကစားနည်းပညာ မြန်မာတိုင်းရင်းသားများ အမေရိကန်တွင် သွားရောက်သင်ယူမည်

**ရန်ကုန် ဇန်နဝါရီ ၇**

အမေရိကန်ပြည်ထောင်စုတွင် မြန်မာတိုင်းရင်းသား ကျောင်းသား လူငယ် ဘတ်စကက်ဘောအားကစားသမား ၁၂ ဦးသည် ပထမဦးဆုံးအကြိမ်အဖြစ် ဘတ်စကက်ဘော အားကစားနည်းနှင့် ပတ်သက်ပြီး လေ့လာသင်ယူခွင့်ရရှိ မည်ဖြစ်ကြောင်း သိရှိရသည်။

ဘတ်စကက်ဘော အားကစားနည်းများ သွားရောက်လေ့လာသင်ယူမည့် ကျောင်းသားအများစုမှာ အသက် ၁၅ နှစ်မှ ၁၈ နှစ်အတွင်းရှိ ကချင်၊ ကယား၊ ကရင်၊ ရှမ်း၊ မွန်၊ ရခိုင်၊ မန္တလေး၊ ဧရာဝတီ၊ စစ်ကိုင်းတိုင်းဒေသကြီးတို့မှ တိုင်းရင်းသားလူငယ်များ ဖြစ်ကြသည်။

**သင်ကြားမည်**

အမေရိကန်ပြည်ထောင်စု၏ မြို့တော် ဝါရှင်တန်နှင့် မြောက်ကယ်ရိုလိုင်းနားပြည်နယ်တို့တွင် ဇန်နဝါရီ ၆ ရက်မှစတင်၍ နှစ်ပတ်ကြာ လေ့လာသင်ကြားခွင့်ရရှိမည်ဖြစ်ပြီး ဘတ်စကက်ဘောအားကစားနည်းကို ဝါသနာပါသော်လည်း သင်ကြားနိုင်ရန် အခွင့်အလမ်းနည်းပါးသည့် ဒေသများမှ ကျောင်းသားလူငယ်များကိုသာ ရွေးချယ်ခေါ်ယူခဲ့ကြောင်းနှင့် အမေရိကန်ပြည်ထောင်စုမှ ကမ္ဘာကျော် NBA ဘတ်စကက်ဘောနည်းပြအဖွဲ့က သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**ထွက်ခွာသွား**

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ကျော်ဝင်းနှင့် တွဲဖက်အတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာအောင်တို့ ဦးဆောင်သော အဖွဲ့ဝင် ၁၄ ဦးပါသော အဆိုပါအဖွဲ့သည် ဇန်နဝါရီ ၆ ရက် ညနေ ၆ နာရီခွဲက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်း ခရီးစဉ်ဖြင့် ထွက်ခွာသွားရာ မြန်မာနိုင်ငံဘတ်စကက်ဘော အဖွဲ့ချုပ်နာယက ဒေါ်နီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်မြင့်နှင့် အမှုဆောင်များက ပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**အား/ကာ (ရန်ကုန်)**

# ရပ်ကွက်အုပ်ချုပ်ရေးမှူးဖလား (ဖူဆယ်) ဘောလုံးပြိုင်ပွဲ

**ရန်ကုန် ဇန်နဝါရီ ၇**

တတိယအကြိမ်မြောက် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက် အုပ်ချုပ်ရေးမှူးဖလား အမျိုးသားအကြီးတန်း ဖူဆယ်(အလွတ်တန်း)ဘောလုံးပြိုင်ပွဲကို အမက(၇) အားကစားကွင်း၌ ဒီဇင်ဘာ ၂၂ ရက် မှ စတင်ကစားခဲ့ပြီး ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့) မွန်းလွဲ ၂ နာရီတွင် ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ကျင်းပသည်။ **(အောက်ပုံ)**

အဆိုပါ ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းဝင်ပေါင်း ၂၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ အစီအစဉ်အရ ဗိုလ်လုပွဲကျင်းပရာ ကောင်းသန့်က FBI အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ပထမတံခွန်စိုက်ဆုကို ဆွတ်ခူးရရှိသွားသည်။

**မြင့်ဦး(အင်းစိန်)**

# မြန်မာ့ရိုးရာခြင်းလုံး လူရွေးပွဲကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၇**

၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာ့ရိုးရာခြင်းလုံးအသင်း အောင်မြင်မှုရရှိရေးနှင့် ရွှေတံဆိပ်များ ဆွတ်ခူးနိုင်ရေးအတွက် မြန်မာ့ရိုးရာ ခြင်းလုံးလက်ရွေးစင်များ ရွေးချယ်ပြိုင်ပွဲကို လာမည့် ဖေဖော်ဝါရီလ ၂ ရက်မှ စတင်၍ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း (မိုးလုံလေလုံ) အားကစားခန်းမ၌ ကျင်းပသွားမည်ဖြစ်သည်။

**ပါဝင်ယှဉ်ပြိုင်နိုင်**

အဆိုပါ မြန်မာ့ရိုးရာခြင်းလုံးလက်ရွေးစင်ရွေးချယ်ပြိုင်ပွဲတွင် Champion Challenge Cup ပြိုင်ပွဲ၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ပဏာမလက်ရွေးစင်များနှင့် ပြိုင်ပမည့်သည့် အားကစားသမားမဆို တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ဝင်ကြေးအခမဲ့ဖြင့် အရွေးချယ်ခံ ပါဝင်ယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင်ရောက် အရွေးချယ်မည့် အားကစားသမားများသည် ကြိုတင်လေ့ကျင့်ထားရန်နှင့် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်သို့ ဇန်နဝါရီ ၁၅ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းရန်နှင့် ရွေးချယ်ခံရပါက မြန်မာ့ရိုးရာခြင်းလုံးအဖွဲ့ချုပ် ဖုန်း-၀၁-၃၉၃၄၂၀ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း သိရှိရသည်။

**အား/ကာ (ရန်ကုန်)**

**အားကစားမြှင့်တင်**
**စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## ဆီရီနာဝီလျံ ၄၇ လုံးမြောက် ဖလားဆွတ်ခူး

အမေရိကန်နာမည်ကြီးတင်းနစ်မယ် ဆီရီနာဝီလျံသည် ဩစတြေးလျနိုင်ငံ ဘရစ္စဘိန်းမြို့၌ကျင်းပလျက်ရှိသည့် ဘရစ္စဘိန်းအင်တာနေရှင်နယ်တင်းနစ်ပြိုင်ပွဲတွင် ရုရှားတင်းနစ်မယ်ပလူချန်ကိုဗာအားအနိုင်ရပြီး ဆုဖလားဆွတ်ခူးသွားသည်။ **(အပေါ်ပုံ)**

ဝင်ဘယ်ဒန်နှင့် ယူအက်စ်အိုးပင်းချန်ပီယံ ဆီရီနာဝီလျံသည် အသက် ၂၁ နှစ်ရှိ ရုရှားတင်းနစ်မယ်အား ၆-၂၊ ၆-၁ ဖြင့်အနိုင်ရရှိပြီး ဆုဖလားဆွတ်ခူးသွားခဲ့သည်။ အသက် ၃၁ နှစ်ရှိ ဆီရီနာဝီလျံသည် မဲလ်ဘုန်း၌ ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲမကစားမီတစ်ပတ်အလို ၎င်းဖလားကိုဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ ယင်းဆုဖလားသည် သူမ၏တင်းနစ်မယ်သက်တမ်းတစ်လျှောက် ၄၇ လုံးမြောက် ဖလားဖြစ်သည်။ သူမသည် လွန်ခဲ့သော ၃၆ ပွဲတွင် ၃၅ ပွဲအနိုင်ရရှိထားသည်။

## လမ်းပတ် ချယ်လ်ဆီးမှထွက်ရန် သေချာသွားပြီ

ချယ်လ်ဆီးကွင်းလယ်ကစားသမား ဖရန့်လမ်းပတ်သည် ယခုနှစ်ဘောလုံးရာသီကုန်လျှင် ချယ်လ်ဆီးမှ ထွက်ခွာလိမ့်မည်ဖြစ်ကြောင်း ၎င်း၏အေးဂျင့်စတိဗ်ကွတ်တနာက ပြောကြားလိုက်သည်။ အသက် ၃၄ နှစ်ရှိ ကွင်းလယ်ကစားသမားလမ်းပတ်သည် ၎င်း၏အေးဂျင့်က အီတလီမီဒီယာနှင့် တွေ့ဆုံရာတွင် အထက်ပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။ လမ်းပတ်ကိုယ်တိုင်ကလည်း ချယ်လ်ဆီးနှင့် ဆောက်သမ်ပတန်တို့ ဇန်နဝါရီ ၅ ရက်က ကစားသည့်ပွဲတွင် ချယ်လ်ဆီးပရိသတ်အား အသင်းမှထွက်ခွာမည်ဖြစ်ကြောင်း ဝန်ခံပြောကြားခဲ့သည်။

**ကောင်းမြတ်သူ-စုစည်းသည်**

# စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်နေ
ဦးဌေးလှိုင်(ဥက္ကဋ္ဌ၊ မာလာမြိုင်ကုမ္ပဏီလီမိတက်)-ဒေါ်လဲ့လဲ့ဦး
(ဒု-ဥက္ကဋ္ဌမာလာမြိုင်ကုမ္ပဏီလီမိတက်)တို့၏သား

**မောင်သော်တာထွန်း**

Diploma in Biotechnology(Biomolecular Science),
Temasak Polytechnic, Singapore.
Bachelor of Agribusiness(Marketing),
Curtin University of Technology,
Western Australia
1st Year, MBA, University of Thai Chamber of Commerce

နှင့်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ
ဦးစိန်လွင်(ဥက္ကဋ္ဌ၊ ဒိုင်းမွန်းမာကျူရီကုမ္ပဏီအုပ်စု)-ဒေါ်တင်တင်သန့်
တို့၏ သမီး

**မအင်ကြင်းလွင်**

Bachelor of Commerce(Accounting),
Curtin University of Technology, Western Australia
1st Year, MBA, University of Thai Chamber of Commerce

တို့သည် ၆-၁-၂၀၁၃ ရက်(တနင်္ဂနွေနေ့)တွင် ရန်ကုန်ရွက်လှေအသင်း(Yangon Sailing Club)၌ နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်သော်တာထွန်း-မအင်ကြင်းလွင်**

နိုင်ငံတကာအားကစားသတင်း

## အားကစားသတင်း အတိုအထွာ

❑ မန်ယူနည်းပြဖာဂူဆန်သည် ဇန်နဝါရီလအတွင်း ဂိုးသမားသစ်တစ်ဦးကို စာချုပ်ချုပ်ဆိုခေါ်ယူမည်ဖြစ်ရာ လက်ရှိမန်ယူဂိုးသမား ဒီဂီရာအားရောင်းထုတ်ရန်စီစဉ်နေပြီဖြစ်သည်။

❑ ဆွမ်ဆီးတိုက်စစ်မှူး အသက် ၂၇ နှစ်အရွယ်ရှိ ဂရာဟမ်အား ဆန်းဒါးလန်းကခေါ်ယူစာချုပ်ရန် နီးစပ်နေပြီဖြစ်သည်။

❑ ကွင်းလယ်ကစားသမားလမ်းပတ်အား စာချုပ်သစ်ချုပ်ဆိုရန် ဆွေးနွေးနေဆဲဖြစ်ကြောင်း ချယ်လ်ဆီးကလပ်တာဝန်ရှိသူများက ပြောကြားသည်။

❑ အင်္ဂလန်အသင်းခေါင်းဆောင်ဟောင်း အသက် ၃၇ နှစ်အရွယ်ရှိ ဒေးဗစ်ဘက်ဟမ်းအား ဝက်စ်ဟမ်းအသင်းက ခေါ်ယူမည်မဟုတ်ကြောင်း နည်းပြဆမ်အလာဒိုက်က ထုတ်ဖော်ပြောကြားသည်။

❑ နာပိုလီအသင်းတိုက်စစ်မှူး အသက် ၂၅ နှစ်အရွယ်ရှိ ကာဗာနီအား ပြောင်းရွှေ့ကြေးပေါင် ၄၅ သန်းဖြင့်ခေါ်ယူရန် မန်စီးတီးကလပ်က စီစဉ်နေပြီး ယင်းမှာ တိုက်စစ်မှူး ဘာလော့တယ်လီနေရာတွင် အစားထိုးမည်ဖြစ်ကြောင်း တာဝန်ရှိသူများကပြောကြားသည်။

❑ ကျူပီအာအသင်းမှ အငှားစာချုပ်ဖြင့် မာဆေးအသင်းသို့ လာရောက်ကစားနေသော အသက် ၃၀ အရွယ်ကွင်းလယ်ကစားသမား ဘာတန်အား ဆက်လက်ခေါ်ယူထားမည်ဖြစ်ကြောင်း မာဆေးအသင်းက သတင်းထုတ်သည်။

❑ ဖာဒီနန်သည်မန်ယူအသင်းနောက်တန်းအတွက် လိုအပ်နေဆဲဖြစ်ကြောင်း နည်းပြဖာဂူဆန်က ထုတ်ဖော်ပြောကြားသည်။

❑ ချယ်လ်ဆီးအသင်းတွင် တိုက်စစ်မှူးအသစ် ဒမ်ဘာဘာရောက်ရှိလာပြီး ဂိုးသွင်းခြေစွမ်းပြနေမှုကြောင့် ပွဲပန်းနေသော တောရက်စ်အား ပွဲအချို့အနားပေးထားမည်ဖြစ်ကြောင်း ဘင်နီတက်ဇ်က ပြောကြားသည်။

❑ မန်စီးတီးအသင်းမှ ထွက်ခွာလိုသောစိတ်ဆန္ဒမှာ တစ်နေ့တခြားပြင်းပြလျက်ရှိကြောင်း၊ ဥရောပထိပ်တန်းကလပ်အချို့က ကမ်းလှမ်းမှုများရရှိထားကြောင်း တိုက်စစ်မှူး ဘာလော့တယ်လီက ထုတ်ဖော်ပြောကြားသည်။

❑ မိမိသည် မန်ယူတွင် ကစားရသည်မှာ မိမိ၏ စွမ်းရည်ကို အကောင်းဆုံးဖော်ထုတ်ပြသခွင့်ရရှိနေကြောင်း၊ ကစားဖော်များနှင့် နည်းပြဖာဂူဆန်တို့၏ ကူညီမှုကြောင့်ဖြစ်ကြောင်း တိုက်စစ်မှူး ဗန်ပါစီက ထုတ်ဖော်ပြောကြားသည်။

❑ လီဗာပူးအသင်းအောင်မြင်မှုရရှိရေးအတွက် ဆက်လက်နေမည်ဖြစ်ပြီး အသင်းပြောင်းရွှေ့မည်မဟုတ်ကြောင်း တိုက်စစ်မှူးဆွာရက်ဇ်က ထုတ်ဖော်ပြောကြားသည်။

❑ အာဆင်နယ်အသင်းသည် တိုက်စစ်မှူး ဝေါကော့သ်အားစာချုပ်သစ်ချုပ်ဆိုနိုင်ခြင်းသည် အသင်းအောင်မြင်မှုရရှိရေးအတွက် အထောက်အကူဖြစ်စေကြောင်း နည်းပြအာစင်ဝင်းဂါးက ပြောကြားသည်။

❑ ရီးရဲမက်ဒရစ်အသင်းသည် ယခုနှစ်ဘောလုံးရာသီ၌ ချန်ပီယံလိဂ်ဖလားကို ရယူနိုင်ရန် ကြိုးစားသွားမည်ဖြစ်ကြောင်း၊ ယင်းမှာ ယခုနှစ်အတွက် မိမိ၏ မျှော်လင့်ချက်ဖြစ်ကြောင်း နည်းပြမော်ရင်ဟိုက ထုတ်ဖော်ပြောကြားသည်။

**မောင်ချစ်ကြည် - စုစည်းသည်**

# ပါးမားကွင်းမှာ အမှတ်ပြည့်ရဖို့ကြိုးစားရမယ့် ဂျူဗင်တပ်စ် နိုင်ပွဲရအောင်အားထုတ်မယ့် လာဇီယိုတို့ရဲ့စီးရီးအေပွဲစဉ်များ

အီတလီစီးရီးအေပွဲစဉ်တွေကို ဇန်နဝါရီ ၁၂ ရက်နဲ့ ၁၃ ရက်တွေမှာ ဆက်လက်ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ စီးရီးအေဖလားကို ရယူဖို့အတွက် ရှေ့ဆုံးကဦးဆောင်နေတဲ့ဂျူဗင်တပ်စ်အသင်းဟာရမှတ်တွေ ဖြတ်ထားနိုင်ဖို့အတွက် ပွဲတိုင်းအနိုင်ရရေးကြိုးစားနေရသလို ဒုတိယနေရာက လာဇီယိုတို့ကလည်း အမှားအယွင်းမရှိ ကစားပြီး ဂျူဗင်တပ်စ်ကို ဖိအားပေးလျက်ရှိပါတယ်။ ဒီနှစ်စီးရီးအေဖလားကို ဆွတ်ခူးနိုင်ရေးအတွက်ထိပ်တန်းအသင်းတွေ ခြေကုန်ထုတ်နေကြသလို တန်းဆင်းဇုန်အတွင်းက အသင်းတွေရဲ့ ရုန်းကန်မှုတွေကလည်း ပြင်းထန်နေတာမို့ စီးရီးအေပွဲစဉ်တွေဟာ ပရိသတ်အကြိုက်ဖြစ်လျက်ရှိပါတယ်။

### ပါးမားနှင့် ဂျူဗင်တပ်စ်

တန်းစီဇယားထိပ်ဆုံးကနေ တစ်ဟုန်ထိုးပြေးနေတဲ့ ဂျူဗင်တပ်စ်ဟာ ဒီပွဲကို ပါးမားကွင်းမှာ သွားကစားရပေမယ့် အဓိက ကစားသမားတွေနဲ့စုဖွဲ့ပြီး ပါးမားကွင်းကို ချီတက်လာမှာဖြစ်ပါတယ်။ အိမ်ကွင်းမှာ ခြေစွမ်းမာကျောတဲ့ ပါးမားကို ဂျူဗင်တပ်စ်တို့ လျှော့တွက်မှာမဟုတ်ဘဲ သေသေချာချာ ဗျူဟာခင်းကျင်းပြီး ကစားပါလိမ့်မယ်။ ဒီနှစ်စီးရီးအေမှာ အကောင်းဆုံးတိုက်စစ်နဲ့ အကျစ်လျစ်ဆုံးခံစစ်ကိုပိုင်ဆိုင်ထားတဲ့ ဂျူဗင်တပ်စ်ဟာ အမြင့်ဆုံးရလဒ်ကို ပိုင်ဆိုင်နိုင်ဖို့ စွမ်းဆောင်ပါလိမ့်မယ်။ ပါးမားဟာ တိုက်စစ်၊ ခံစစ်မျှတအောင်ကစားတတ်ပြီး ပြိုင်ဘက်အသင်းတိုက်စစ်ကို တည်တည်ငြိမ်ငြိမ်ဟန့်တားထိန်းချုပ်နိုင်တဲ့ စွမ်းရည်ရှိတာမို့ ဂျူဗင်တပ်စ်တို့ပွဲအစအဆုံး ဖိဖိစီးစီးကစားမှ အခြေအနေကောင်းနဲ့ ကြုံတွေ့ရနိုင်ပါတယ်။

### လာဇီယိုနှင့် အတ္တလန္တာ

လာဇီယိုကွင်းမှာ ကစားမယ့် ဒီပွဲဟာ အတ္တလန္တာအတွက် ခက်ခဲနေမှာတော့ သေချာပါတယ်။ နောက်ဆုံးငါးပွဲမှာ ရလဒ်ကောင်းအောင် ကစားထားနိုင်တဲ့ လာဇီယိုကစားသမားတွေရဲ့ ခြေစွမ်းကို အတ္တလန္တာတို့ ဟန့်တားထိန်းချုပ်ဖို့တော့ သိပ်မလွယ်ပါဘူး။ လာဇီယိုဟာ တိုက်စစ်မထက်မြက်ပေမယ့် ခံစစ်မှူးတွေရဲ့ စွမ်းရည်က မြင့်မားတာမို့ အတ္တလန္တာရဲ့ ဂိုးသွင်းမသေချာတဲ့ တိုက်စစ်မှူးတွေအတွက်တော့ ခြေကုန်လက်ပန်းကျစေမယ့် အခြေအနေပါပဲ။

### အူဒီးနိစ်နှင့် ဖီအိုရင်းတီးနား

သရေပွဲတွေများနေတဲ့ အူဒီးနိစ်အတွက် အိမ်ကွင်းမှာကစားရမယ့် ဒီပွဲမှာလည်း ပြိုင်ဘက်က ဖီအိုရင်းတီးနားဖြစ်နေတာမို့ ပွဲကျပ်မှာဖြစ်ပါတယ်။ အသင်းလိုက်ကစားအားကောင်းပြီး စုဖွဲ့မှုနဲ့ နားလည်မှုအပိုင်း အားသာတဲ့ အူဒီးနိစ်ကို ဖီအိုရင်းတီးနားတို့ ပထမဦးစားပေး ပွဲထွက်ကစားသမားတွေထုတ်သုံးမှ ရပါလိမ့်မယ်။ ဂိုးသွင်းစွမ်းရည်မြင့်မားတဲ့ ဖီအိုရင်းတီးနား တိုက်စစ်မှူးတွေဟာ အခက်အခဲ အဟန့်အတားတွေကြားက ဂိုးရအောင်သွင်းယူနိုင်ကြတာမို့ အူဒီးနိစ်တို့ ခံစစ်ဇုန်ကို လုံအောင်ပြင်ဆင်ထားမှ တော်ကာကျပါလိမ့်မယ်။ ဒီပွဲဟာ နှစ်သင်းစလုံးအတွက် အကြိတ်အနယ်ယှဉ်ပြိုင်ရမှာဖြစ်တာမို့ ပရိသတ်တွေအတွက် ပွဲကောင်းတစ်ပွဲဖြစ်လာမှာ သေချာပါတယ်။

### အင်တာမီလန်နှင့် ပက်စ်ကာရာ

တန်းဆင်းဇုန်ထဲမကျအောင် ရုန်းကန်နေရတဲ့ ပက်စ်ကာရာတို့ ဒီပွဲကို အင်တာမီလန်ကွင်းမှာ ကစားရမှာမို့ ရင်ပူစရာဖြစ်နေတာတော့ အမှန်ပါပဲ။ အင်တာမီလန်ဟာ ဒီနှစ်စီးရီးအေဖလားရယူရေး မျှော်လင့်ချက်ကို မစွန့်လွှတ်သေးတာမို့ အိမ်ကွင်းမှာ ကစားရမယ့်ဒီပွဲကို အမှတ်ပြည့်ရယူဖို့အတွက်ပဲ ကြိုးစားပါလိမ့်မယ်။ အင်တာမီလန်ရဲ့ ခံစစ်မှူးတွေဟာ တစ်ခါတစ်ရံ နားလည်မှုတွေလွဲတတ်နေတာမို့ သတိထားရမှာဖြစ်ပေမယ့် ဒီနှစ်စီးရီးအေမှာ ဂိုးသွင်းစွမ်းရည်တွေကျဆင်းနေတဲ့ ပက်စ်ကာရာတိုက်စစ်မှူးတွေကိုတော့ ကောင်းကောင်းထိန်းချုပ်နိုင်ပါလိမ့်မယ်။ အင်တာမီလန်တိုက်စစ်မှူး မီလီတို ခြေစွမ်းပြနိုင်ရင် ပက်စ်ကာရာတို့ခေါင်းငိုက်စိုက်နဲ့ အိမ်ပြန်ရကိန်းကြုံသွားနိုင်ပါတယ်။

### နာပိုလီနှင့် ပါလာမို

နာပိုလီဟာ အမှတ်လိုအပ်နေသလို ပါလာမိုတို့ကလည်း တန်းဆင်းဇုန်ထဲက ထွက်ပေါက်ရှာနေတာမို့ အပြင်းအထန်ရင်ဆိုင်ကြရမယ့်ပွဲပါပဲ။ ဒီနှစ် နာပိုလီရဲ့ ခြေစွမ်းက တည်ငြိမ်နေပြီး အမှတ်တွေလည်း ရအောင်စုဆောင်းနိုင်နေတာမို့ တန်းစီဇယားမှာ အခြေအနေကောင်းကောင်းနဲ့ ရပ်တည်နေပါတယ်။ ဒီနှစ်မှာ ဂိုးသွင်းခြေမြူးနေတဲ့ နာပိုလီတိုက်စစ်မှူး ကာဗာနီနဲ့ ဟမ်းဆစ်တို့ကြောင့် ဒီပွဲမှာလည်း အိမ်ကွင်းမှာ နာပိုလီပရိသတ်တွေအတွက် အပျော်တွေ၊ အပြုံးတွေရယူပေးနိုင်ပါလိမ့်မယ်။

### ကာတာနီးယားနှင့် ရိုးမား

နှစ်သင်းစလုံး လူစုံထုတ်၊ ခြေကုန်ထုတ်ကြရမယ့်ပွဲပါပဲ။ ရိုးမားအသင်းဟာ တိုက်စစ်စွမ်းရည် မြင့်မားသလောက် ခံစစ်ကြောင်း ကျိုးပေါက်မှုကလည်း ဆိုးရွားတဲ့ အခြေအနေရှိနေပါတယ်။ ကာတာနီးယားတို့က ပုံမှန်ခြေစွမ်းပြနိုင်နေပြီး အိမ်ကွင်းမှာ ရလဒ်ကောင်းအောင်တော့ ကစားနိုင်ပါတယ်။ ရိုးမားမှာ လာမီလာနဲ့ အိုစဗာဒိုတို့က တိုက်စစ်အတွဲညီပြီး ဂိုးလည်းသွင်းယူနိုင်ကြတဲ့သူတွေဖြစ်သလို ကာတာနီးယားမှာလည်း ဘာဂတ်စ်ဆီရိုက ဂိုးသွင်းစွမ်းရည် ထက်မြက်သူတစ်ဦးဖြစ်ပါတယ်။ ဒါကြောင့် ဒီပွဲဟာ ပြိုင်ဆိုင်မှုပြင်းထန်မယ့် ပွဲကောင်းတစ်ပွဲဖြစ်လာပါလိမ့်မယ်။

### ဆမ်ဒိုးရီးယားနှင့် အေစီမီလန်

ခြေစွမ်းမတည်မငြိမ်ဖြစ်နေတဲ့ အေစီမီလန်တို့ ဒီပွဲကို ခက်ခက်ခဲခဲရင်ဆိုင်ရဖို့ရှိနေပါတယ်။ အိမ်ကွင်းမှာ ပြိုင်ဘက်တွေကို သောကများအောင်ကစားနိုင်တဲ့ ဆမ်ဒိုးရီးယားဟာ အနိမ့်ဆုံးသားရေတစ်မှတ်ရအောင်တော့ ကြိုးစားပါလိမ့်မယ်။ တိုက်စစ်အားကောင်းတဲ့ အေစီမီလန်မှာ အဲလ်ရှာဝေးနဲ့ ပါဇီနီတို့ ဂိုးသွင်းနိုင်ရင်တော့ ရလဒ်ကောင်းပိုင်ဆိုင်နိုင်ခွင့် ရရှိဖို့အခြေအနေကောင်းပေမယ့် ဆမ်ဒိုးရီးယားတို့ရဲ့ တံ့ပြန်မှုကတစ်ခါတစ်ရံမမျှော်လင့်တာတွေဖြစ်စေတာမို့ အေစီမီလန်တို့ အမှားအယွင်းနည်းအောင်ကြိုးစားကစားရမယ့်ပွဲဖြစ်ပါတယ်။

### တိုရီနိုနှင့်ဆီနာ

တန်းစီဇယား အောက်ဆုံးကိုရောက်နေတဲ့ဆီနာဟာဒီပွဲမှာ အမှတ်ရအောင်အားထုတ်ပါလိမ့်မယ်။ တိုက်စစ်အင်အားလျော့နည်းနေတဲ့ ဆီနာဟာ အိမ်ရှင်တိုရီနိုထံက အမှတ်ယူနိုင်ဖို့ဆိုတာ ခြေကုန်ထုတ်မှ ရနိုင်တဲ့အခြေအနေရှိပါတယ်။ အိမ်ရှင်တိုရီနိုတို့ကတော့ ဆီနာကိုအမှတ်ခွဲပေးဖို့စဉ်းစားမှာ မဟုတ်တဲ့အတွက် အဓိကပွဲထွက်ကစားသမားတွေအပြည့်သုံးပြီး ပွဲရလဒ်ကောင်းအောင်ကြိုးစားပါလိမ့်မယ်။

### ဘိုလော့နာနှင့် ချေယေးဗို

နှစ်သင်းစလုံး ခြေရည်တူနေတာမို့ ဒီပွဲဟာအကြိတ်အနယ်ရှိပြီး အပြန်အလှန်ထိုးဖောက် တိုက်စစ်ဆင်မှုတွေနဲ့အတူ ကြည့်ကောင်းမယ့်ပွဲဖြစ်ပါတယ်။ အိမ်ရှင်ဘိုလော့နာမှာ တိုက်စစ်မှူးဂီလာဒီနို ပါဝင်ကစားနိုင်ခဲ့ရင်တော့ တိုက်စစ်အားကောင်းမှာ ဖြစ်ပါတယ်။ ဧည့်သည် ချေယေးဗိုဟာ အဝေးကွင်းမရှိန်တတ်တာမို့ တိုက်စစ်ခြေစွမ်းမထက်မြက်ပေမယ့် စုစည်းမှုကောင်းကောင်းနဲ့ တုံ့ပြန်မှာမို့ ပရိသတ်အကြိုက်တွေ့မယ့်ပွဲ ဖြစ်လာပါလိမ့်မယ်။ ။

**မောင်မောင်မြင့်ဆွေ - ရေးသားသည်**


**အမွေဆိုင်ခြံ မြေကွက်ရောင်းမည်**

ဦးကြီးယား-ဒေါ်ကျင်စိန်
မိဘ နှစ်ပါးပိုင်
ပျဉ်းမပင်အုပ်စု၊ ရှမ်းစရပ်ကွက်၊
စိန်ပန်းပင်လမ်းနှင့် သုခလမ်းထောင့်၊
ပေ(၁၀၀ X ၁၀၀) ပတ်လည်
(ပြည်လမ်းအနီး၊ ဂုတ်ခြံ)
ဖုန်း-၀၉-၄၃၁၃၄၆၅၇

**စာအုပ်စာပေ လူ့မိတ်ဆွေ**

**ပျောက်ဆုံးကြောင်း**

ဦးထင်ကျော် နိုင်ငံကူးလက်မှတ် M-926634 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ပြင်ဆင်ဖတ်ရှုပါရန်**

(၂၈-၁၂-၂၀၁၂)ရက်ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ(၈)ပါ သိမ်ဖြူလမ်း၊ အမှတ် ၄၆၄၊ ခေါင်းရင်းခန်းအစား အမှတ် ၄၆၄၊မြေညီထပ်၊ ခေါင်းရင်းခန်းဟု ပြင်ဆင်ဖတ်ရှုပါရန်။


**ဘောက်ဆောကားကြီး ထွက်တော့မည်**

ပါမောက္ခခင်မောင်ဝင်း(အသည်း) ကလျာမဂ္ဂဇင်းတွင် လစဉ်အခန်းဆက်ရေးသားခဲ့သည့် "အမေနဲ့ကျွန်တော်" ဘဝသရုပ်ဖော်နှင့် ခရီးသွားဆောင်းပါးများကို နောက်လမှစ၍ ကလျာမဂ္ဂဇင်းတွင် ပြန်လည်ရေးသားသွားမည် ဖြစ်ပါသည်။


ချောင်းဆိုးနေလို
ချောင်းဆိုးပျောက်ဆေးကောင်းကောင်း
သောက်ချင်ရင် .....

ရွှေမြန်မာ ® အမှတ်တံဆိပ်

SHWE MYANMAR

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-၁၁၁၂ YR ၀၀၃၈၄၉
တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင် - ၈/၂၀၁၀/တဆဆလ/တိုး/၀၈၇၂

ချောင်းဆိုးပျောက်ဆေးရည်ကိုသောက်ပါ။

ပင်ရင်း - အမှတ်(၁၀၉)၊ ဗညားဒလလမ်း၊ (၁၂၄) လမ်းထိပ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ Ph: 095010074,0973082461 , 0973082462

## ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# လောကချမ်းသာဆုတောင်းပြည့်စေတီ ပြုပြင်မွမ်းမံမည်

**နေပြည်တော် ဇန်နဝါရီ ၇**

နေပြည်တော်-ဇမ္ဗူသီရိမြို့ ကံ့ကော်အိမ်ရာ ရန်အောင် တောင်ကုန်းပေါ်တွင် ပေါ်တော်မူဘုရား(၅)ဆူကို ဌာပနာထား၍ လောကချမ်းသာဆုတောင်းပြည့်စေတီအဖြစ် တည်ထားကိုးကွယ်ခဲ့ရာမှ ယခုအခါ ဥတ္တရသီရိမြို့နယ် ရွှေဟသ်ာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပဏ္ဍဝက ဦးစီးပြီး ယင်းစေတီကို ဉာဏ်တော် ၂၇ တောင်အမြင့်ရှိ စေတီတော်ကြီးအဖြစ် ပြုပြင်မွမ်းမံ တည်ထားကိုးကွယ်ရန် စီစဉ်နေကြောင်းနှင့် သာသနာရေးဝန်ကြီးဌာနကလည်း ခွင့်ပြုကြောင်း သတင်းရရှိသည်။ **ကျော်သူရ**

# ရမည်းသင်း၌ မနောသုခစပါးစံကွက်ရိတ်သိမ်း

**ရမည်းသင်း ဇန်နဝါရီ ၇**

ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ်မြေစာရင်းဦးစီးဌာနက မိုးရာသီက စိုက်ပျိုးခဲ့သော စပါးများမှ မနောသုခ စပါးအထွက်နှုန်းမှန်ကန်ရေး(စံကွက်) ရိတ်သိမ်းပွဲကို ရမည်းသင်းမြို့နယ် အင်ကြင်းကန်ကျေးရွာအုပ်စု မေတ္တာထိန်းကွင်းအမှတ် (၁၁၁၄ နှင့် ၁၁၁၅) ဦးပိုင်အမှတ် (၁၀ခ/၅) ဧရိယာ ၁ ဒသမ ၄၁ ဧကရှိ တောင်သူဦးစန်းအောင်၏ လယ်မြေတွင် ဒီဇင်ဘာ ၂၉ ရက် နံနက်က ကျင်းပသည်။ မိုးစပါးစံကွက်ရိတ်သိမ်းရာသို့ မန္တလေးမြေစာရင်းဦးစီးဌာန ဒုတိယတိုင်း မြေစာရင်းဦးစီးဌာနမှူး ဦးမြင့်သိန်းနှင့်အဖွဲ့နှင့် တောင်သူများ တက်ရောက်အားပေးကြည့်ရှုကြသည်။ မြေစာရင်းဝန်ထမ်းများက မနောသုခမိုးစပါးမျိုးကို အထွက်နှုန်းမှန်ကန်ရေး စံကွက်ရိတ်သိမ်းရာ ခြောက်သွေ့စပါးတစ်ဧကေ ၇၈ ဒသမ ၆၈တင်းနှုန်း ထွက်ရှိကြောင်းသိရသည်။ **(၀၁၁)**

# စလင်းမြို့နယ်၌ ကျောက်ချောလမ်းဖွင့်

**စလင်း ဇန်နဝါရီ ၇**

စလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေ ၁၂၇ ဒသမ ၈၈ သိန်းဖြင့် အလျား ပေ ၂၀၈၀၊ အနံ ၁၀ ပေရှိ စလင်းမြို့နယ် ကျွန်းတော်ဦး အရှေ့ကန်ဘောင် ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

## မြန်မာ့ရုပ်မြင်သံကြား

**၈-၁-၂၀၁၃ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

၇း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၀ အင်္ဂဇယမင်္ဂလာ(ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၃၀ နံနက်ခင်းသတင်း
၇း၅၀ သက်ရှည်ကျန်းမာ လေ့ကျင့်ပါ
၈း၁၀ ရွှေစခန်းမှသည် ရွှေဆုများဆီသို့
၈း၄၀ International News
၈း၄၅ တေးဂီတအစီအစဉ်

**ညပိုင်း**

၄း၀၀ စစ်ချီတေး၊ စစ်သည်တေး
၄း၁၅ အန္တရာယ်ကင်းစေဘေးရှင်းစေ
၄း၄၀ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ရူပဗေဒအထူးပြု) (ရူပဗေဒ)
၅း၂၀ ရွှေကျင်မြို့မှ မဟာပညာဗိမာန်
၆း၀၀ ညနေခင်းသတင်း
၆း၂၀ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၆း၃၅ ဆိုလိုက်ကြစို့
၈း၀၀ ပြည်တွင်းသတင်း
- နိုင်ငံတကာသတင်းများ
- မိုးလေဝသအခြေအနေ
၉း၀၀ မြန်မာ့ရုပ်ရှင်
**ဆောင်း (အပိုင်း-၄)(ဇာတ်သိမ်း)**
ထွန်းဝေ၊ ညွန့်ဝင်း၊ စံရှားတင်၊ နှင်းဆီ၊ စမ်းစမ်းဝင်း
(ဒါရိုက်တာ-အောဝမ်းမောင်လှမျိုး)
၁၀း၀၀ ပြည်တွင်းသတင်း

# ချမ်းသာကြီးကျေးရွာ နှစ်(၅၀)ပြည့် ရွှေရတုသဘင်ကျောက်စာတိုင်ဖွင့်ပွဲ ကျင်းပ

**ကလေး ဇန်နဝါရီ ၇**

ကလေးမြို့နယ် ချမ်းသာကြီးကျေးရွာ၏ နှစ်(၅၀)ပြည့် ရွှေရတုသဘင်ပွဲတော် အထိမ်းအမှတ် ကျောက်စာတိုင်ဖွင့်ပွဲကို ဇန်နဝါရီ ၁ ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာရှိ ပညာအိုးစာကြည့်တိုက်ရှေ့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အခမ်းအနားတွင် စိုက်ထူထားသည့် နှစ်(၅၀)ပြည့် အထိမ်းအမှတ် ကျောက်စာတိုင်အား ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇွင်ဒိုတိမ်းက ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး သိက္ခာတော်ရဆရာ ဦးပေါင်ခန့်ဆွန်က ကောင်းချီးပေးဆုတောင်းခဲ့သည်။

အဆိုပါကျောက်စာတိုင်တွင် ၁၉၆၂ ခုနှစ် အချိန်က ချင်းပြည်နယ် တီးတိန်မြို့၏ မောင်ကင်ဝကျေးရွာမှ ချမ်းသာကြီးကျေးရွာသို့ စတင်ပြောင်းရွှေ့ရောက်ရှိလာသူ အိမ်ထောင်ဦးစီးသုံးဦးနှင့် ၁၉၆၃ ခုနှစ်တွင် ပြောင်းရွှေ့ရောက်ရှိလာသူ အိမ်ထောင်ဦးစီးကိုးဦးတို့၏ အမည်များ၊ ၁၉၆၂ ခုနှစ်မှစ၍ ယနေ့အထိ နှစ်ကာလအလိုက် ကျေးရွာကို အုပ်ချုပ်ခဲ့သော ကျေးရွာအုပ်ချုပ်ရေးမှူး ၁၄ ဦးအမည်များကို ကမ္ပည်းရေးထိုးထားကြောင်း တွေ့ရှိရသည်။

ရွှေရတုသဘင်ပွဲတော်နှင့် ပတ်သက်၍ ဦးလျင်ဆောမ်ဘွေင်က "ယခုလို နှစ်သစ်အခါသမယမှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ကျေးလက်လူမှုဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်နှင့် ဆောက်လုပ်ပေးထားတဲ့ ရွာ၏ဂုဏ်ဆောင် ပညာအိုးစာကြည့်တိုက်အဆောက်အအုံရှေ့မှာ နှစ်(၅၀)ပြည့် ကမ္ပည်း ကျောက်စာတိုင်ကို အောင်မြင်စွာ ဖွင့်လှစ်နိုင်တဲ့အတွက် အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်မိ ဂုဏ်ယူမိပါတယ်။ စာကြည့်တိုက်နှင့် ကျောက်စာတိုင် ထာဝရ တည်တံ့ရှင်သန်နိုင်ပါစေလို့ ဆုတောင်းပါတယ်"ဟု ပြောပြသွားသည်။

ချင်းလူမျိုးများသည် ကမ္ပည်းကျောက်စာတိုင်စိုက်ထူခြင်းကို အလွန်အလေးအမြတ်တန်ဖိုးထားကြသည်။ ရှေးအခါက ချင်းလူမျိုးများသည် တောကောင်ကြီးများရရှိချိန်တွင် လည်းကောင်း၊ ရန်သူများကိုတိုက်ခိုက်အောင်မြင်ပြီးချိန်တွင်လည်းကောင်း၊ ဆန်ရေစပါးများစွာ ရရှိသည့်အချိန်တွင် လည်းကောင်း၊ အောင်မြင်ခြင်း၊ အောင်ပွဲခံခြင်းအထိမ်းအမှတ်အဖြစ် ရွာအဝင် သို့မဟုတ် ရွာ၏ လမ်းဆုံ၊ လမ်းခွနေရာများတွင် ကျောက်စာတိုင်များ စိုက်ထူလေ့ရှိကြပြီး ယခု ချမ်းသာကြီးကျေးရွာမှာလည်း ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်သောအနေဖြင့် နှစ်(၅၀)ပြည့် ရွှေရတုသဘင် ကျောက်စာတိုင် စိုက်ထူခြင်းဖြစ်ကြောင်း သိရှိရသည်။ **(သျှင်နေမင်း-ဂန့်ဂေါ)**

# ကရင်နှစ်သစ်ကူးပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမည်

**ကျောက်ကြီး ဇန်နဝါရီ ၇**

ပဲခူးတိုင်းဒေသကြီး မြို့နယ် ၂၈ မြို့နယ်ကိုယ်စားပြု ကရင်တိုင်းရင်းသားများ တက်ရောက်ပါဝင်မည့် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကို ကျောက်ကြီးမြို့ မေတ္တာရပ်ကွက် အားကစားကွင်း၌ ဇန်နဝါရီ ၁၂ ရက် နံနက် ၆ နာရီတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

နှစ်သစ်ကူးပွဲတော်သို့ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးရာဝန်ကြီး၊ ကေအင်န်ယူ ငြိမ်းချမ်းရေး ကိုယ်စားလှယ်များ၊ မြို့နယ် ၂၈ မြို့နယ်မှ ကရင် တိုင်းရင်းသားကိုယ်စားလှယ်များနှင့် ဒေသခံကရင်အမျိုးသားများ တက်ရောက်နိုင်ကြရန် ဖိတ်ကြားထားသည်ဟု သိရသည်။

**ညှော့ခံဖျော်ဖြေ**

နှစ်သစ်ကူးပွဲတော် အကြို ဇန်နဝါရီ ၁၁ ရက်မှ ၁၂ ရက်အထိ ကရင်အမျိုးသားသမိုင်းနှင့် ဓလေ့ထုံးတမ်းများဆိုင်ရာ ကရင်ယဉ်ကျေးမှုပြခန်း၊ ကရင်ရိုးရာအသုံးအဆောင်ပစ္စည်းပြခန်းနှင့် အသိပညာပေးပြခန်းများကို ဖွင့်လှစ်ပြသထားမည်ဖြစ်ပြီး ည ၆ နာရီမှစတင်၍ မေတ္တာရပ်ကွက် ခန်းမကြီးတွင် နိုင်ငံကျော်တေးသံရှင် ကဗျာဘွဲ့မှူး၊ ချောစုခင်၊ မီးမီးခဲ၊ ဘရိတ်ကီ၊ ဟက်ကက်၊ ဝေလျှံနှင့် ရှိန်းဝေယံ(အိပ်မက်ဆုံရာ) တို့ ပါဝင်သော တေးသံရှင်များက စင်ကျူရီ တေးဂီတအဖွဲ့ဖြင့် ညှော့ခံဖျော်ဖြေ တင်ဆက်မည်ဖြစ်ကြောင်း သိရသည်။ **(၀၄၅)**

# မြန်မာနိုင်ငံအထက်ပိုင်းဒေသများ၌ အအေးပိုနိုင်

**နေပြည်တော် ဇန်နဝါရီ ၇**

**ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့်သာယာခဲ့သည်။ ညအပူချိန်များမှာ မွန်ပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့်ညအပူချိန်များမှာ လွိုင်လင်မြို့တွင် ၁ စင်တီဂရိတ်၊ ပင်လောင်းမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့နှင့်ဟဲဟိုးမြို့တို့တွင် ၄ စင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှတိမ်ထူထပ်နေသည်။

**ထူးခြားသည့်အခြေအနေမှာ** ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း **ဆိုနာမူ** (SONAMU) သည် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၏ အရှေ့တောင်ဘက် မိုင် ၂၈၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါမုန်တိုင်းသည် အနောက် အနောက်တောင်ဘက်သို့ ဖြည်းညင်းစွာရွေ့လျားမည်ဟု ခန့်မှန်းရသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် အအေးပိုနိုင်သည်။

**နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင်** ယနေ့ အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ တိမ်အသင့်တင့်ဖြစ်ထွန်းမည်။

# မွေးနေ့မင်္ဂလာဆုတောင်း

အောင်မြင်မှုတိုင်းအတွက် အမြဲကြိုးစားနေသော ချစ်ဖေဖေ ဦးဝင်းထွန်းဦး (Chairman & CEO, Myint Thukha Nadi Co.,Ltd. & Director, SKY HUB International Co.,Ltd.) ၏ ဇန်နဝါရီ ၈ ရက်တွင် ကျရောက်သော မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာ ချစ်ဇနီး၊ ချစ်သားသမီးများနှင့်အတူ ဘဝခရီးလမ်းကို အောင်မြင်ကျန်းမာပျော်ရွှင်စွာ ဖြတ်သန်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

**ချစ်ဇနီး** - ဒေါ်အေးအေးမြင့် **(Director, Myint Thukha Nadi Co.,Ltd.)**
**ချစ်သမီးကြီး** - ဒေါက်တာဝင်းမင်းသက် **(University of Medicine II)**
**ချစ်သားလတ်** - မောင်ဖုန်းဟိဏ်းခန့် **(Third Year Electrical Engineering, Curtin University, Perth Austrila)**
**ချစ်သမီးငယ်** - မနေခြည်မြတ် **(Third M.B, University of Medicine II)**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်)၊ ဗိုလ်ချုပ်စက်ကန် အမှတ်(၃)မှ အနက်ပေ ၃၃သမ၅၊ မြေကျင်းပေါင်း ၃၀၄၅၁ကျင်း တူးဖော်၍ မြေကြီးရယူခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်မည်ဖြစ်၍ အိတ်ဖွင့်တင်ဒါ ပေးသွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၉-၁-၂၀၁၃ရက်မှ ၁၆-၁-၂၀၁၃ ရက်အထိ (ရုံးချိန်အတွင်း)

၃။ တင်ဒါပုံစံရောင်းချမည့်နေရာ - (က) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ် ၄၄၊ နေပြည်တော်။
(ခ) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ အမှတ်၇(က)၊ သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

၄။ တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက် - ၁၇-၁-၂၀၁၃ရက် (ကြာသပတေးနေ့)
အချိန်နှင့်နေရာ - ၁၂နာရီ၊ ရုံးအမှတ် ၄၄၊ နေပြည်တော်။
တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့်အချိန် - ၁၇-၁-၂၀၁၃ရက်၊ ၁၃း၀၀နာရီ

၅။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၁၁၃၄၉၊ ၀၆၇-၄၁၁၁၂၂၊ ၀၆၇-၄၁၁၁၉၅ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ နေပြည်တော်**


**အာရှနဂါး**
ချောင်းသာ/ငွေဆောင်
နံနက်/ည
Ph : 703790,09-861-9008
707062,09-861-7770

## ပျောက်ဆုံးခြင်း

ဒေါ်လှဲ့လှဲ့မင်း ၁၂/ကမရ(နိုင်)၀၁၃၆၀၉၈၏ သွင်းကုန်ပါမစ်အမှတ် ၂၂၆၉၃မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၀၁၇၇၈၇၊ ၀၉-၄၃၁၅၄၇၈၀၊ ၀၉-၅၁၆၃၃၃၃

BLT Air-Con Express
Jan 7,8,9,10,12,13,14
ကျိုက်ထီးရိုး 8000
ချောင်းသာ 11000

## ဆီဘောက်ဆာကားများ အငှားလိုက်မည်

ဂါလန် ၂၀၀၀၊ ၃၂၀၀ ကားများ
မြို့တွင်း/နယ်ဝေး
ဖုန်း-၀၉-၅၁၁၀၆၂၇၊ ၀၉-၇၃၁၉၀၅၇၇၊ ၀၉-၈၆၁၂၇၉၉

## အမြန်ဆက်သွယ်ပါ

အိမ်စီးကားမောင်းရန် Driver တစ်ဦး အလိုရှိသည်။
ဆက်သွယ်ရန်ဖုန်း-
၀၉-၅၁၉၄၇၆၄၊ ၀၉-၇၃၀၄၃၅၇၁

## အမည်ပြောင်း

အဖ ဦးစောလွင်၏သမီး မနွေးနွေးလွင် MGDN-054435 အား မနွေးယုလွင်ဟု ပြောင်းလဲခေါ်ပါရန်။
မနွေးယုလွင်

**Myint & Associates Co., Ltd.**
**VACANCY ANNOUNCEMENT**
**( LOCAL ONLY )**

Myint & Associates Co., Ltd is seeking applications from dynamic and highly motivated for the following vacancy.

**1. Human Resources Officer - M/F (1) Post**
- University Degree preferably in human resources or professional qualification in the related field
- At least 3-5 years proven experience.
- Advanced Computer Literate
- High level of both spoken and written English is an asset
- Able to travel to project sites in Myanmar

**2. Health, Safety and Environment (HSE) Controller - M/F (1) Post**
- Any Graduate
- Preferably holder of any internationally recognized HSE Related Degree, Diploma,
- Minimum (2) years working experience in the similar position or HSE background
- Advanced Computer Literate
- High level of both spoken and written English is an asset
- Able to travel to project sites in Myanmar

**3. Help Desk - F (1) Post**
- Any Graduate
- Female under 30
- Prior experience maintaining basic Computer Hardware and Software is preferred
- Fresh Grads are welcomed to apply (willing to learn attitude is required)
- Skills in MS Office Suite, Adobe Application Suites and others Office application features and functions
- Able to travel to project sites in Myanmar

Interested person may submit detailed CV with relevant documents, a recent passport photo, labor registration card and contact phone No. to the following address.

Human Resources & Administration Department
Myint & Associates Co., Ltd
84-85 Hlaing Myint Moh Lane #1 10th Quarter, Hlaing Tsp, Yangon Myanmar
Tel : ( 95-1 ) 521 461 ~ 2 / 521 471 ~ 3
Fax : ( 95-1 ) 521 156
(or )
Email to kyawmin1323@gmail.com
sanhuia2@gmail.com

(ကြော်ငြာပါသည့်ရက်မှ (၂)ပတ်အတွင်း လျှောက်ထားနိုင်ပါသည်)

အင်္ဂလိပ်စာ တတ်မှ ဖြစ်မယ်
**ဂျက်ကလူး ဦးအောင်နိုင်**
Grammar & Essay ဖွေ့ သင်တန်း
01 252 919, 09 430 85263

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပညာရေးဝန်ကြီးဌာန
# မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
# နေပြည်တော်

**ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာနတို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသူ ကျောင်းသားများအတွက် စာမေးပွဲအထောက်အကူပြု သိမှတ်ဖွယ်ရာ အင်္ဂလိပ်ဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။**

## တက္ကသိုလ်ဝင်စာမေးပွဲ
## သိမှတ်ဖွယ်ရာ အင်္ဂလိပ်ဘာသာ

တက္ကသိုလ်ဝင်စာမေးပွဲအတွက် အင်္ဂလိပ်စာဘာသာရပ်အတွက် စာကိုကျက်မှတ်ရာမှာ ပြဋ္ဌာန်းထားတဲ့ Grade 11 English Text ကို ကျေကျေညက်ညက် လေ့လာကြဖို့လိုပါတယ်။ ပြဋ္ဌာန်းထားတဲ့ English Text မှာ Unit (၁၄)ခုပါရှိပါတယ်။

ကျောင်းသား ကျောင်းသူတွေအနေနဲ့ဒီ Grade 11 English Text ရဲ့သင်ခန်းစာအားလုံးမှာပါတဲ့ Reading Section, Vocabulary Section, Grammar Section, Writing Section နဲ့ Selected Poems တွေအားလုံးကို ကျေကျေညက်ညက် သိရှိထားကြဖို့ လိုပါတယ်။

တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်အတွက် မေးခွန်းတွေဟာ ပြဋ္ဌာန်းစာအုပ်ကိုပဲ အခြေခံပြီး မေးတာဖြစ်ပါတယ်။ ယခင်နှစ်တွေလိုပဲ မေးခွန်း(၉)ပုဒ် မေးမှာဖြစ်တယ်။

မေးခွန်းနံပါတ်(၁)ကတော့ English Text မှာပါတဲ့ Unit (၁၄)ခုထဲက passage စာပိုဒ်တစ်ပိုဒ်ကို ပေးထားပြီး အဲဒီစာပိုဒ်ပါ အကြောင်းအရာတွေကို မေးခွန်း A နဲ့ B (၂)မျိုးနဲ့ မေးမှာဖြစ်တယ်။

Question No. 1(A) က Write the correct word or words to complete each sentence. ဖြစ်တယ်။ ပေးထားတဲ့စာကြောင်းကို အဓိပ္ပာယ်ပြည့်စုံအောင် ကွက်လပ်ဖြည့်ပေးရမှာ ဖြစ်တယ်။ မေးခွန်းအပိုဒ်ငယ်(၅)ခု မေးထားပြီး စာလုံးတစ်လုံး၊ ဒါမှမဟုတ် စကားစုတစ်စုနဲ့ ကွက်လပ်ကို ဖြည့်ရမှာဖြစ်တယ်။ သတိပြုရမှာက စာပိုဒ်ထဲမှာပါတဲ့ စကားလုံး စကားစုတွေကို တိုက်ရိုက်ဖြည့်ထည့်လို့ မရပါဘူး။ ပေးထားတဲ့ဝါကျရဲ့ တည်ဆောက်ပုံပေါ်မူတည်ပြီး သင့်လျော်သလို ပြောင်းရေးဖို့ လိုချင်လိုလိမ့်မယ်။ ဥပမာ-စာပိုဒ်ထဲမှာ noun form သို့မဟုတ် adjective form နဲ့ရေးထားပေမယ့် ဖြည့်ရမယ့်ကွက်လပ်မှာ verb form ပြောင်းပြီးဖြည့်ချင်ဖြည့်ရမယ်၊ စာပိုဒ်ထဲမှာ verb form နဲ့ရေးထားပေမယ့် ဖြည့်ရမယ့်ကွက်လပ်မှာ noun form ပြောင်းပြီးဖြည့်ချင်ဖြည့်ရမယ်။ ပေးထားတဲ့ verb က active voice အနေနဲ့သုံးထားပြီး မေးခွန်းမှာတော့ passive voice နဲ့ပြန်ရေးဖို့ လိုချင်ရင်လည်းလိုပါမယ်။

ဥပမာ စာပိုဒ်ထဲမှာ When Annie arrived at the Kellers' house, she found a very messy spoilt little girl.လို့ပေးထားပေမယ့်မေးခွန်းမှာ On ________ at the Kellers' house, Annie found a very messy, spoilt little girl. လို့ ပေးထားရင် ဒီကွက်လပ်မှာ ဖြည့်ရမယ့်စကားလုံးက noun form ဖြစ်ရပါမယ်။ ဒါကြောင့် arrived ဆိုတဲ့ စာပိုဒ်ထဲက past tense နဲ့ပေးထားတဲ့ verb ကိုဒီအတိုင်း ပြန်ကူးရေးလို့ မရပါဘူး။ အဖြေမှန်က arrival ဖြစ်ပါတယ်။ တစ်ခါတလေ verb form ဖြည့်ရတာဖြစ်ပေမယ့် active voice form ကနေ passive voice form ပြောင်းဖို့လိုချင်ရင် လိုလိမ့်မယ်။ ဥပမာ Advertisements: the Pros and Cons ထဲက စာကြောင်းတစ်ကြောင်းဖြစ်တဲ့ We cannot buy personal good looks, intelligence, good friendships or a happy family. လို့ ပေးထားပေမယ့် မေးထားတဲ့စာကြောင်းက Personal good looks, intelligence, good friendships or a happy family ______. လို့ပေးထားတဲ့အတွက် ဒီစာကြောင်းမှာ သုံးရမယ့် verb က active verb form မဟုတ်တော့ဘဲ passive verb form ဖြစ်ရပါမယ်။ ဒါကြောင့် အဖြေမှန်က cannot be bought ဖြစ်ပါတယ်။

Question No. 1(B) ကတော့ Answer each question in one sentence. ဖြစ်တယ်။ စာပိုဒ်ထဲမှာပါတဲ့ အကြောင်းအရာ အချက်အလက်တွေကိုမေးတဲ့မေးခွန်း (၅)ခုမေးထားပြီး ဒီမေးခွန်းတွေကို ပေးထားတဲ့စာပိုဒ်ထဲမှာ အဖြေရှာပြီး ပြည့်စုံတဲ့ဝါကျတစ်ကြောင်းနဲ့ အဖြေရေးပေးရမှာ ဖြစ်တယ်။ အမှတ်ပြည့်ရရှိဖို့အတွက် မေးခွန်းက လိုအပ်တဲ့အဖြေက အကြောင်းအရာ (content)ရော၊ သဒ္ဒါ (grammar)ပါ မှန်မှန်ကန်ကန်ဖြေနိုင်အောင် များများ လေ့ကျင့်ထားဖို့ လိုပါတယ်။ ဥပမာ-စာပိုဒ်ထဲမှာ On the moon, stars are visible in the daytime, … လို့ ပေးထားပြီး When can we see stars on the moon? လို့မေးရင် စာပိုဒ်ထဲမှာ ပေးထားတဲ့အတိုင်း ပြန်မကူးဘဲ We can see stars on the moon in the daytime. လို့မှန်မှန်ကန်ကန်ပြန်ဖြေပေးမှသာ အမှတ်ပြည့်ရမှာဖြစ်တယ်။ ပြဋ္ဌာန်းစာအုပ်ပါ စာပိုဒ်တွေနဲ့ဆိုင်တဲ့ မေးခွန်းတွေကို အလွတ်ကျက်မှတ်တာထက် မေးခွန်းအမျိုးမျိုးကို ဖြေတတ်အောင် လေ့ကျင့်ထားရပါမယ်။ စာပိုဒ်ထဲက သက်ဆိုင်တယ်ထင်တဲ့ စာကြောင်းတွေကို တိုက်ရိုက်ကူးချပေးလိုက်တာမျိုးလည်း မပြုလုပ်ကြဖို့ သတိပေးချင်ပါတယ်။ မေးထားတာကို ဆီလျော်အောင် မှန်မှန်ကန်ကန် ပြန်ဖြေတတ်ဖို့လိုပါတယ်။

မေးခွန်းနံပါတ်(၂)မှာပေးထားတဲ့မေးခွန်း ကတော့ Fill in each blank with a word from the list given. Write down only the number of the blank and the word that fills it. ဖြစ်ပါတယ်။ ဒီမေးခွန်းအတွက် ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ Unit (၁၄)ခုထဲက စာပိုဒ်တစ်ပိုဒ်ကို (၈)လုံးမြောက်စကားလုံးတွေကို ကွက်လပ်လုပ်ထားပြီး မေးထားတယ်။ ကွက်လပ်ပေါင်း(၂၀)ရှိပြီး ဒီကွက်လပ်တွေကို ဖြည့်စွက်ဖို့ စကားလုံး(၂၀)ကိုလည်း စာပိုဒ်အပေါ်မှာ ပေးထားပါတယ်။ သတိပြုရမယ့်အချက်ကတော့ စာပိုဒ်ကြီးတစ်ပိုဒ်လုံးကို ပြန်ကူးရေးဖို့ မလိုပါဘူး၊ ကွက်လပ်နံပါတ်နဲ့ အဖြေကိုသာ ရေးရမှာဖြစ်တယ်။ ဒီမေးခွန်းဟာ ကျောင်းသား ကျောင်းသူတွေရဲ့ အင်္ဂလိပ်စာ တတ်မြောက်မှုကို ခြုံငုံစစ်ဆေးတာဖြစ်တယ်။ ဒီမေးခွန်းအတွက် ဘယ်လိုအမှားမျိုးကိုမှ လက်မခံကြောင်းလည်း သတိပြုမိကြဖို့ လိုပါတယ်။ ဥပမာအားဖြင့် capital letter နဲ့ရေးထားတာကို small letter နဲ့ ပြန်ရေးမိတာမျိုးမဖြစ်ဖို့၊ အနည်းကိန်း၊ အများကိန်း မှားမသွားဖို့ plural number noun ဖြစ်ရမှာကို 's' ကျန်ခဲ့တာမျိုးမဖြစ်ဖို့ မှာချင်ပါတယ်။ ဒါကြောင့် စာလုံးကြီးနဲ့ စာလုံးသေး ကွဲပြားအောင်ရေးဖို့အပြင် စာလုံးပေါင်းမှန်အောင်ပြန်ရေးဖို့လည်း လိုပါတယ်။ ဒီမေးခွန်းဟာ ကျောင်းသား၊ ကျောင်းသူတို့ရဲ့ reading skill နဲ့ grammar ကျွမ်းကျင်ပိုင်နိုင်မှုအပိုင်း နှစ်ပိုင်းစလုံးကို ဆန်းစစ်ချင်တာဖြစ်လို့ passages တွေကို အလွတ်ကျက်ဖို့ထက် စာပိုဒ်တွေကိုနားလည်ပြီး grammar မှန်မှန်နဲ့ အဓိပ္ပာယ်ရှိတဲ့ sentences တွေ ဖြစ်အောင်ပေးထားတဲ့ ကွက်လပ်တွေကို ဖြည့်နိုင်အောင်ကြိုးစားရပါမယ်။

မေးခွန်းနံပါတ်(၃)ကတော့ ကျောင်းသား ကျောင်းသူတို့ရဲ့အင်္ဂလိပ်စာတတ်ကျွမ်းမှုစွမ်းရည်အပြင် မှတ်သားနိုင်မှုစွမ်းရည်ကို စစ်ဆေးတဲ့ မေးခွန်းပုံစံဖြစ်တယ်။ Write the appropriate words or groups of words to complete the sentences or lines of verse. လို့မေးမှာ ဖြစ်တယ်။ Item (၁၀)ခု မေးထားပြီးတော့ ကွက်လပ်(၁၀)ခုကို ဖြည့်ပေးရမှာ ဖြစ်ပါတယ်။ မေးခွန်း(၁)ကနေ(၅)က text မှာပါတဲ့ Unit (၁၄)ခုထဲက ကောက်နုတ်ချက်တွေဖြစ်ပြီး ကျန်မေးခွန်း(၆) ကနေ(၁၀)ကတော့ ပြဋ္ဌာန်းဖတ်စာအုပ်ထဲက ကဗျာ(၇)ပိုဒ်ထဲက ကောက်နုတ်ချက်တွေ ဖြစ်တယ်။ ဒီမေးခွန်းဟာ ကျောင်းသား ကျောင်းသူတွေရဲ့ သင်ယူထားတဲ့ အချက်အလက်တွေနဲ့ ကဗျာတွေကို နားလည်မှတ်သားပြီး ပြန်ပြီးရေးသားတင်ပြနိုင်မှု စွမ်းရည် ရှိ၊ မရှိကို စစ်ဆေးတာဖြစ်တယ်။ တိတိကျကျ ပြန်လည်ဖော်ပြတာကိုပဲ လိုချင်တဲ့အတွက် စာလုံးပေါင်းမှားယွင်းမှုမရှိအောင် သတိထားကြဖို့လိုပါတယ်။ ကွက်လပ်တွေကိုဖြည့်တဲ့နေရာမှာ စကားလုံးတစ်လုံးထဲ ဖြည့်ရတာရှိသလို စကားစုဖြည့်ရတာမျိုးလည်း ရှိတာကို သတိပြုဖို့လိုပါတယ်။ နမူနာပြရမယ်ဆိုရင်

1. Advertising ______ a rapid distribution of goods at reasonable prices.
2. Computers are ______ ; they can work for a long time without breaking down.
3. Long, long afterward,
   I found the arrow, still unbroke.

ဆိုတဲ့မေးခွန်းတွေကိုကြည့်မယ်ဆိုရင် နံပါတ်(၁)မှာ assists ဆိုတဲ့ စကားလုံးတစ်လုံးပဲလိုပေမယ့် နံပါတ်(၂)မှာတော့ very reliable ဆိုတဲ့စကားလုံး နှစ်လုံးလိုမှာဖြစ်တယ်။ နံပါတ်(၃)မှာဆိုရင် အဖြေက in an oak စကားလုံးသုံးလုံးလိုမှာ ဖြစ်တယ်။ ဒါကြောင့် ကွက်လပ်တစ်ခုထဲရှိလို့ စကားလုံးတစ်လုံးတည်းပဲ ထည့်ရမယ်လို့ မှတ်လို့မရပါဘူး။

မေးခွန်းနံပါတ်(၄) ဟာ ပြဋ္ဌာန်းစာအုပ်ကို ကျေကျေညက်ညက်လေ့လာထားမှု ရှိ၊ မရှိ စစ်ဆေးနိုင်ဖို့ မေးခွန်း(၅)ခုမေးထားပါတယ်။

မေးခွန်းနံပါတ်(၄)ရဲ့ item 1 နဲ့ item 2 ကတော့ text မှာပါတဲ့ Unit (၁၄)ခုထဲက ကောက်နုတ်မေးထားတာပဲ ဖြစ်တယ်။ ဒီမေးခွန်းနှစ်မျိုးစလုံးမှာ choices ပေးထားပါတယ်။ OR ခံထားတဲ့မေးခွန်းထဲက ကြိုက်ရာတစ်ပိုဒ်ကို ရွေးဖြေကြရမှာဖြစ်တယ်။ ကျောင်းသား ကျောင်းသူတွေဟာ အချက်အလက်ရော သဒ္ဒါပါမှန်ကန်တဲ့ အဖြေစာကြောင်းများနဲ့ ဖြေရမှာ ဖြစ်ပါတယ်။ ဥပမာ How does the saliva of the female mosquito help her? (OR) What can cranes and mechnical diggers do? လို့နံပါတ်(၁) မှာ မေးတယ်ဆိုပါစို့။ ပထမမေးခွန်းကို ရွေးပြီး ဖြေမယ်ဆိုရင်အဖြေက The saliva of the female mosquito helps her to penetrate the skin and prevents blood clots from developing in her food canal. လို့ဖြေရပါမယ်။

ဒုတိယမေးခွန်းကို ရွေးပြီးဖြေမယ်ဆိုရင်အဖြေက Cranes and mechanical diggers can pick up things and move them around. ဖြစ်ပါတယ်။ ဒီမေးခွန်းတွေကို မှန်မှန်ကန်ကန်ဖြေဆိုနိုင်ဖို့ Unit (၁၄)ခုစလုံးမှာပါတဲ့ အကြောင်းအရာတွေကို အသေးစိတ်ဖတ်ပြီး မှတ်သားထားဖို့လိုပါတယ်။

ဒီမေးခွန်းနံပါတ်(၄)ရဲ့ item 3 နဲ့ item 4 မှာ မေးလေ့ရှိတဲ့ မေးခွန်းပုံစံတွေထဲက ပထမတစ်မျိုးကတော့ Who said these words and to whom were they said? From which unit are the words taken? ဥပမာ Who said these words and to whom were they said? From which unit are the words taken?

"You" she said, "are an inquisitive little boy." လို့မေးရင်အဖြေက Jenny Tier Bishop said these words to her son, Jim Bishop. The words are taken from (the story) "Dreams Do Come True。" ဖြစ်ပါတယ်။

သို့မဟုတ် နောက်တစ်မျိုးက Who said these words and to whom were they said? What do they mean? ဖြစ်တယ်။ ဥပမာ Who said these words and to whom were they said? What do they mean?

My Helen folded her napkin! လို့မေးရင်အဖြေက Mrs. Keller said these words to Annie Sullivan. They mean that when Annie Sullivan told Mrs. Keller that Helen Keller ate with a spoon and folded her napkin, she exclaimed in surprise, repeating what Annie said because she couldn't believe that her daughter, Helen folded her napkin.

Question No. IV Item 3 & 4 မေးနိုင်တဲ့ အလားတူမေးခွန်းပုံစံနောက်တစ်မျိုးကတော့ What is the title of the unit from which the sentence is taken? What does the underlined word refer to? အဲဒီစာကြောင်းထဲမှာ she, he, it, you, we, they, its, his, her, their စသဖြင့် pronoun တွေ posessive pronoun တွေပါခဲ့ရင် အဲဒီ pronouns တွေဟာ ဘာကိုညွှန်းတယ်ဆိုတာ အဖြေဝါကျထဲမှာ သဲသဲကွဲကွဲဖော်ပြဖြေဆိုရမှာဖြစ်တယ်။ ဥပမာ What is the title of the unit from which the sentence is taken? What does the underlined word, 'its' in the sentence refer to?

Visitors must not miss Kuala Lumpur or KL, the capital with its sights to keep the tourist occupied. လို့မေးရင်အဖြေကThe title of the unit from which the sentence is taken is 'Travel in Southeast Asia I.' The underlined word, 'its' in the sentence refers to ' Kuala Lumpur 's.' ဖြစ်ပါမယ်။

ဒါမှမဟုတ် နောက်တစ်မျိုး မေးနိုင်တာကတော့ What is the title of the unit from which the sentence is taken? What does the following sentence mean? ဆိုတဲ့ မေးခွန်းမျိုးဖြစ်တယ်။ ဥပမာ What is the title of the unit from which the sentence is taken? What does the following sentence mean?

Looking good does not mean making yourself into a carbon copy of a famous pop star. လို့မေးလာရင် အဖြေက The title of the unit from which the sentence is taken is 'Looking Good'. The sentence means that 'looking good' does not mean making yourself to look exactly the same as a famous pop star. လို့ဖြေရပါမယ်။ မေးခွန်းရဲ့ ဒုတိယအပိုင်းဖြစ်တဲ့ What does the following sentence mean? ဆိုတဲ့မေးခွန်းမှာ Unit (၁၄)ခုထဲက စာကြောင်းတစ်ကြောင်းကို ထုတ်နုတ်ပြထားပြီး အဲဒီစာကြောင်းရဲ့ ဆိုလိုရင်းကို မေးတာဖြစ်တယ်။ ဒီအဖြေက နမူနာအဖြေသာ ဖြစ်တယ်။ ဒီစာကြောင်းရဲ့ ဆိုလိုရင်းကို ပေါ်လွင်စေတဲ့ သဒ္ဒါမှန်တဲ့ ဘယ်အဖြေကိုမဆို လက်ခံပါတယ်။

ဒီမေးခွန်းနံပါတ်(၄)ရဲ့ item 5 ကတော့ ကဗျာတွေထဲက စာကြောင်းနှစ်ကြောင်းလောက်ကို ပေးထားပြီး ဆိုလိုရင်းအဓိပ္ပာယ်ကို ရေးခိုင်းတာပဲ ဖြစ်တယ်။ What do these lines mean? လို့မေးမှာဖြစ်တယ်။ ဒီမေးခွန်းကိုဖြေနိုင်ဖို့ကတော့ ပြဋ္ဌာန်းထားတဲ့ ကဗျာတွေရဲ့ အဓိပ္ပာယ်ကို နားလည်သိရှိထားဖို့လိုပါတယ်။

ဥပမာ What do these lines mean?

What is this life if, full of care,_

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

8-1 (15).pmd 1 1/7/2013, 11:15 PM

## ကျောင်းသင်ခန်းစာ

*စာမျက်နှာ ၁၅ မှ*

We have no time to stand and stare? ဆိုတဲ့ Leisure ကဗျာထဲကစာကြောင်း ၂ ကြောင်းကို ပေးထားတယ်ဆိုပါစို့။ အဲဒီကဗျာ၂ကြောင်းရဲ့စကားပြေကို ပြန်တဲ့အခါ ဆိုလိုရင်း အဓိပ္ပာယ်ရော၊ သဒ္ဒါရောမှန်ရပါမယ်။

မေးခွန်းနံပါတ်(၅)ကမေးခွန်းနံပါတ်(၁) B လိုပဲ Unit (၁၄)ခုထဲက စာပိုဒ်တစ်ပိုဒ်ပေးထားပြီး မေးခွန်း (၅)ခုကို ဖြေပေးရမှာဖြစ်တယ်။ ဒီမေးခွန်းတွေကို ကောင်းကောင်းဖြေဆိုနိုင်ဖို့အတွက် အကြောင်းအရာနဲ့ သဒ္ဒါမှန်ကန်တဲ့ဝါကျတွေ တည်ဆောက်တတ်အောင်လည်း များများလေ့ကျင့်ထားရပါမယ်။ ဒီမေးခွန်းတွေက (၂)မှတ်တန်မေးခွန်းတွေဖြစ်လို့ မေးခွန်းနံပါတ်(၄)က မေးခွန်းတွေလိုပဲ အဖြေတစ်ဝက်မှန်ရင်လည်း အမှတ်တစ်ဝက်ရပါတယ်။ ဥပမာ- Between the ages of 10 and 14 most boys and girls begin to notice changes taking place to their bodies. Your body alters in shape and size, and your face changes too. လို့ပေးထားပြီး What changes take place to the bodies of most boys and girls between the ages of 10 and 14? လို့မေးရင်စာပိုဒ်ထဲမှာပေးထားတဲ့အတိုင်း ပြန်မကူးဘဲ The bodies of most boys and girls alter in shape and size, and their faces change between the ages of 10 and 14.လို့ မှန်မှန်ကန်ကန် ပြန်ဖြေပေးမှသာ အမှတ်ပြည့်ရမှာ ဖြစ်တယ်။

မေးခွန်းနံပါတ်(၆) ကတော့ Punctuation mark တွေကို မှန်အောင်ထည့်ခိုင်းတဲ့ မေးခွန်းဖြစ်ပါတယ်။ Punctuate the following လို့ မေးမှာဖြစ်တယ်။ capital, comma, semi-colon, colon, full stop, question mark, open and close inverted commas, exclamation mark, apostrophe တွေကို မှန်မှန်ကန်ကန် သုံးစွဲတတ်၊ မတတ်စစ်ဆေးတာဖြစ်တယ်။ ဒီမေးခွန်းအတွက် ပြဋ္ဌာန်းစာအုပ်ထဲက စာကြောင်းတွေကိုရော၊ ပြဋ္ဌာန်းစာအုပ်ထဲမှာ မပါတဲ့ဝါကျတွေကိုလည်း မေးနိုင်တယ်။ ဘယ်ဝါကျပဲမေးမေး အဓိကကတော့ Punctuation marks တွေဟာ ဘာတွေလဲ၊ ဘယ်လိုသုံးရမလဲဆိုတာ သိဖို့အရေးကြီးတယ်။ သတိပေးချင်တာကတော့ Punctuation မေးခွန်းအတွက် အလွတ်ကျက်ဖို့မလိုပါဘူး။ အလေ့အကျင့်များများလုပ်ပေးဖို့လိုပါတယ်။ ဥပမာအားဖြင့် ဝါကျရဲ့ အစစကားလုံးတို့၊ လူနာမည်တို့ကို capital letter နဲ့ရေးဖို့၊ ဝါကျအဆုံးမှာ အဆိုဝါကျဖြစ်ရင် full stop သုံးဖို့၊ မေးခွန်းဆိုရင် အဆုံးမှာ question mark နဲ့အဆုံးသတ်ဖို့ လူတစ်ဦး တစ်ယောက်ကပြောတဲ့ စကားလုံးတွေကို ပေးထားရင် အဲဒီစကားလုံးတွေရဲ့ အစနဲ့ အဆုံးမှာ inverted commas တွေ သုံးဖို့သိရပါမယ်။ ဥပမာ - the teacher said to thawdar why don't you play with your friends? ဆိုတဲ့ဝါကျကိုကြည့်ရင် ဝါကျရဲ့အစစကားလုံးဖြစ်တဲ့ the ကို capital letter နဲ့ရေးရပါမယ်။ ပြီးတော့ thawdar ဆိုတာ လူနာမည်ဖြစ်လို့ capital letter နဲ့ရေးရပါမယ်။ the teacher said to thawdar ဆိုတဲ့ direct speech နဲ့ရေးတဲ့ ဝါကျရဲ့ နိဒါန်းပျိုးတဲ့ စကားပုဒ် ( introductory clause) ရဲ့အဆုံးမှာ comma ရှိပါမယ်။ဆရာမကthawdar ကို Why don't you play with your friends? လို့မေးတဲ့အတွက်မေးခွန်းကို capital letter နဲ့စရေးရပါမယ်။ ပြီးတော့မေးခွန်းကို question markနဲ့ အဆုံးသတ်ရပါမယ်။ ဒီမေးခွန်းဟာ ဆရာမကမေးလိုက်တဲ့ direct speech နဲ့မေးတဲ့ မေးခွန်းဖြစ်လို့ မေးခွန်းရဲ့ အစနဲ့အဆုံးမှာ inverted commas ရှိရပါမယ်။

မေးခွန်းနံပါတ်(၇)မှာအပိုင်း ၂ ပိုင်းပါဝင်ပါတယ်။ မေးခွန်းနံပါတ်(၇)ပထမပိုင်း VII A က Stylistic Transformation လို့ခေါ်ပါတယ်။ Finish each sentence in such a way that it means exactly the same as the sentence that is given လို့မေးမှာဖြစ်တယ်။ ပေးထားတဲ့ဝါကျ (၁၀)ကြောင်းကို အဓိပ္ပာယ် မပြောင်းလဲစေဘဲ ပြန်ရေးပေးရမှာ ဖြစ်တယ်။ Grade 10 နဲ့ Grade 11 ပြဋ္ဌာန်းစာအုပ်တွေထဲမှာ ဒီလိုအဓိပ္ပာယ်မပြောင်းလဲဘဲ တည်ဆောက်ပုံ မတူတဲ့ဝါကျတွေ ပြန်ရေးခိုင်းတဲ့ လေ့ကျင့်ခန်းတွေ သင်ခန်းစာတိုင်းမှာပေးထားတဲ့အတွက် အဲဒီ Grammar Exercise တွေ များများလေ့ကျင့်ထားဖို့လိုတယ်။

မေးခွန်း(၇)ရဲ့ ဒုတိယပိုင်း VII B ကတော့ paragraph writing ဖြစ်တယ်။ ပေးထားတဲ့ prompts များကို သုံးပြီးစာပိုဒ်တိုလေး တစ်ပိုဒ်ရေးရမှာဖြစ်တယ်။ ကြိုတင်ပြင်ဆင်ရေးသားထားတာတွေကို ဘာမှမစဉ်းစားဘဲ ချရေးတာမျိုးမလုပ်ပါနဲ့။ မေးခွန်းက Using the prompts given, write a very short paragraph on:__ ဆိုပြီး ရွေးစရာ(၂)ပုဒ်ပေးပါမယ်။ ကိုယ်ပိုင်တဲ့ တစ်ပုဒ်ကိုရွေးပြီးရေးပါ။ မလိုတာတွေထည့်မရေးပါနဲ့။ Write a short paragraph ဆိုတာကို သတိပြုပါ။ ပေးထားတဲ့ prompts အားလုံးကို ပြန်သုံးပြီးရေးရမှာမို့လို့ ကိုယ်ပိုင်ဝါကျတွေ တည်ဆောက်တတ်အောင် လေ့ကျင့်ထားကြပါ။ ပေးထားတဲ့ prompts တွေနဲ့ သဒ္ဒါမှန်တဲ့ဝါကျတွေ ဆောက်တတ်ဖို့ လိုတယ်။ ဥပမာ Malaria အကြောင်းကို ရေးခိုင်းတယ်ဆိုပါစို့။ ပေးထားတဲ့ prompts တွေက

Malaria

- malaria – caused – protozoal parasites – spread – only 60 – 380 species – Anopheline mosquito
- tropical disease – especially occurs – rainy seasons လို့ ပေးထားတယ်ဆိုပါစို့။

ပထမဝါကျမှာ Malaria ဟာ protozoal parasites ကြောင့်ဖြစ်ပွားတယ်လို့ အဓိပ္ပာယ်ရလို့ passive verb ဖြစ်တဲ့ " is caused by protozoal parasites" လို့ရေးရပါမယ်။ ဝါကျမှာ နောက်ထပ် အကြောင်းအရာ တစ်ခုဖြစ်တဲ့ Anopheline mosquitoe ကြောင့် ပြန့်ပွားတယ်ဆိုတဲ့ အဓိပ္ပာယ်ရလို့ and ဆိုတဲ့ conjuctionနဲ့ ဆက်ပြီး passive verb 'is spread by the Anopheline mosquito' လို့ ပြန်ရေးပေးရပါမယ်။ ဒါပေမယ့် ဒီနေရာမှာ Anopheline mosquito အမျိုးပေါင်း 380ရှိတဲ့ အထဲမှာမှ 60 မျိုးကြောင့်ဖြစ်ပွားတယ်ဆိုတဲ့ အဓိပ္ပာယ်ရလို့ only 60 of the 380 species of the Anopheline mosquito လို့ပြန်ရေးရပါမယ်။

ဒုတိယဝါကျကိုပြန်ကြည့်ရင် malaria အကြောင်းကိုပဲ ဆက်ပြောတာဖြစ်လို့ subject က malaria ပဲဖြစ် ပါတယ်။ ဒါကြောင့် malaria အစား 'It' လို့ ရေးရပါတယ်။ Malaria ဟာ tropical disease ဖြစ်တယ်လို့ အဓိပ္ပာယ်ရလို့ ဖြစ်ခြင်းပြတဲ့ verb to be လိုပါတယ်။ ဒါကြောင့် tropical disease ကလည်း တစ်မျိုးကိုသာ ပြောတာကြောင့် a tropical disease လို့ပြန်ရေးရပါမယ်။ ဝါကျက နောက်တစ်ပိုင်းကျန်သေးလို့ conjunction 'and'နဲ့ ဆက်ရပါမယ်။ အကြောင်းအရာကို ကြည့်ရင်လည်း rainy seasons တွေမှာ အထူးသဖြင့် ဖြစ်ပွားတတ်တယ်လို့ ဆိုတဲ့အတွက် malaria အကြောင်းကိုပဲ ဆက်ပြောတာဖြစ်လို့ subject က ရည်ညွှန်းပြီးသားဖြစ်လို့ pronoun 'it' ကိုသုံးပါမယ်။ ပြီးတော့ rainy seasons တွေမှာဖြစ်လို့ during သို့မဟုတ် in rainy seasons လို့ ပြောနိုင်ပါတယ်။ ဒါကြောင့် ဒီဝါကျကို အပြည့်အစုံပြန်ပြောမယ်ဆိုရင် It is a tropical disease and it expecially occurs during/in rainy seasons。 ဖြစ်ပါတယ်။

ဒီလို prompts တွေကိုသုံးပြီး ဝါကျဖြစ်အောင် ပြန်ရေးရာမှာ article တွေဖြစ်တဲ့ "a" တို့ "an" တို့ "the" တို့လိုရင် ထည့်ရမယ်။ verb to be ဖြစ်တဲ့ "am" တို့ "is" တို့ "are" တို့လိုရင် ထည့်ပေးရမယ်။ preposition တွေဖြစ်တဲ့ "of " တို့ "by" တို့ "in" တို့လိုရင် ထည့်ပေးရပါမယ်။

မေးခွန်းနံပါတ်(၈)ကတော့ letter writing ဖြစ်ပါတယ်။ ပေးထားတဲ့မေးခွန်း(၃) ပုဒ်ထဲက ကြိုက်ရာတစ်ပုဒ်ပဲ ဖြေရပါမယ်။ ဒီမေးခွန်းကို ဖြေဆိုတဲ့အခါ သတိပြုရမယ့် အချက်တွေကတော့ ပေးထားတဲ့ ညွှန်ကြားချက်တွေကို သေသေချာချာဖတ်ဖို့ပဲဖြစ်တယ်။ ဒီနေရာမှာ-(၁)စာရေးမယ့် သူကဘယ်သူလဲဆိုတာသိဖို့လိုပါတယ်။ (၂) ဘယ်သူ့ဆီကို ရေးရမလဲဆိုတာကြည့်ပါ။ (၃)ဘာအကြောင်းအရာရေးရမလဲဆိုတာ အရင်သေသေချာချာဖတ်ပါ။ ရေးခိုင်းတဲ့ အကြောင်းအရာ တစ်ချက်လား၊ နှစ်ချက်လားဆိုတာ သေသေချာချာဖတ်ပြီးမှ ရေးဖို့လိုပါတယ်။

အရေးကြီးတဲ့အချက်တစ်ချက်ကတော့ မေးခွန်းမှာစာရေးသူ (addresser)နဲ့ စာလက်ခံရရှိမယ့်သူ (addressee) တွေရဲ့ နာမည်နဲ့လိပ်စာကိုပေးထားပြီးသားဖြစ်တယ်။ ဒါကြောင့် ကိုယ်ဟာဘယ်သူဘယ်ဝါ ဖြစ်တယ်၊ ဘယ်ကျောင်း ဘယ်မြို့နယ်ကဖြစ်တယ်ဆိုတာ လုံးဝထည့်မရေးဖို့ အထူးသတိပေးချင်ပါတယ်။

ဒီမေးခွန်းကိုကြည့်ကြရအောင်၊ You are Bo Bo. You live at No.1, Pagoda Road, Pyay. Write a letter to your friend, Aung Aung who lives in Bago, telling him about the English proficiency course you are attending and what you have learnt from the course。 ဒီမေးခွန်းကိုကြည့်ရင် စာရေးမယ့်သူက Bo Bo ဖြစ်တယ်။ ဘယ်သူ့ဆီကိုရေးမလဲဆိုတော့ Aung Aung ဆီကိုရေးရမှာဖြစ်လို့ Dear Aung Aung လို့စရေးမယ်။ ပြီးတော့ ရေးခိုင်းတဲ့အကြောင်းအရာကို ကြည့်မယ်ဆိုရင် လက်ရှိမိမိတက်နေတဲ့ English proficiency course အကြောင်းရယ်၊ what you have learnt from the course အဲဒီသင်တန်းတက်လို့ ဘာတွေ သင်ယူတတ်မြောက်လာတယ်ဆိုတဲ့အကြောင်းအရာ နှစ်ချက်ပါတဲ့အတွက်ကြောင့် နှစ်ချက်လုံးပါအောင်ရေးမှသာ အမှတ် ကောင်းကောင်းရမှာဖြစ်တယ်။ အလွတ်ကျက်ထားတဲ့စာတွေကို ရေးပေးလိုက်တာမျိုး မဖြစ်ပါစေနဲ့။ ရေးရမယ့် အကြောင်းအရာကို မသိဘဲ အလွတ်ကျက်ထားတာ အားလုံးချရေးပြီး ဖြေတာမျိုးဟာ အမှတ်မရနိုင်ပါဘူး။ လိုရင်း အချက်အားလုံးပါမှ အမှတ်ကောင်းကောင်းရပါမယ်။

မေးခွန်းနံပါတ်(၉) ကတော့ essay writing ဖြစ်ပါတယ်။ ပေးထားတဲ့ခေါင်းစဉ်(၃)ခုထဲက ကြိုက်ရာတစ်ခုကို ရေးရမှာဖြစ်တယ်။ တက္ကသိုလ်ဝင်စာမေးပွဲအဆင့်မှာ စာစီစာကုံးနဲ့ ပေးစာတွေကို ကောင်းအောင်ရေးနိုင်ဖို့

(1) Organization - ဖွဲ့စည်းပုံကောင်းခြင်း။ အကြောင်းအရာအချက်အလက်တွေကို နိဒါန်း၊ စာကိုယ်၊ နိဂုံး စသဖြင့် အစီအစဉ်ကျကျရေးနိုင်ခြင်းဖြစ်တယ်။

(2) Relevancy - သက်ဆိုင်မှုရှိခြင်း။ မိမိရေးရမယ့် အကြောင်းအရာနဲ့သက်ဆိုင်တာကိုပဲ ရေးရမှာဖြစ် တယ်။ လုံးဝသက်ဆိုင်မှုမရှိတဲ့ အကြောင်းအရာတွေကို ရေးခဲ့ရင် သက်ဆိုင်မှုမရှိဘူးလို့ သတ်မှတ်မှာဖြစ်လို့ အမှတ်မရနိုင်ပါဘူး။

(3) Content - အချက်အလက်မှန်ကန်ပြည့်စုံခြင်း။ ရေးရမယ့်အကြောင်းအရာနဲ့စပ်လျဉ်းတဲ့ အချက်အလက် နဲ့ ဥပမာတွေကိုပြည့်ပြည့်စုံစုံ ထည့်သွင်းရေးသားနိုင်ဖို့ လိုပါတယ်။

(4) Language - အသုံးအနှုန်း မှန်ကန်ခြင်း။ သုံးတဲ့စကားလုံးဝေါဟာရတွေမှန်ခြင်း၊ ကောင်းခြင်း၊ လှခြင်း၊ ကြွယ်ဝခြင်းနဲ့ သဒ္ဒါမှန်မှန်၊ ဝါကျဖွဲ့စည်းပုံ မှန်မှန်နဲ့ ဝါကျအမျိုးမျိုး ရေးတတ်ခြင်းတို့ဖြစ်တယ်။

(5) Presentation - တင်ပြပုံကောင်းခြင်း။ ရေးတဲ့အကြောင်းအရာကို စာဖတ်သူဖတ်လို့ကောင်းအောင် ဖွဲ့နွဲ့တင်ပြ နိုင်စွမ်းရှိရပါမယ်။

ပေးစာရေးရာမှာဖြစ်ဖြစ်၊ စာစီစာကုံးရေးရာမှာပဲဖြစ်ဖြစ် မလိုအပ်ဘဲ အလွန်ရှည်လျားတဲ့စာတွေ၊ စာစီစာကုံးတွေကို တချို့ကျောင်းသားတွေရေးတာကို တွေ့ရပါတယ်။ ပေးစာများကို ၅မျက်နှာ ၆မျက်နှာ လောက်ရေးတာ၊ စာစီစာကုံးကိုလည်း ၁၀မျက်နှာ ၁၂မျက်နှာလောက်ရေးပြီး ရေးတဲ့အကြောင်းအရာတွေ ကျစ်လျစ်ထိမိမှုမရှိတာ၊ ဆက်စပ်မှုမရှိတာတွေကို တွေ့ရပါတယ်။ အကြောင်းအရာတွေကို မနိုင်မနင်း အဆက်အစပ်မရှိဘဲ ထပ်ခါတလဲလဲ ရေးတာမျိုးကိုလည်း ရှောင်ကြဉ်ကြပါ။ မေးထားတဲ့အကြောင်းအရာက တစ်ချက်လား၊ နှစ်ချက်လားဆိုတာ သေသေချာချာ ဖတ်ပါ။

ဥပမာ စာစီစာကုံးခေါင်းစဉ် Interesting places in Myanmar ဆိုတဲ့ခေါင်းစဉ် ရေးခိုင်းတယ်ဆိုပါစို့။ မြန်မာနိုင်ငံမှာရှိတဲ့ စိတ်ဝင်စားစရာကောင်းတဲ့ နေရာများအကြောင်းရေးမှ အမှတ်ကောင်းကောင်းရမှာ ဖြစ်တယ်။ နေရာတစ်နေရာတည်းအကြောင်းကိုပဲ ရေးမယ်ဆိုရင် အမှတ်ကောင်းကောင်း မရနိုင်ပါဘူး။

တက္ကသိုလ်ဝင်စာမေးပွဲကိုဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူတွေကို အထူးမှာချင်တာကတော့ ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ unit (၁၄)ခုလုံးက စာပိုဒ် passages တွေကို တစ်ခုမကျန် သေသေချာချာဖတ်ရှု မှတ်သားဖို့၊ ပေးထားတဲ့ လေ့ကျင့်ခန်းတွေကို များများပြုလုပ်ကြဖို့၊ ကဗျာတွေကိုလည်း အလွတ်ရွတ်ဆိုနိုင်ရုံသာမက အဓိပ္ပာယ်ဖွင့်ဆိုတတ်အောင် ကြိုးစားဖို့လိုပါတယ်။ ဒါမှ တက္ကသိုလ်ဝင်စာမေးပွဲကို ထူးထူးချွန်ချွန်နဲ့ ဖြေဆိုအောင်မြင်နိုင်မှာဖြစ်တယ်။ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမယ့် ကျောင်းသူ ကျောင်းသားအားလုံး မိမိတို့ကျက်မှတ်ရမယ့် စာတွေကို စနစ်တကျ ကျက်မှတ်လေ့လာပြီး အောင်မြင်မှုရရှိနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းပေးပါတယ်။ ။

"စင်ကာပူတွင် Polytechnic တက်ရန် မလိုတော့၊ မြန်မာနိုင်ငံတွင် တက်ရောက်နိုင်ပါပြီ။ နိုင်ငံတကာ တက္ကသိုလ်ကြီးများတွင် လစာကောင်းကောင်းဖြင့် ဝင်ရောက်နိုင်မည့် အစီအစဉ်"

**Mandalay Polytechnic**

အခြေခံပညာ အထက်တန်းအောင်မြင်ပြီးသူများ၊ အလုပ်တစ်ဖက်နှင့် သင်တန်းတက်ရောက်ချင်သူများ၊ အလုပ်ခွင်သို့ ဝင်ရောက်ရန်ပြင်ဆင်နေသူများ၊ ဘွဲ့ရပြီးသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ပါပြီ။

- Diploma in Mechanical Engineering
- Diploma in Construction and the Built Environment
- Diploma in Solar Energy Engineering
- Diploma in Electrical and Electronic Engineering
- Diploma in Aeronautical Engineering
- Diploma in Business
- Diploma in Hospitality Management (Hotel Management)
- Diploma in Hospitality Management (Tourism Management)
- Diploma in Computing and Systems Development

**Yangon Polytechnic** ကို ရန်ကုန်မြို့တွင် ၂၀၁၃ ဇွန်လတွင် ဖွင့်လှစ်တော့မည် ဖြစ်ပါသည်။

ဝါခင်းကုန်းဘုရားလမ်း၊ ၃၅လမ်း၊ ၅၆–၅၇လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊ Tel : 02-77930, 09-91034062, 01-245762, 01-246634, 01-395512, 01-249152

## ကြော်ငြာ

### ဒဂုံတက္ကသိုလ်
### (၂၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပခြင်း

ဒဂုံတက္ကသိုလ်မှ ၂၀၁၂ ခုနှစ် ဧပြီလ၊ မေလ၊ ဇွန်လ၊ စက်တင်ဘာလနှင့် ဒီဇင်ဘာလများတွင် ကျင်းပခဲ့သော မဟာသုတေသနဘွဲ့၊ မဟာဥပဒေဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံဂုဏ်ထူးဘွဲ့၊ ဥပဒေဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံဘွဲ့၊ B.Sc (Engg:)ဘွဲ့၊ ပြင်ပဖြေဖြင့် စာမေးပွဲအောင်မြင် ၍ ဘွဲ့အသီးသီးရရှိပြီး ဘွဲ့နှင်းသဘင် တက်ရောက်ရန် လျှောက်ထားသူများအနက် အောက်ပါဘွဲ့ရရှိပြီးသူများအတွက် ဘွဲ့နှင်းသဘင်ကို ဒဂုံတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ ယှဉ်တွဲဖော်ပြပါ အစီအစဉ်အတိုင်း တက်ရောက်ရန်ကြေညာလိုက်ပါသည်-

**၁။ (၂၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ၂၈-၁-၂၀၁၃ရက်၊ (တနင်္လာနေ့)**

**နံနက်ပိုင်း-နံနက် ၉ နာရီ**

မဟာသုတေသနဘွဲ့ - မြန်မာစာ
မဟာဝိဇ္ဇာဘွဲ့ - အင်္ဂလိပ်စာ
သိပ္ပံဂုဏ်ထူးဘွဲ့ - ကွန်ပျူတာသိပ္ပံ၊ စာရင်းအင်းပညာ
ဝိဇ္ဇာဘွဲ့ - မြန်မာစာ၊ စိတ်ပညာ
သိပ္ပံဘွဲ့ - သင်္ချာ (ခုံအမှတ် ၃ သခ-၁ မှ ၃၅၀ အထိ)၊ ကွန်ပျူတာသိပ္ပံပညာ

**ညနေပိုင်း-မွန်းလွဲ ၂ နာရီ**

မဟာသုတေသနဘွဲ့ - သမိုင်း၊ ရူပဗေဒ
မဟာဝိဇ္ဇာဘွဲ့ - စိတ်ပညာ
မဟာသိပ္ပံဘွဲ့ - သင်္ချာ၊ ဓာတုဗေဒ
သိပ္ပံဂုဏ်ထူးဘွဲ့ - သင်္ချာ၊ ဇီဝဓာတု
ဝိဇ္ဇာဘွဲ့ - မြန်မာမှုပညာ၊ သမိုင်း
သိပ္ပံဘွဲ့ - သင်္ချာ (ခုံအမှတ် ၃ သခ-၃၅၁မှ အထက်)၊ စာရင်းအင်းပညာ၊ ဇီဝဓာတု

**(အစမ်းလေ့ကျင့်ရန်-၂၅-၁-၂၀၁၃)ရက် နံနက် ၉ နာရီ**

**၂။ (၂၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ၂၉-၁-၂၀၁၃ ရက် (အင်္ဂါနေ့)**

**နံနက်ပိုင်း-နံနက် ၉ နာရီ**

မဟာသုတေသနဘွဲ့ - သင်္ချာ
မဟာဝိဇ္ဇာဘွဲ့ - အရှေ့တိုင်းပညာ
ဝိဇ္ဇာဂုဏ်ထူးဘွဲ့ - အင်္ဂလိပ်စာ
သိပ္ပံဂုဏ်ထူးဘွဲ့ - ကုန်ထုတ်ဓာတုဗေဒ၊ ဘူမိဗေဒ
ဝိဇ္ဇာဘွဲ့ - အင်္ဂလိပ်စာ(ခုံအမှတ် ၃ အ-၁ မှ ၂၅၀ အထိ)၊ အရှေ့တိုင်းပညာ
သိပ္ပံဘွဲ့ - ကုန်ထုတ်ဓာတုဗေဒ

**ညနေပိုင်း-မွန်းလွဲ ၂ နာရီ**

မဟာဝိဇ္ဇာဘွဲ့ - ဒဿနိကဗေဒ
မဟာသိပ္ပံဘွဲ့ - ကုန်ထုတ်ဓာတုဗေဒ
ဝိဇ္ဇာဘွဲ့ - အင်္ဂလိပ်စာ (ခုံအမှတ် ၃အ-၂၅၁ မှအထက်)
ဒဿနိကဗေဒ
သိပ္ပံဘွဲ့ - ဘူမိဗေဒ

**(အစမ်းလေ့ကျင့်ရန်၊ ၂၅-၁-၂၀၁၃ရက်)၊ မွန်းလွဲ ၁ နာရီ**

**၃။ (၂၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ၃၀-၁-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း-နံနက် ၉ နာရီ**

မဟာသုတေသနဘွဲ့ - ဓာတုဗေဒ
မဟာဝိဇ္ဇာဘွဲ့ - မနုဿဗေဒ
မဟာသိပ္ပံဘွဲ့ - ရူပဗေဒ
ဝိဇ္ဇာဂုဏ်ထူးဘွဲ့ - မနုဿဗေဒ
သိပ္ပံဂုဏ်ထူးဘွဲ့ - ဓာတုဗေဒ၊ နျူကလီယရူပဗေဒ၊ မိုးလေဝသ
ဝိဇ္ဇာဘွဲ့ - မနုဿဗေဒ
သိပ္ပံဘွဲ့ - ဓာတုဗေဒ (ခုံအမှတ်-၃ဓ-၁မှ ၂၅၀ အထိ)
ရူပဗေဒ (ခုံအမှတ် ၃ရပ-၁မှ ၂၅၀ အထိ)
နျူကလီယရူပဗေဒ၊ B.Sc (Engg;) Electronics

**ညနေပိုင်း-မွန်းလွဲ ၂ နာရီ**

မဟာသုတေသနဘွဲ့ - နိုင်ငံတကာဆက်ဆံရေးပညာ
မဟာဝိဇ္ဇာဘွဲ့ - နိုင်ငံတကာဆက်ဆံရေးပညာ
သိပ္ပံဂုဏ်ထူးဘွဲ့ - ရူပဗေဒ
ဝိဇ္ဇာဘွဲ့ - နိုင်ငံတကာဆက်ဆံရေးပညာ
သိပ္ပံဘွဲ့ - ဓာတုဗေဒ (ခုံအမှတ်-၃ဓ-၂၅၁မှအထက်)
ရူပဗေဒ (ခုံအမှတ် ၃ရပ-၂၅၁မှအထက်)

**(အစမ်းလေ့ကျင့်ရန် ၂၆-၁-၂၀၁၃ ရက်)၊ နံနက် ၉ နာရီ**

**၄။ (၂၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ၃၁-၁-၂၀၁၃ရက်၊ (ကြာသပတေးနေ့)**

**နံနက်ပိုင်း-နံနက် ၉ နာရီ**

မဟာသုတေသနဘွဲ့ - ဥပဒေပညာ
မဟာဥပဒေဘွဲ့ - ဥပဒေပညာ
မဟာဝိဇ္ဇာဘွဲ့ - ပထဝီဝင်
ဝိဇ္ဇာဂုဏ်ထူးဘွဲ့ - ပထဝီဝင်
သိပ္ပံဂုဏ်ထူးဘွဲ့ - ရုက္ခဗေဒ၊ အဏုဇီဝဗေဒ
ဝိဇ္ဇာဘွဲ့ - ပထဝီဝင်
သိပ္ပံဘွဲ့ - ရုက္ခဗေဒ၊ အဏုဇီဝဗေဒ

**ညနေပိုင်း-မွန်းလွဲ ၂ နာရီ**

မဟာသုတေသနဘွဲ့ - သတ္တဗေဒ
မဟာဝိဇ္ဇာဘွဲ့ - ရှေးဟောင်းသုတေသနပညာ
မဟာသိပ္ပံဘွဲ့ - သတ္တဗေဒ
ဝိဇ္ဇာဂုဏ်ထူးဘွဲ့ - ရှေးဟောင်းသုတေသနပညာ
သိပ္ပံဂုဏ်ထူးဘွဲ့ - သတ္တဗေဒ
ဥပဒေဘွဲ့ - ဥပဒေပညာ
ဝိဇ္ဇာဘွဲ့ - ရှေးဟောင်းသုတေသနပညာ
သိပ္ပံဘွဲ့ - သတ္တဗေဒ

**(အစမ်းလေ့ကျင့်ရန် ၂၆-၁-၂၀၁၃ ရက်)၊ မွန်းလွဲ ၁ နာရီ**

အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း (အမျိုးသား) ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရပါမည်။

ဘွဲ့နှင်းသဘင်တက်ရောက်ဘွဲ့ ဝတ်စုံငှားရမ်းခွင့် ထောက်ခံစာကို ၂၀-၁-၂၀၁၃ ရက်မှ ၂၂-၁-၂၀၁၃ ရက်အထိ ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ထုတ်ပေးပါမည်။

**ညီထွန်း (မော်ကွန်းထိန်း)၊ဒဂုံတက္ကသိုလ်**

---

**မြင့်** ခရီးသည်ပို့ဆောင်ရေး၊ ရန်ကုန်~ငွေဆောင်တိုးချဲ့ခရီးစဉ်သစ်အဖြစ် ရန်ကုန်မြို့မှ ၁၄-၁-၂၀၁၃ရက်မှစ၍ နေ့စဉ် နံနက် ၇း၃၀နာရီတိတိတွင် လှိုင်သာယာအဝေးပြေး ကျိုက်လတ်လမ်း ခ/၄၊ ခ/၅ **မြင့်** မှန်လုံဂိတ်မှ စတင်ထွက်ခွာပြီး၊ ငွေဆောင်မြို့မှ ရန်ကုန်မြို့သို့ နံနက် ၀၇း၃၀နာရီတိတိတွင် **မြင့်** မှန်လုံအဆင့်မြင့် Air Con လေအိတ်ကားသစ်ကြီးများဖြင့် ပြေးဆွဲသွားမည်ဖြစ်ကြောင်း မိတ်ဆွေခရီးသွားများအား ကြိုတင်အသိပေးအပ်ပါသည်။

ရန်ကုန် ~ ငွေဆောင် ယာဉ်စီးခနှုန်း·····၄၀၀၀/-

| **ရန်ကုန်ဂိတ်ဖုန်း** | **ငွေဆောင်ဖုန်း** |
|---|---|
| ၀၉-၈၅၆၆၁၈၉ | ၀၉-၄၂၂၄၆၀၀၅၀ |
| ၀၉-၇၃၂၂၉၉၁၄ | ၀၄၂-၄၀၂၅၉ |

**ကျေးဇူးတင်စွာဖြင့်**
**မြင့် ခရီးသည်ပို့ဆောင်ရေး**

---

### ဟာဂျီဦးခင်မောင် ၁/မကန(နိုင်)၀၂၈၁၀၉နှင့် အများသိစေရန်

မြစ်ကြီးနားမြို့ မြို့သစ်ရပ်ကွက်၊ အိမ်အမှတ် ၂၅၃တွင် နေထိုင်သည့် ဟာဂျီဦးခင်မောင် ၁/မကန(နိုင်)၀၂၈၁၀၉၏သားများဖြစ်ကြသော ဟာဂျီဦးဝီလီခင်မောင် ၁/မကန(နိုင်) ၁၀၁၉၇၃နှင့် ဟာဂျီဦးချာလီခင်မောင် ၁/မကန(နိုင်)၁၁၈၁၈၂တို့မှ အောက်ပါအတိုင်း တင်ပြအပ်ပါသည်။

(၁) ကျွန်တော်တို့သည် ဖခင်ဟာဂျီဦးခင်မောင်နှင့် မိခင်ဒေါ်မိမိမာ (ကွယ်လွန်)တို့မှ မွေးဖွားလာသော သားအရင်းများဖြစ်ကြပြီး အစ္စလာမ်ဘာသာကို ကိုးကွယ်ကြသည့်သူများဖြစ်ကြပါသည်။

(၂) ကျွန်တော်တို့၏ ဖခင်သည် ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ ကျွန်တော်တို့အား အမွေစားအမွေခံသားများအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် မြန်မာ့အလင်းသတင်းစာ၌ ၁၆-၄-၂၀၁၀ရက်တွင် ထည့်သွင်းဖော်ပြကြေညာခဲ့ပါသည်။ ထိုသို့လုပ်ဆောင်မှုသည် အစ္စလာမ်ဘာသာဓလေ့ထုံးစံအရ တရားမဝင်အတည်မဖြစ်ပါ။

(၃) ကျွန်တော်တို့၏ မိခင်မကွယ်လွန်မီ ကျွန်တော်တို့၏ ဖခင်နှင့်ပေါင်းသင်းစဉ်ကာလအတွင်း (မိဘနှစ်ဦးစလုံးရှာပစ္စည်းများဖြစ်သည့်) လက်ထက်ပွားပစ္စည်းများအဖြစ် အောက်ဖော်ပြပါ မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများကျန်ရှိနေခဲ့ပါသည်။ ထိုဖော်ပြပါ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများ၏ ကိုယ်ထည်တစ်ခုလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း၊ ငှားရမ်းခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း လှူဒါန်းခြင်း အပါအဝင် အမွေဆိုင်သားသမီးများအား ထိခိုက်နစ်နာစေမည့် ဆောင်ရွက်မှုမျိုးများ ပြုလုပ်ခြင်း အစရှိသည့် ကိစ္စရပ်များအား လုံးဝမပြုလုပ်ပါရန်နှင့် ပြုလုပ်လာပါက တည်ဆဲဥပဒေအရ ပြင်းထန်စွာ အရေးယူမည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**ပစ္စည်းစာရင်း**

(က) မြစ်ကြီးနားမြို့ မြို့သစ်ရပ်ကွက်ရှိ မြေစာရင်းဦးပိုင်အမှတ် ၂၃၄၊ မြေကွက်အမှတ် ၂၁၊ မြေချိန်ဧရိယာ စတုရန်းပေ ၃၆၀၀ရှိ အိမ်မြေယာကွက်နှင့် ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော သောက်ရေသန့်စက်ရုံနှင့်တကွ အဆောက်အအုံများနှင့် အကျိုးခံစားခွင့် အရပ်ရပ်များအားလုံး။

(ခ) မြစ်ကြီးနားမြို့၊ မြေမြင့်ရပ်ကွက်ရှိ မြေစာရင်းဦးပိုင်အမှတ် (၁၃/ခ)၊ မြေကွက်အမှတ် (၁၆က/၂က)၊ မြေချိန်ဧရိယာ (၀.၁၀၇)ဧကရှိ အိမ်မြေယာကွက်နှင့် ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံများနှင့် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံး။

(ဂ) မြစ်ကြီးနားမြို့၊ မြေမြင့်ရပ်ကွက်ရှိ မြေစာရင်းဦးပိုင်အမှတ် (၆၃/တ)၊ မြေကွက်အမှတ် (၁၆က/၃ခ)၊ မြေချိန်ဧရိယာ စတုရန်းပေ ၄၈၀၀ရှိ အိမ်မြေယာကွက်နှင့် ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံများနှင့် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံး။(မိခင်အမည် ပေါက်၍ မိခင်အမွေရပစ္စည်းဖြစ်ပါသည်။)

(ဃ) မြစ်ကြီးနားမြို့၊ မြေမြင့်ရပ်ကွက်ရှိ မြေစာရင်းဦးပိုင်အမှတ် (၆၃/ဓ)၊ မြေကွက်အမှတ် (၁၆က/၃ခ)၊ မြေချိန်ဧရိယာ စတုရန်းပေ ၄၈၀၀ရှိ အိမ်မြေယာကွက်နှင့် ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံများနှင့် အကျိုးခံစားခွင့် အရပ်ရပ်များအားလုံး။ (မိခင် အမည်ပေါက်၍ မိခင်အမွေရပစ္စည်းဖြစ်ပါသည်။)

(င) မြစ်ကြီးနားခရိုင်၊ ဝိုင်းမော်မြို့နယ်၊ နောင်တာလောကျေးရွာအုပ်စု၊ ဟိုးလော်ကျေးရွာရှိ (၁.၅)ဧကခန့်ရှိ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံများနှင့် အကျိုးခံစားခွင့် အရပ်ရပ်များအားလုံး။

(စ) ပူတာအိုခရိုင်၊ ပူတာအိုမြို့နယ်၊ (၄၅)၊ လေယာဉ်ကွင်းရွာကွင်း ဦးပိုင်အမှတ် ၄၅၅၊ မြေချိန်ဧရိယာ ၀.၈၀၃ဧရိယာရှိ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံများနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

(ဆ) ရန်ကုန်တိုင်းဒေသကြီး၊စမ်းချောင်းမြို့နယ်၊မြေနီကုန်း(မြောက်)၊ မြေနုလမ်း၊အမှတ်၃၁၊လေးလွှာ(ဘီ)။

**လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်ခင်သန်းအေး**
**B.Com, H.G.P, R.L,D.L.P(101)**
**Switzerland**
**တရားလွှတ်တော်ရှေ့နေ-၆၀၉၅**

---

### မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်းမှကျင်းပပြုလုပ်မည့်စာအုပ်ဈေးပွဲတော်နှင့် စာပေဟောပြောပွဲ အကြိုစာနယ်ဇင်း ရှင်းလင်းပွဲ

မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ ကြီးမှူးကျင်းပမည့် စာအုပ်ဈေးရောင်းပွဲတော်နှင့် စာပေဟော ပြောပွဲတို့ကို ရန်ကုန်မြို့၊ ပြည်လမ်း၊ တော်ဝင်စင်တာနှင့် မြို့မကျောင်းလမ်း၊ အမျိုးသားကဇာတ်ရုံတို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပေးသွားမည်ဖြစ်ပါသည်။ ပါဝင်ရောင်းချလိုသည့် စာအုပ်တိုက်များ၊ အရောင်းဆိုင်များ၊ စာပေနှင့် ဆက်စပ်ပြသလို သူများနှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးလိုပါသဖြင့် ဆိုင်ခန်းနေရာများချထားပေးရန်အတွက် တွေ့ဆုံပွဲကို (၁၀. ၁ .၂၀၁၃) ကြာသပတေးနေ့ နေ့လယ်(၂)နာရီတွင် ရန်ကုန်မြို့၊ ကုန်သည်လမ်း၊ စာပေဗိမာန်အဆောက်အအုံရှိ စာရေးဆရာအသင်း အစည်းအဝေးခန်းမ၌ ပြုလုပ်မည်ဖြစ်ပြီး ဈေးပွဲတော်နှင့်ပတ်သက်၍ စာနယ်ဇင်းရှင်းလင်းပွဲပါ ပြုလုပ်သွားမည်ဖြစ်ရာ စိတ်ဝင်စားသူနှင့် စာပေလောကသားများ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားနှိုးဆော်အပ်ပါသည်။

**ဆက်သွယ်ရန်ဖုန်း- ၀၁-၅၀၂၆၇၃၊ ၀၁-၃၉၆၅၈၀၊ ၀၁-၂၄၂၂၁၉**

---

### မာလာတင်
### အမျိုးသမီးကိုယ်ကာယအလှသင်တန်း

စာရင်းလက်ခံပြီ
၄-၂-၂၀၁၃ ရက် စမည်
စုံစမ်းချိန်-နံနက် ၉း၀၀ နာရီ
မှ
ညနေ ၃း၀၀ နာရီအတွင်း

လူဦးရေကန့်သတ်သည်။
အမှတ်(၂၉၇)၊ အခန်း(၆)
မဟာဗန္ဓုလပန်းခြံလမ်း၊
ရန်ကုန်မြို့
**ဖုန်း-၃၇၉၇၃၅၊ ၃၈၄၉၂၄**

---

### အမည်ပြောင်း

လားရှိုးတက္ကသိုလ် သတ္တဗေဒဌာန တတိယနှစ်ကျောင်းသား မောင်ဟန်ဇော်ထွန်း ၁၃/သပန(နိုင်)၁၀၁၉၉၃အား စိုင်းသီဟဟု ခေါ်ပါရန်။

---

### ပြင်ဆင်ဖတ်ရှုပါရန်

၂၉-၁၂-၂၀၁၂ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာ-၁၆တွင် ပါရှိသော B.A(EPP)ကျောင်းသား/သူများ၏ အာစရိယပူဇော်ပွဲတွင်၂-၂-၂၀၁၂ ရက်(ပြည်ထောင်စုနေ့) အစား ၁၂-၂- ၂၀၁၃ ရက်(ပြည်ထောင်စုနေ့)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

---

### ကိုတ္တိမမွေးစားသားအဖြစ် မွေးစားပြီးဖြစ်ကြောင်းကြေညာချက်

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါက်တာဦးဝင်းမြင့်(ဗိုလ်မှူးချုပ်-ငြိမ်း) (ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင်) (နေပြည်တော်)နှင့် ဒေါ်တင်မမထွန်းတို့သည် [ဗိုလ်ကြီးနေလင်းဦး(ငြိမ်း)]နှင့်ဒေါ်ပပခင်တို့၏သားဖြစ်သူ မောင်ထိပ်တင်ကြီး (ခ)မောင်ရဲလင်းမြတ်ဘုန်းအား ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတော်၌ မှတ်ပုံတင်သွင်းထားသည့် ကိတ္တိမမွေးစားစာချုပ်အမှတ် (၂၃၅/၂၀၁၂)အရ ကိတ္တိမသားအဖြစ် မွေးစားပြီးဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအေးဟန် B.A(Law),LL.B (D.B.L) (D.M.L) (D.I.L)
တရားလွှတ်တော်ရှေ့နေ (၄၅၄၆/၈၈)
အမှတ်(၈၂)၊ ပထမထပ်၊ ၃၈လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉ ၅၁၅၃၂၉၃၊ ၅၀၁၆၆၃

---

### ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ပြည်လမ်း၊ ၅မိုင်ခွဲ၊ အမှတ် (၁)အေ၊ Paradise Products Co.,Ltd. သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်၏ တစ်ဦးတည်းပိုင်ရှင်ဖြစ်ပြီး ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၌ ကုန်အမှတ်တံဆိပ် မှတ်ပုံတင်အမှတ် ၄/၁၄၄၅၉-၁၁၄၀၅အရ မှတ်ပုံတင်ထားပါသည်။

HERBALLINES

HERBALLINES

အဆိုပါကုန်အမှတ်တံဆိပ်ကို Paradise Products Co.,Ltd. မှ ထုတ်လုပ်ဖြန့်ဖြူးသော အောက်ဖော်ပြပါပစ္စည်းများတွင် အသုံးပြုပါသည်။ အလှကုန်ပစ္စည်းအမျိုးမျိုး၊ လူသုံးကုန်ပစ္စည်းအမျိုးမျိုးနှင့်ထည့်သွင်း၍အသုံးပြုသော ပလတ်စတစ်ဘူး၊ ပုလင်း၊ စက္ကူဘူး၊ ကော်ဘူး၊ စက္ကူရွက် စသည်တို့အပေါ်တွင် ဖော်ပြပါ အမှတ်တံဆိပ်ကို အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုး ပြုလုပ်ပြီး ထုတ်လုပ်ဖြန့်ချိလျက်ရှိပါသည်။

အဆိုပါကုန်အမှတ်တံဆိပ်ကို အခြားမည်သူတစ်ဦးတစ်ဖွဲ့မျှ ယင်းအမည်နှင့်တံဆိပ်ကို ပုံတူဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ ပုံတူပုံမှား ထင်ယောင်ထင်မှားဖြစ်စေ တုပသုံးစွဲထုတ်လုပ်ဖြန့်ချိရောင်းချခြင်း မပြုလုပ်ရန်နှင့် အကယ်၍ ပြုလုပ်ခဲ့ပါက တရားဥပဒေအရ ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

**Paradise Products Co.,Ltd . လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သန်းသန်းမြင့် LL.B** — **ဒေါ်လေးလေးထိုက် LL.B,D.B.L,D.I.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၀၄)** — **အထက်တန်းရှေ့နေ (စဉ်-၂၆၅၂၈)**
**အမှတ် ၅၁၄/၅၁၈အေ(သုံးလွှာ)၊ ကုန်သည်လမ်းနှင့် ဆိပ်ကမ်းလမ်းထောင့်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

---

### ပြင်ဆင်ဖတ်ရှုပါရန်

၅-၁-၂၀၁၃ရက် စာမျက်နှာ(၁၇)တွင်ပါရှိသော တောင်ပေါ်သား အဆင့်မြင့် ခရီးသည်ပို့ဆောင်ရေးတွင် ယာဉ်ထွက်ခွာချိန်ကို ရန်ကုန်မှ ကော့ကရိတ်ကို ညနေ ၆း၀၀ နာရီနှင့် ကော့ကရိတ်မှ ရန်ကုန်ကို ညနေ ၄း၀၀ နာရီဟု ပြင်ဆင်ဖတ်ရှုပါရန်။

---

### အမည်ပြောင်း

ကြံခင်းမြို့ အထက နဝမတန်း (F)တွင် ပညာသင်ယူနေသော ဦးထက်လွင်ကျော်-ဒေါ်မြင့်မြင့်မော်တို့၏သား မောင်သတိုးဦး =အား မောင်သော်တာချမ်းမြေ့အောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်သော်တာချမ်းမြေ့အောင်**

---

**သင့်သွေးဖြင့် အသက်ကယ်ပါ**

# ကြော်ငြာ

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ညွန့်တင်(ခ)ဒေါ်ဆွေဆွေသက်

**အသက်(၇၇)နှစ်**

ရေးမြို့နယ်အသင်း၏ နာယက ဦးရဲမြင့်(ညွှန်ကြားရေးမှူး-ငြိမ်း၊ အကောက်ခွန်ဦးစီးဌာန)၏ဇနီး ဒေါ်ညွန့်တင်(ခ)ဒေါ်ဆွေဆွေသက် ရေးမြို့နယ် ရာသက်ပန်အသင်းဝင်သည် ၅-၁-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရ၍ ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**
**ရေးမြို့နယ်အသင်း(ရန်ကုန်မြို့)**

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ညွန့်တင်(ခ)ဒေါ်ဆွေဆွေသက်

**(ရေးမြို့နယ် ရာသက်ပန်အသင်းဝင်)**

**အသက်(၇၇)နှစ်**

လက်ပံတန်းမြို့ (ဆရာကြီး ဦးဘသင်-ဆရာမကြီး ဒေါ်စိန်နှစ်)တို့၏တူမ ဦးရဲမြင့်(ညွှန်ကြားရေးမှူး၊ ငြိမ်း၊ အကောက်ခွန်ဦးစီးဌာန)၏ ချစ်လှစွာသောဇနီး ဒေါ်ညွန့်တင်(ခ)ဒေါ်ဆွေဆွေသက်သည် ၅-၁-၂၀၁၃ရက်တွင် ကွယ်လွန်သွားခဲ့ခြင်းအတွက် နှမြောတသ ဝမ်းနည်းကြေကွဲရပါသည်။

**ညီမ-ဒေါ်စန်းနွဲ့**
**တူ၊ တူမများ-ဇေယျာ-တယ်၊ ပေါက်ပေါက်-ကေတီ၊**
**မစာဆို-ဒေါက်တာဝင်းဇော်၊ ဖိုးချွန်-ချောစု၊**
**ကန်ရိပ်သာလမ်း၊ ရန်ကုန်မြို့**

## ကျေးဇူးအထူးတင်ရှိခြင်း

### ဦးစိုးမြင့်

**(ငှက်ခါးကြက်တောင်အသင်း)**

**(မြို့မကလပ်)**

**အသက်(၆၅)နှစ်**

၂၉-၁၂-၂၀၁၂ရက်တွင် ကွယ်လွန်သွားခဲ့သော ဦးစိုးမြင့်အား နာမကျန်းဖြစ်စဉ်က အထူးဂရုစိုက်ကုသပေးပါသော နှင်းဆီကုန်း အထူးကုဆေးရုံကြီးမှ သမားတော်ဆရာဝန်ကြီးများနှင့် ဆရာ ဆရာမများ၊ နာရေးကိစ္စတွင် ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့ပါသော မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်၊ လွမ်းသူ့ပန်းခွေနှင့် ပန်းခြင်းများပေးပို့ပါသော ကြက်တောင်အဖွဲ့အစည်းအသင်းများ၊ ဝိုင်းဝန်းကူညီပံ့ပိုးပေးကြပါသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးသားချင်းများနှင့် မိတ်ဆွေသင်္ဂဟများ၊ အဘက်ဘက်မှ စီစဉ်ကူညီပေးကြပါသော ငှက်ခါးကြက်တောင်အသင်းသူ အသင်းသားများအားလုံး အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

### ဦးဇော်ဦး (အင်းစိန်)

**အသက်(၆၂)နှစ်**

သူငယ်ချင်းကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ကြေကွဲဝမ်းနည်းရပါသည်။

**မြင့်ဝေ (ပေါင်မုန့်)**

## ဗိုလ်မှူးဘုန်းမြင့် (ကျုံကူး)

**ဒု-တပ်ရင်းမှူး**

ချစ်သောကိုကိုကြီး မိသားစုနဲ့ခွဲခွာသွားခဲ့တာ ၈-၁-၂၀၁၃ရက်တွင် (၂၁)နှစ်ပြည့်ခဲ့ပြီ၊ တစ်နေ့မှ မေ့မရပါ။ ပြုခဲ့သမျှ ဒါနကုသိုလ်အပေါင်းကို ရောက်ရာဘုံဌာနမှ သာဓုခေါ်ဆိုနိုင်ပါစေ-

**မေမေ-ဒေါ်ခင်ရီနှင့် ညီ၊ ညီမလေးများ**
**ကျုံကူးရွာ၊ ဧရာဝတီတိုင်းဒေသကြီး**

**ဖခင် အမည်မှန်**

ကရင်ပြည်နယ်၊ ဘားအံမြို့ ကော့ထမ္မလိန်းကျေးရွာနေ မနန်းမြင့်မြင့်ခင်၏ ဖခင် ဦးလေးလွန်း(ခ)ဦးနဲလေးလွန်း ၃/ဘအန(နိုင်)၁၆၅၄၈၈သည် တစ်ဦးတည်းဖြစ်ကြောင်း မှန်ကန်ပါသည်။

**ဦးလေးလွန်း(ခ)ဦးနဲလေးလွန်း**

## စေ့စပ်ကြောင်းလမ်းဖျက်သိမ်းခြင်း

ကျွန်မ မခင်စန်းဝေနှင့် မောင်အောင်မြတ်ထွန်းတို့သည် ၁၄-၅-၂၀၁၂ရက်တွင် နှစ်ဖက်မိဘများနှင့်တကွ ဂုဏ်သရေရှိလူကြီးမင်းများ ရှေ့မှောက်တွင် နှစ်ဦးသဘောတူစေ့စပ်ကြောင်းလမ်းခဲ့ပါသည်။ သို့ရာတွင် မောင်အောင်မြတ်ထွန်းသည် ခွင့်မလွှတ်နိုင်သော အပြစ်ကျူးလွန်ခဲ့ပါသဖြင့် ကျွန်မ မခင်စန်းဝေမှ စေ့စပ်ကြောင်းလမ်းခြင်းကို ဖျက်သိမ်းကြောင်း အသိပေးအပ်ပါသည်။

**မခင်စန်းဝေ ၁၂/ဒဂတ(နိုင်)၀၄၀၇၈၃**

## ဝန်ချတောင်းပန်ခြင်း

အထက်ပါ စေ့စပ်ကြောင်းလမ်းဖျက်သိမ်းခြင်းနှင့်ပတ်သက်ပြီး ကျွန်တော် မောင်အောင်မြတ်ထွန်းမှ ဝန်ခံသဘောတူပါသည်။ အပြစ်များအားလုံးအတွက် မခင်စန်းဝေနှင့်တကွ မိဘ၊ ဂုဏ်သရေရှိလူကြီးမင်းများအား အနူးအညွတ်ဝန်ချတောင်းပန်အပ်ပါသည်။

**မောင်အောင်မြတ်ထွန်း ၁၂/ဒဂတ(နိုင်)၀၆၇၀၀၈**

## ပျောက်ဆုံးကြောင်း

ကျွန်မ မချမ်းမြစု ၁၂/တမန(နိုင်)၁၁၄၅၆၂၏ Passport No. A 304867 သည် တာမွေမြို့နယ်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၁၀၈၁၄၂**

**မြိတ်မြို့နယ်အသင်း(ရန်ကုန်)**

### ဦးစိုးနိုင် (Richard) (မြိတ်)

**အသက်(၆၃)နှစ်**

(သီရိပုံချီဦးကျန်ခုံ-ဒေါ်ရှင်ကြည်)တို့၏သား၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်လမ်း၊ သာစုအိမ်ရာ၊တိုက်(ဘီ)၊ အခန်း(၁၀၂)နေ ဒေါ်ခင်လေးမြင့်၏ခင်ပွန်းသည် ၄-၁-၂၀၁၃ရက် (သောကြာနေ့) ညနေ ၅း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၈-၁-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (မြိတ်အသင်းနှင့် နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

**အမှုဆောင်အဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါက်တာကျော်စိန်

**အသက်(၈၁)နှစ်**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သီပေါမြို့နယ်၊ ကျန်းမာရေးဦးစီးဌာန (ဆေးရုံအုပ်) ဒေါက်တာညွန့်ဦးမောင်-ဒေါ်ဆွေဆွေကျော်စိန်တို့၏ဖခင် ဒေါက်တာကျော်စိန် (မန္တလေးတက္ကသိုလ်ပါမောက္ခချုပ်၊ ငြိမ်း)သည် ၂-၁-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သီပေါပြည်သူ့ဆေးရုံမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

### စည်သူဒေါက်တာကျော်စိန်

**ရန်ကုန်တက္ကသိုလ်စိတ်ပညာပါမောက္ခ(ဟောင်း)**

**မန္တလေးတက္ကသိုလ်ပါမောက္ခချုပ်(ငြိမ်း)**

**ပညာရေးဝန်ကြီး(ငြိမ်း)**

**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ အမှတ် ၃၄၊ သီရိမင်္ဂလာလမ်းသွယ်၊ ကုန်းမြင့်ရိပ်သာ၊ (၇)မိုင်၊ မရမ်းကုန်းမြို့နယ်နေ စည်သူဒေါက်တာကျော်စိန်သည် ၂-၁-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်းသိရသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကျော်ခိုင်၊ ဦးတင်ထွန်း၊ ဒေါက်တာခင်မြင့် (68 Batch)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး**

### ပါမောက္ခဒေါက်တာဦးအောင်ခင် (မော်လမြိုင်)

**F.R.C.S ခွဲစိတ်ဆရာဝန်ကြီး(ငြိမ်း)**

**ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းနာယက**

**အသက်(၈၁)နှစ်**

ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်း၏ နာယကဖြစ်သော ဆရာကြီး ဒေါက်တာဦးအောင်ခင်သည် ၃-၁-၂၀၁၃ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်တကွ ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းမှ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့**
**ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်း**

## ဝမ်းနည်းကြေကွဲခြင်း

### ဦးအောင်ဇော်ခိုင် (ရန်ကုန်) အသက်(၄၉)နှစ်

မြောင်းမြခရိုင်တရားရုံး၊ ဒုတိယခရိုင်တရားသူကြီး ဒေါ်နွယ်နွယ်ခိုင်၏မောင် ဦးအောင်ဇော်ခိုင်သည် ကောလင်းမြို့၌ ၂၇-၁၂-၂၀၁၂ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြောင်းမြခရိုင်တရားသူကြီးနှင့် မြောင်းမြခရိုင်တရားရုံးဝန်ထမ်းများ**

## အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

### ကိုဖြိုးဝေအောင်(ခ)မိုဟာမက်ရှအ်မန်

**AGTI(E.P) အေးသာယာ**

**အသက်(၃၄)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အမှတ် ၇၃၊ လေးလွှာ(A)၊ သီတာလမ်းနေ (ဦးစန်းဝင်းဦး)-ဒေါ်မာမာဆွေတို့၏သားကြီး၊ ကျောက်တံခါးမြို့၊ ဒဂုန်ရွှေမန်းလမ်းနေ ဦးတင်မောင်ဝင်း-(ဒေါ်ခင်မြင့်)တို့၏သားသမက်၊ ဒေါက်တာထက်ဝေအောင်၊ မငြိမ်းအိစံတို့၏အစ်ကို၊ အမှတ် ၇၉၊ မြေညီထပ်၊ သီတာလမ်းနေ မငွေငွေ၏ခင်ပွန်း၊ မမေလေးခိုင်၊ မောင်မင်းသန့်တို့၏ ဖခင်သည် ၄-၁-၂၀၁၃ရက် (သောကြာနေ့) နံနက် ၃နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ ဂျုမ္မာအပြီး ရေဝေးစွန္နီမွတ်စလင်ကဘာရ်စတန်ဥယျာဉ်တော်တွင် ဒါဖနာပြုလုပ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကျေးဇူးအထူးတင်ရှိခြင်း

၃၀-၁၂-၂၀၁၂ရက်တွင် ကွယ်လွန်ခဲ့သော ကျေးဇူးရှင်ဖခင်ကြီး ဦးမြင့်အုန်း(အထက-၃၊ မင်္ဂလာဒုံ၊ ကျောင်းအုပ်)(ငြိမ်း) အသက်(၇၄)နှစ်၏ နာရေးတွင် အဘက်ဘက်မှ ကူညီအားပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ မိကျောင်းရဲမြို့မှတပည့်ဟောင်းများ၊(စီးပွားရေးတက္ကသိုလ် ၁၉၆၄-၁၉၆၈)မှ သူငယ်ချင်းများ၊ လူကိုယ်တိုင် မလာရောက်နိုင်သော်လည်း တယ်လီဖုန်းဖြင့် ဝမ်းနည်းစကား ပြောကြားခဲ့သော ဆွေမျိုးမိတ်သင်္ဂဟများ၊ ဆရာ ဆရာမများအားလုံးကို အထူးပင် ကျေးဇူးဥပကာရ တင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ကျေးဇူးအထူးတင်ရှိခြင်း

### ဦးကျော်သူစိုး

**အသက်(၄၃)နှစ်**

ဦးကျော်သူစိုး နာမကျန်းဖြစ်စဉ် ကုသပေးသော ဆရာဝန်ကြီးများ၊ နာရေးကိစ္စအဝဝအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီအားပေးကြသော ကိုဇော်လွင်ဦးနှင့် ညီအစ်ကိုမောင်နှမများ၊ သူငယ်ချင်းများ၊ TMW Ent Ltd. မှ အစ်မများနှင့် သူငယ်ချင်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် လူကြီးများ၊ ဖုန်းနှင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ အားပေးစကားပြောကြသော ရပ်ဝေးရပ်နီးမှ မိတ်ဆွေသူငယ်ချင်းများအား ကျေးဇူးအထူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ပါမောက္ခ ဒေါက်တာအောင်ခင် (မော်လမြိုင်)

**F.R.C.S ခွဲစိတ်ဆရာဝန်ကြီး(ငြိမ်း)**

**ဇီဝိတဒါနသံဃာ့ဆေးရုံ၊ ဆေးအကြံပေးအဖွဲ့ဥက္ကဋ္ဌ**

**မဟာစည်သာသနာ့ရိပ်သာနာယက၊ မိုးကုတ်ဝိပဿနာ(ရန်ကုန်)နာယက**

**ရွှေပါရမီဖောင်ဒေးရှင်းနာယက၊ မော်လမြိုင်အသင်းကန်တော့ခံပုဂ္ဂိုလ်**

**မြန်မာနိုင်ငံဆရာဝန်များအသင်း(ဗဟို)နယ်လှည့်ဆေးကုအဖွဲ့(ဥက္ကဋ္ဌ)**

**အသက်(၈၁)နှစ်**

မော်လမြိုင်မြို့နေ (ဦးဖိုးသိန်း-ဒေါ်သိန်းရင်)တို့၏သား၊ အမှတ် ၃၁၅၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့နေ (ဦးလှကြည်-ဒေါ်မမကြီး)တို့၏သားသမက်၊ (ဒေါ်သန်းတင်)၊ (ဒေါ်စိန်နု)၊ (ဦးထွန်းမြင့်-ဒေါ်ညွန့်တင်)၊ (ဒေါ်တင်)၊ ဒေါ်ခင်သန့်-(ဦးသိန်းဟန်)၊ (ဦးစံလွင်)၊ ဒေါ်ညွန့်ညွန့်စိုး၊ (ဦးထွန်းလွင်-ဒေါ်အားကြူ)၊ (ဦးစံခင်-ဒေါ်မြသွယ်)တို့၏ညီမောင်၊ ဒေါက်တာဦးကျော်တင့်-ဒေါ်ခင်ဖြူဖြူတို့၏အစ်ကို၊ (ဒေါ်ခင်သိန်းသိန်း)၊ ဒေါ်သီတာ၏ခင်ပွန်း၊ ဒေါက်တာသင်းသင်းခင်-ဒေါက်တာဇော်မင်းသူ(USA)၊ ဒေါက်တာခိုင်ခိုင်ခင်-ဦးကျော်သီဟ(USA)၊ ဒေါ်ဇင်ဇင်ခင်(USA)တို့၏ဖခင်၊ မြေးသုံးယောက်တို့၏ အဘိုးသည် ၃-၁-၂၀၁၃ရက်(ကြာသပတေးနေ့) နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၁၃ရက် (အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၉-၁-၂၀၁၃ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

**အလ္လာဟ်သျှင်မြတ်အမိန့်ခံယူခြင်း**

## ဦးစောမောင်(ခ)အဒူဆော်မောတ် (ဘူးသီးတောင်)

**အသက်(၇၉)နှစ်**

ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့၊ အမှတ်(၁)အနောက်ရပ်ကွက်နေ (ဦးအဒူဘာရီ-ဒေါ်အာယေရှာ)တို့၏သားကြီး၊ (ဒေါ်ခေါ်တီဇာ)၊ ဒေါ်အာဘေဒါ၏ခင်ပွန်း၊ (ဦးကျော်သိန်း)၊ (ဦးကျော်သာ)၊ ဦးဘမောင်၊ ဦးအေးမောင်၊ ဦးလှမောင်၊ (ဒေါ်လှလှမေ)တို့၏အစ်ကို၊ ဒေါ်ချစ်မိုး၊ ဒေါ်ခင်မာအေး၊ ဒေါ်ခင်စောမေ-ဦးစောလွင်(ခ)ဂျူနိုတ်၊ မောင်စောနိုင်၊ မောင်မင်းထွန်း-မအေးမိုးနှင့် မောင်နမခြောက်ယောက်တို့၏ဖခင်၊ မြေး ၁၄ ယောက်တို့၏အဘိုးသည် ၄-၁-၂၀၁၃ရက် ည ၇း၅၅နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်ခံယူသွားပါ၍ ၅-၁-၂၀၁၃ရက် နံနက် ၁၁း၃၀နာရီတွင် မြို့နယ်ကဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးစိုးနိုင် (Richard) (မြိတ်)

**ညွှန်ကြားရေးမှူး(ငြိမ်း) DEP**

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

**MEHS အထက(၁)ဒဂုံ၊ စီးပွားရေးတက္ကသိုလ်ကျောင်းသားဟောင်း**

**အသက်(၆၃)နှစ်**

မြိတ်မြို့နှင့် ရန်ကုန်မြို့နေ [သီရိပုံချီ ဦးကျန်စုံ (လမ်းအင်ဂျင်နီယာချုပ်၊ ငြိမ်း)-ဒေါ်ရှင်ကြည်]၊ (ဦးမောင်မြင့်-ဒေါ်မြကြူ)တို့၏သား၊ မကွေးမြို့နေ (ဦးလှဖေ-ဒေါ်အေးရင်)တို့၏သားသမက်၊ (ဦးစွန်စိုင်-ဒေါ်ပိုပို)၊ (ဒေါ်ရှင်ဝေ)၊ (ဒေါ်တင်ကြူ)တို့၏တူ၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်လမ်း၊ သာစုအိမ်ရာ၊ တိုက်(ဘီ)၊ အခန်း ၁၀၂နေ ဒေါ်ခင်လေးမြင့် (ဒုတိယညွှန်ကြားရေးမှူး၊ ငြိမ်း၊ EPD၊ စွမ်းအင်ဝန်ကြီးဌာန)၏ခင်ပွန်း၊ ဦးကျော်ကျော်အောင်-ဒေါ်စိုးသန္တာ(မေတ္တာထူးဆေးဆိုင်)၏ဖခင်၊ ဦးထွန်းဦး(အင်္ဂလိပ်စာဌာန၊ ငြိမ်း)-ဒေါ်အင်ကြူ၏ညီ၊ ဒေါ်သန်းသန်းနု၊ ဒေါ်အေးမြင့်မြင့်၊ ဦးသန်းငွေ-ဒေါ်သန်းသန်းနွယ်၊ ဦးစိုးအောင်မြင့်(ဆရာစိုးအင်္ဂလိပ်စာသင်တန်း)၏အစ်ကို၊ ဦးကျော်စွာစိုး-ဒေါ်မေသက်ထွန်း၊ ဦးမျိုးမင်းသန့်-ဒေါ်မီမီထွန်း၊ ဦးမျိုးနိုင်-ဒေါ်စောယုမွန်၊ ဒေါက်တာနေကျော်ဝင်း-ဒေါက်တာယမုံသန့်စင် (မြောက်ဥက္ကလာပဆေးရုံကြီး)၊ ဒေါက်တာသီဟကျော်-ဒေါက်တာနှင်းပွင့်အေး၊ ဦးလင်းဖုန်းမောင်-Erin Maung တို့၏ဘကြီး၊ မောင်ဘုန်းမြတ်ပိုင်သာ၏အဘိုးသည် ၄-၁-၂၀၁၃ရက် (သောကြာနေ့) ညနေ ၅း၄၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်နှင့် မြိတ်အသင်းမှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## အထူးကျေးဇူးတင်ရှိခြင်း

### ဦးမြင့်သောင်း (တောင်ကြီးမြို့)

**အသက်(၆၁)နှစ်**

၂၇-၁၂-၂၀၁၂ရက်တွင် ကွယ်လွန်သွားခဲ့သော ဖခင်ဖြစ်သူ ဦးမြင့်သောင်း နာမကျန်းဖြစ်စဉ် မိသားစုသဖွယ် အစစအရာရာ ဂရုတစိုက်စောင့်ရှောက်ခဲ့သော အန်ကယ်ဦးထွန်းစိန်(ထွန်းဆေးရုံပိုင်ရှင်)နှင့် ဖခင်ကြီး၏ မိတ်ဆွေအပေါင်းအသင်းများအားလုံး၊ အထူးကြပ်မတ်ဂရုတစိုက်ကုသပေးခဲ့သော သမားတော်ကြီး ဒေါက်တာဒေါ်စီစီထွန်းနှင့် ထွန်းဆေးရုံမှ ဆရာဝန် ဆရာမများအားလုံး၊ တာဝန်ရှိဝန်ထမ်းများအားလုံးနှင့် ရပ်ဝေးရပ်နီးမှ သတင်းမေး အားပေးနှစ်သိမ့်ပေးခဲ့ပါသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## (၆)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

### ဒေါ်ခင်အေးဝင်း

**အလယ်တန်းပြ(အထကခွဲ ဆည်တော်ကြီး)**

**(၈-၁-၂၀၀၇ မှ ၈-၁-၂၀၁၃)**

ချစ်လှစွာသောဇနီး မိသားစုနှင့်ခွဲခွာသွားသည်မှာ (၆)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။ ပြုသမျှကုသိုလ်ကောင်းမှုများကို မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ-

**ချစ်ခင်ပွန်း-ဒုတိယဗိုလ်မှူးကြီးအောင်ငွေး**
**သား-ဒုဗိုလ်ရဲမာန်အောင်**
**သမီး-မအိမ့်ရတနာအောင်(ခ)မမေသကြိန်**

**ဝမ်းနည်းကြေကွဲခြင်း**

**ကျော်သူစိုး** အသက် (၄၃)နှစ်

- တွေ့ဆုံခြင်းရဲ့ ဒီခဏ
  ဘဝတစ်ခေါက်ဆိုပေမဲ့လည်း
  ငါ့အသိမှာ မင်းရဲ့စိတ်တွေ
  လွမ်းမိုးယုံမှတ်ဆဲ
- အို-သူငယ်ချင်း တို့တစ်တွေကျန်ရစ်သူ
  မခွဲဘူး ထို့အတူ သူငယ်ချင်းသတိတရရှင်သန်ဆဲ
- ရှန်းမထွက်နိုင်သော ပုံရိပ်များ
  တံခါးခေါက် ပုတ်နှိုးတိုင်း
  ငါ့အာရုံ ငါ့ရဲ့စိတ်တွေ
  **'ဝမ်းနည်းကြေကွဲ'**
- အို သူငယ်ချင်း တို့တစ်တွေကျန်ရစ်သူ
  မင်းအတွက် တောင်းဆုအမျှခွေ
  သူငယ်ချင်းကောင်းရာဘုံရောက်စေ-

**မင်းခေါ်နေကျ ကိုပါကြီး**

ယခုပေးပို့သော စာမျက်နှာကို သုံးပေးပါရန်။

## ကြော်ငြာ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### ဦးမြင့်ဆွေ (မုံရွာ)

**Resident Representative Petroleum Information & Equiqment Services Pte., Ltd.**
**Senior Consultant Twinza Oil (Asia) Ltd.**
**Managing Director Silverlink International Pte., Ltd.**

**အသက်(၆၉)နှစ်**

မုံရွာမြို့နေ(ဦးအောင်ရှိန်-ဒေါ်လှရင်)တို့၏သား၊ (ဦးဘသော်-ဒေါ်နန်းတင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁၀)ရပ်ကွက်၊ အမှတ် ၆၈ (A-1)၊ အင်းလျားလမ်းနေ ဒေါ်ခင်ခင်စိန်၏ခင်ပွန်း၊ ဦးညီညီထွန်း-ဒေါ်နိုင်နိုင်ဦးတို့၏ဖခင်၊ ခင်ဆုရွှန်းရတနာ(KAY)၏အဘိုးသည် ၄-၁-၂၀၁၃ရက် (သောကြာနေ့)နံနက် ၅း၅၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ယင်းနေ့မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၀-၁-၂၀၁၃ရက်(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ခြံအမှတ် ၆၈(A-1)၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

### ဗိုလ်မှူးမောင်မောင်တင် (ငြိမ်း)

**(ကြည်း-၁၁၂၆၅)၊ စစ်တက္ကသိုလ်အမှတ်စဉ်(၉)**
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ (နတလ)**
**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ တိုက် ၁၈၊ အခန်း ၁၂နေ (ဦးလှအောင်-ဒေါ်စန်းရီ)တို့၏သား၊ (ဒေါ်တင်ရီလေး)၏ခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီး အောင်မိုးလွင်-ဒေါက်တာတင်မိုးမိုးခိုင်(ကော့သောင်းခရိုင် ပြည်သူ့ဆေးရုံကြီး)၊ (ဗိုလ်ကြီးအောင်ကိုလတ်)တို့၏ဖခင်၊ မောင်ခန့်ဟိန်းအောင်၏အဘိုးသည် ၆-၁-၂၀၁၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ကလောမြို့၌ ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် ကလောမြို့သုသာန်၌ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

### ဗိုလ်မှူးမောင်မောင်တင် (ငြိမ်း)

**(ကြည်း-၁၁၂၆၅)၊ စစ်တက္ကသိုလ်အမှတ်စဉ်(၉)**
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ (နတလ)**
**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ တိုက် ၁၈၊ အခန်း ၁၂နေ (ဦးလှအောင်-ဒေါ်စန်းရီ)တို့၏သား၊(ဦးမောင်မောင်သွင်-ဒေါ်စန်းစန်း)တို့၏ညီ၊ (ဦးမောင်မောင်ရင်)-ဒေါ်စန်းစန်းမြင့်၊ ဦးမောင်မောင်ဝင်း-ဒေါ်ခင်သက်သက်၊ (ဦးမောင်မောင်မြင့်)၊ ဦးဇော်ထက်-ဒေါ်ခင်မာရီ၊ ဦးကောသလ္လ(ခ)ဦးခင်မောင် မောင်တို့၏အစ်ကိုသည် ၆-၁-၂၀၁၃ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ကလောမြို့၌ ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် ကလောမြို့သုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

ဝမ်းနည်းကြေကွဲခြင်း

### ဗိုလ်မှူးမောင်မောင်တင် (ငြိမ်း)

**(ကြည်း-၁၁၂၆၅)၊ စစ်တက္ကသိုလ်အမှတ်စဉ်(၉)**
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ (နတလ)**
**အသက်(၆၉)နှစ်**

ဒုတိယဗိုလ်မှူးကြီးအောင်မိုးလွင်-ဒေါက်တာတင်မိုးမိုးခိုင် (ကော့သောင်းခရိုင် ပြည်သူ့ဆေးရုံကြီး)တို့၏ဖခင် ဗိုလ်မှူးမောင်မောင်တင်(ငြိမ်း)သည် ၆-၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်ဦးစီးတက္ကသိုလ်အမှတ်စဉ်(၆၀)မှ သင်တန်းသား**
**အရာရှိကြီးများနှင့်ဇနီးများ**

---

ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်မို့မို့လင်း

**အသက်(၄၄)နှစ်**

ဗိုလ်မှူးကိုကိုစန်း(ငြိမ်း)၏ဇနီးဖြစ်သူ ဒေါ်မို့မို့လင်း အသက်(၄၄)နှစ်သည် ၇-၁-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးစဝ်အောင်မြတ်၊ ဒေါ်ဖြူဖြူညွှန့်**
**တောင်ကြီးမြို့**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

စည်သူဒေါက်တာကျော်စိန်[ရန်ကုန်တက္ကသိုလ် စိတ်ပညာပါမောက္ခ(ဟောင်း) မန္တလေးတက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း)၊ ပညာရေးဝန်ကြီး] အသက်(၈၁)နှစ် ဆရာကြီး စည်သူဒေါက်တာကျော်စိန်သည် ၂-၁-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စိတ်စစ်ဆေးရေးအရာရှိမှ ဗိုလ်ရွေးအဖွဲ့**

---

ခရစ်တော်၌အိပ်ပျော်ခြင်း

### ဒေါ်ချစ်

**အသက်(၇၄)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ မော်ကျွန်းမြို့၊ ရုံးဒေါင့်ကျေးရွာနေ (ဦးချန်ထွန်း-ဒေါ်ချော)တို့၏သမီး၊ (ဦးပု-ဒေါ်မယ်ဝင်း)တို့၏သမီးချွေးမ၊ အမှတ် ၁၄/၆၀၊ ဦးလွန်းမောင်လမ်းသွယ်(၄)၊ (၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့နေ ဦးလှထွေး၏ဇနီး၊ ဦးခင်ဇော်ဦး-နော်ဘူဂေးဆဲ၊ဦးခင်ဇော်ဦး-ဒေါ်ညိုညိုထွေး၊ ဦးသက်ထွန်းဦး-ဒေါ်မာလာစိုး၊ ဦးဇော်ထူး-ဒေါ်လင်ရှုလွမ်(ခ)မရှု၊ ဦးတင်ခိုင်-ဒေါ်ထွေးထွေးစိုး၊ ဦးအောင်လှိုင်ထွေးတို့၏မိခင်၊ မောင်သက်နောင်စိုး၊ မမြသက်ချယ်၊ ကောင်းစည်သူ၊ မောင်မိုးသက်နိုင်၊ မောင်မင်းသူအောင်၊ မယုခိစံ၊ မခိုင်ပြည့်ပြည့်ထူး၊ မနွေးနွေးလှိုင်တို့၏အဘွားသည် ၅-၁-၂၀၁၃ရက်(စနေနေ့) နံနက် ၀၀း၅၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၁-၁-၂၀၁၃ရက် (သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ကရင်နှစ်ခြင်းအနီး သာသနာသုသာန်(ရေဝေး)၌ဝတ်ပြုဆုတောင်းခြင်းပြုလုပ်ပြီးဂူသွင်း သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

---

ဘုရား၊ သိမ်၊ ကျောင်း
ဒါယကာကြီး

### ဦးကျင်ဆွေ (တိုက်ကြီး)

**ယခင် ဘုရင့်နောင်ရပ်ရှင်ရုံ**
**ပိုင်ရှင်ဟောင်း**
**အသက်(၉၂)နှစ်**

ရန်ကုန်မြို့၊ အမှတ် ၂၀၅၊ ဗားကရာလမ်း၊ စမ်းချောင်းမြို့နယ်နေ ဒေါ်သန်းကြည်၏ခင်ပွန်း၊ ဦးအောင်လွင်-ဒေါ်နီလာထွန်း၊ ဒေါ်လေးတင်-ဦးတင်ဝင်း၊ ဦးကျော်မိုး-ဒေါ်စန်းစန်းဝင်း၊ ဦးသန်းဝင်း-ဒေါ်ကြည်ကြည်၊ ဒေါ်အေးအေးသန်း-ဒေါက်တာခင်မောင်လေး၊ဦးကြည်ဝင်း-ဒေါက်တာနီနီစိန်(R.S.A)၊ ဒေါ်ဆွေဆွေဝင်း-ဗိုလ်မှူးခင်ဇော်ဝင်း(ငြိမ်း)၊ ဦးမျိုးဇော်တို့၏ဖခင်သည် ၇-၁-၂၀၁၃ရက်(တနင်္လာနေ့)နံနက် ၁၂း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ ၉-၁-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း ဒါယကာကြီး

### ဦးလှအေး (Daddy)

**Third Mate (F.G), C.D.C - 5049**

**အသက်(၇၆)နှစ်**

(ဝတ်လုံတော်ရ ဦးဇ-ဒေါ်မမ)တို့၏သားလတ်၊(ဦးစိန်ရီ-ဒေါ်မြမွန်)၊ဦးအေးကျော်-ဒေါ်ခင်ဆွေအေးတို့၏ညီမောင်၊ (ဦးလှမြင့်အေး)-ဒေါ်စိန်စိန်တို့၏အစ်ကို၊ အမှတ် ၁၆၊ မြောင်းကြီးလမ်း၊ရေကျော်၊ပုဇွန်တောင်မြို့နယ်နေ (ဒေါ်ခင်သန်းဝင်း)၏ခင်ပွန်း၊ ဦးကျော်စိုး(Multi-Gate)-ဒေါ်ဥမ္မာအေး၊ ဦးစံရွှေမောင်-ဒေါ်မြတ်မွန်အေး(မြို့/မြေဌာန၊ Y.C.D.C)တို့၏ဖခင်၊ မောင်ဇေယျာစိုး၊ ဗိုလ်ကြီးစည်သူစိုး-မသီသီအောင်၊ မောင်မြင့်မြတ်စိုးအေး၊ မောင်လွင်မောင်အေး[Grade-10 (B) ထ-၅၊ ဗိုလ်တထောင်]တို့၏အဘိုး၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၆-၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၃း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၈နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

### ဒေါ်သိန်းမြင့်

**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ သုခလမ်း၊ အမှတ် ၄၈ (ပထမထပ်)နေ (ဦးကျော်-ဒေါ်ရီ)တို့၏သမီး၊ (ဦးဘအို-ဒေါ်နိုင်)တို့၏ချွေးမ၊ တောင်ကြီးမြို့နေ ဦးကြင်ရွှေ-ဒေါ်မြင့်သောင်းတို့၏ညီမ၊ (ဦးသိန်းထွန်း)၏ဇနီး၊ ဦးနိုင်ဦး (Lister Co., Ltd.) - ဒေါ်အေးအေးမြင့်၊ ဦးသိန်းနိုင် (I.W.T) -ဒေါ်ငွေငွေအောင်၊ ဦးချစ်စိန်(မောင်ချစ်စတိုး)-ဒေါ်အေးအေးကြူ၊ ဦးဇော်မိုးထွန်း၊ ဦးဇော်ထွန်းဝင်း-ဒေါ်စံပယ်လှိုင်၊ (ဦးဇော်ငွေလွင်)-ဒေါ်ချောစုယဉ်၊ ဦးအောင်ဇော်ထွန်း(M.T.M Ship Management Pte.,Ltd.)၊ ဦးဝင်းထွန်းဇော်တို့၏မိခင်၊ တူ၊ တူမ ၁၅ယောက်တို့၏အဒေါ်၊ မြေး ၁၀ယောက်တို့၏အဘွားသည် ၆-၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၇း၁၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၁-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (၄၈၊ သုခလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်နေအိမ်မှကားများ မွန်းလွဲ ၁း၄၅ နာရီတွင် ထွက်ခွာပါမည်။ ကျန်ရစ်သူမိသားစု

---

### ဖိတ်ကြားအပ်ပါသည်

ကွယ်လွန်သူ ဦးထွန်းရွှေမောင်(စစ်တွေ) အသက်(၆၅)နှစ်အား ရည်စူး၍ ၈-၁-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၉နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာယူမည်ဖြစ်ပါ၍ ဧည့ဝတီသာသနာပြုကျောင်းတိုက်၊ ဦးထောင်ဘိုလမ်း၊ ရွှေတိဂုံဘုရားအနီးသို့ ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဝမ်းနည်းကြေကွဲခြင်း

### ဦးအောင်ဝင်း (စင်မကော်)

**အသက်(၅၇)နှစ်**

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်-ဒေါ်နုနုဆွေတို့၏ညီ ဦးအောင်ဝင်း အသက်(၅၇)နှစ်သည် ၃-၁-၂၀၁၃ရက် (ကြာသပတေးနေ့) ည ၁၁နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုဝင်များနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**(ညို+စိမ်း+နီ)**
**မိသားစု**

---

### ဦးရန်ငြိမ်း

**တပ်မတော်-ရေ (ငြိမ်း)**
**အသက်(၆၈)နှစ်**

ရန်ကုန်မြို့၊ အမှတ် ၆၊ သံတံတားလမ်း၊ စမ်းချောင်းမြို့နယ်နေ [ဒေါက်တာစိန်ဘန်း (သူရိယကန္တီ)-ဒေါ်ခင်ခင်ဆွေ]တို့၏သား၊ ဒေါ်နွဲ့နွဲ့ရွှေ၏ခင်ပွန်း၊ ဒေါ်ခင်မြဦး၊(ဗိုလ်မှူးခင်မောင်ဦး)-ဒေါ်နန်းသန်းတင်၊ (ဦးခင်မောင်နွယ်)-ဒေါ်စိန်တင့်၊(ဦးမျိုးစစ်)တို့၏ညီ/မောင်၊ (ဦးမျိုးအောင်)၊ (ဦးသန်းငွေ)၊ ဦးခင်မောင်ထွေး - ဒေါ်သောင်းသောင်းရီတို့၏အစ်ကို၊ ဦးခင်မောင်သန့်-ဒေါ်ခင်ဥမ္မာအောင်၊ ဦးဇော်နောင်လတ်-ဒေါ်မိုးမိုးသန်း၊ ဦးရန်မျိုးနိုင်-ဒေါ်သက်သက်ဇင်၊ ဦးကျော်ကြားထိုက်-ဒေါ်သက်သက်မာ၊ ဦးကျော်ဇောဖြိုးဝေ - ဒေါ်မျိုးမြတ်မြတ်ငြိမ်းတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၆-၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၅း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၂-၁-၂၀၁၃ရက် (စနေနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

### ဒုတပ်ကြပ်ဝင်းမောင်

**ကပ-၄၅၄၄၉၃**
**အသက်(၅၈)နှစ်**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်နေ(ဦးစံမောင်-ဒေါ်သန်းရင်)တို့၏သား၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်နေ (ဦးမဲ-ဒေါ်သန်းညွှန့်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၇)ရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ ချောတွင်းကုန်းအိမ်ရာ၊ လိုင်း ၁၀၊ အခန်း ၇နေ ဒေါ်အေးရင်၏ခင်ပွန်း၊ မောင်ဝင်းမြင့်ဇော်၊ မရီရီမြင့်၊ မမြင့်မြင့်လွင်တို့၏ဖခင်သည် ၆-၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၈-၁-၂၀၁၃ရက် (အင်္ဂါနေ့)ညနေ ၃နာရီတွင် ငြိမ်းအေးဇရပ်(မင်္ဂလာဒုံ)မှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

### ဟာဂျီမိုဟမ္မဒ်ယာစင်(ခ)

### ဦးလှမြင့် (သကြား)

**A- ရုံ၊ သိမ်ကြီးဈေး**
**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ အမှတ် ၇၆၊ ၉၅ လမ်းနေ (ဦးကာစင်-ဒေါ်အေး)တို့၏သား၊ ဟာဂျီဦးလှရွှေ၊ ဒေါ်သီသီမာတို့၏ညီမောင်၊ ဦးဇော်ဝင်း၊ ဦးသန်းဝင်းတို့၏အစ်ကို၊ ဒေါ်ခင်ချို၏ခင်ပွန်း၊ ဦးကျော်စိုး-ဒေါ်ခင်မေမြင့်၊ ဦးလှရွှေ-ဒေါ်ခင်သန်းမြင့်၊ ဦးဇော်မင်းဦး-(ဒေါ်ခင်ခင်ဝင်း)၊ ဦးဇော်မင်းထွန်း-ဒေါ်ရတနာသောင်းလွင်(Zaw Mobile)တို့၏ဖခင်၊ မြေး၁၁ယောက်တို့၏အဘိုးသည် ၇-၁-၂၀၁၃ရက် မွန်းလွဲ ၁း၁၅နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၈-၁-၂၀၁၃ရက် နံနက် ၁၀ နာရီတွင် ဘန်ဂါလီစု ဂျမေဗလီကြီးတွင် ဂျနာဇာနမားစ်ဖတ်ပြီး ရေဝေးစွန်နီကဘာရ်စတန်သို့ ပို့ဆောင်ဒါဖနာပါမည်။ ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

### စောမိုက်ကယ်(ခ)

### ဦးစိုးဝင်း

**(ဒုတိယရဲမှူး၊ငြိမ်း၊သတင်းတပ်ဖွဲ့)**
**သူရ(၁၀)**
**အသက်(၆၆)နှစ်**

ပုသိမ်မြို့နေ (ဦးစောဒစ်ကီး-နော်မာဒလေနား)တို့၏သား၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးရေခဲလမ်း၊ အမှတ် ၁၀၂(က)နေ (ဦးစောဘသန်း - နော်ရီးနာ)တို့၏ သားသမက်၊ (နော်ယူနစ်ခ်၊ မြန်မာ့အာမခံလုပ်ငန်း၊ ငြိမ်း)၏ခင်ပွန်း၊ (နော်ဖြူဖြူဝင်း)၊ နော်စုစုဝင်းတို့၏ဖခင်၊ ဒေါ်ခင်ကြည်-ဦးတင်လှိုင်တို့၏မောင်၊ ဦးခင်မောင်လွင်-ဒေါ်လဲ့လဲ့မြင့်၊ ဦးစိုးလွင်-ဒေါ်မြမြအေး၊ ဦးသိန်းအောင်တိုး-ဒေါ်မာနား၊ ဒေါ်ဝင့်ဝင့်လှိုင်တို့၏ အစ်ကိုသည် ၆-၁-၂၀၁၃ရက် နံနက် ၁း၄၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၉-၁-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် အမှတ် ၁၈၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊ YIT အနီးရှိ မင်းပညာရှိသုံးပါး ဘုရားရှိခိုးကျောင်းတွင် ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း
ဒါယိကာမကြီး

### ဒေါ်အမာ

**(ပန်းတနော်၊ ညောင်တုန်းမြို့)**
**(ဖျာပုံတိုက်သစ်ယောဂီ)**
**အသက်(၉၆)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်အိမ်ရာ၊ တိုက် ၉၊ အခန်း ၁၂နေ (ဦးသိန်းလှ)၏ဇနီး၊ ဦးဇော်ထူး-ဒေါ်မြင့်မြင့်စိန်၊ ဦးသိုက်ထူး-ဒေါ်ကြည်ကြည်ဆွေတို့၏မိခင်၊ မောင်ဉာဏ်ထူး-မတင်မြလင်း၊ မောင်သီဟဇော်၊ မခိုင်ဇာဝင်း၊ မဇာလီမော်တို့၏အဘွားသည် ၆-၁-၂၀၁၃ရက် နံနက်၈း၃၀နာရီတွင် ရန်ကုန်မြို့၊လမ်းမတော်မြို့နယ်၊ဗဟိုစည်အိမ်ရာ၊ တိုက် ၄၉၊ အခန်း ၄၃၌ ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၁၃ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

### ဒေါ်ရီမြ(ခ)ဒေါ်ဖက်ဖူး

**အလကပြဆရာမကြီး(ငြိမ်း)**
**မော်တလိန်းဂျပ်ဆင်/**
**အမှတ်(၆)အထက၊ မော်လမြိုင်**
**အသက်(၉၃)နှစ်**

မော်လမြိုင်မြို့၊ အမှတ် ၆၊ ကမ်းနားလမ်း၊လေညှင်းသာတည်းခိုခန်းနေ(ဦးစံရေး-ဒေါ်ချစ်မြ)တို့၏သမီး၊ (ဦးစိန်ထွန်း)၏ဇနီး၊ (ဦးမြင့်သန်းထွန်း)၊ ဦးအောင်ကြီး-ဒေါ်မိမိထွန်း၊ ဦးရင်မောင် - ဒေါ်စန်းစန်းထွန်းတို့၏ မိခင်၊ ဒေါက်တာစိုးအောင်သက် - ဒေါက်တာဆွေဇင်အောင်၊ ဦးသန့်ဇင်စိုး-ဒေါ်ယဉ်နွယ်အောင်၊ ဦးကျော်မောင်-ဒေါ်တင်ဝင့်ဝင့်ဇော်၊ ဦးအေးမောင်-ဒေါ်ခိုင်မင်းနွယ်၊ ဦးနောင်နောင် - ဒေါက်တာရင်ရင်နွယ်တို့၏အဘွား၊ မြစ်ငါးယောက်တို့၏ဘွားဘွားကြီးသည် ၆-၁-၂၀၁၃ရက် ည ၇း၄၇နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၈-၁-၂၀၁၃ရက် (အင်္ဂါနေ့)နံနက်၁၀နာရီတွင် မော်လမြိုင်ခရစ်ယာန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း
ဒါယိကာမကြီး

### ဒေါ်ခင်ထွေး (ပန်းတနော်)

**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၂လမ်း၊ အမှတ် ၅၀၊ မြေညီထပ်နေ (ဦးဘတွေ - ဒေါ်စောသင်)တို့၏သမီး၊ (ဝဏ္ဏကျော်ထင် ဦးမောင်ကလေး-ဒေါ်သိန်းတင်)တို့၏သမီးချွေးမ၊ (ဦးတင်အောင်)၏ဇနီး၊ ဦးသန်းစိုး-ဒေါက်တာဒေါ်မြင့်မြင့်သိန်း၊ ဦးစံရွှေ-ဒေါ်သန်းသန်းဦး၊ဒေါ်သဥ္ဇာမော်တို့၏မိခင်၊ကိုဝင်းကိုကိုဦး၊ ကိုဇေယျာဘုန်း (မြန်မာ့ရှေ့ဆောင်ဘဏ်)၊ ဒေါက်တာလဲ့ရည်ဝင့်၊ မခိုင်ဇင်ထွေးတို့၏အဘွားသည် ၆-၁-၂၀၁၃ရက်(တနင်္ဂနွေနေ့) နံနက် ၀၀း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၈-၁-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

ဆည်မြောင်းဝန်ထမ်းဟောင်းများ
အသင်း

### ဦးချောခိုင်

**(၆၂၆)ယာဉ်မောင်း(ငြိမ်း)**
**ကန်တော့ခဲ**
**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃)ရပ်ကွက်၊ အမှတ် ၇၇၇၊ ဆည်မြောင်း ၅လမ်းနေ ဒေါ်ခင်ရီ၏ခင်ပွန်းသည် ၆-၁-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၁၃ ရက်နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ အသင်းဝင်များလိုက်ပါပို့ဆောင်ကြပါရန်အကြောင်းကြားပါသည်။ အမှုဆောင်အဖွဲ့

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

### ဘဒ္ဒန္တသြဘာသ

**မြို့တွင်း ဆုတောင်းပြည့် ပဓာနနာယကဆရာတော်**
**ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်**
**ဒုတိယ သာသနာပိုင်၊ ဓမ္မဝိနာယ**
**နာလောမ မူလဒွါရနိကာယဂိုဏ်း မြို့နယ်သံဃနာယက**
**သက်တော်(၉၄)နှစ်၊ သိက္ခာတော်(၇၄)ဝါ**

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်(မြို့တွင်းဆုတောင်းပြည့်)ပဓာနနာယကဆရာတော်ဖြစ်တော်မူသော ဘဒ္ဒန္တသြဘာသ ဆရာတော်ကြီးသည် (၁၃၇၄ခုနှစ် နတ်တော်လပြည့်ကျော် ၈ရက်) ၅-၁-၂၀၁၃ရက် (စနေနေ့) နံနက် ၁နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို(၁၃၇၄ခုနှစ် နတ်တော်လပြည့်ကျော် ၁၂ရက်) ၉-၁-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် မင်းလှမြို့အနောက်သုသာန်သို့ အန္တိမ အဂ္ဂိစျာပနကျင်းပမည်ဖြစ်ကြောင်း တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ဆရာတော်၏တပည့်ဒါယကာ၊ဒါယိကာမများ

---

ခရစ်တော်၌အိပ်ပျော်ခြင်း

### စောအောင်ခင်

**Rowe Co., Ltd. (Manager) (Rtd;)**

**အသက်(၁၀၂)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကရင်အမျိုးသားရပ်ကွက်၊ ဦးလူနီလမ်း၊ အမှတ် ၁၇/ဘီနေ (စောအုန်းရွှေ-နော်ကြာရင်)တို့၏သား၊ စောသာဟန်-နော်အားနော်တို့၏သားသမက်၊ (နော်ရွှေရင်)၊ (စောထွန်းညွှန့်)၊ (စောဇာညွှန့်)၊ (စောရွှေဘ)တို့၏ညီမောင်၊ (စောအောင်ထွန်းစိန်)၊ နော်ဇာထွေးတို့၏အစ်ကို၊ (စောဂျိုးဇက်အောင်ခင်)၊ စောရီချီ-နော်မာဂရက်ကြီး၊ နော်သြဂတ်စတီးနာ-(စောလောရင့်စ်ကြင်)တို့၏ဖခင်၊ စောဒိုးဝါး-နော်ညိမ်းညိမ်းဝင်း၊ စောဒိုထူးတို့၏အဘိုး၊ စောရှုလုံးဒို၊ နော်အယ်မာဝင်းတို့၏ဘိုးဘိုးကြီး၊ [နော်အားမူ(ခ)နော်ဖြူးလာ]၏ခင်ပွန်းသည် ၇-၁-၂၀၁၃ရက် မွန်းလွဲ ၁း၂၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၉-၁-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၉နာရီတွင် ကြည့်မြင်တိုင်၊စမ်းချောင်း ကရင်နှစ်ခြင်း ခရစ်ယာန်အသင်းတော်ဘုရားကျောင်း(သိန္ဓီလမ်း၊သီတာရပ်ကွက်)တွင် ဆုတောင်းဝတ်ပြုပြီး ရေဝေးကရင်နှစ်ခြင်းခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်စိန်ကြည် (ထားဝယ်)

**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ အမှတ် ၁၉(ဘီ)၊ အုတ်ကျင်းဘူတာရုံလမ်း၊ လှိုင်မြို့နယ်နေ (ဦးထွန်းအေး-ဒေါ်မြသင်)၏သမီး၊ (ဦးလှအေး)၏ဇနီး၊ ဦးအောင်တင့်-ဒေါ်မြကြူ၊ ဦးအောင်လွင်-ဒေါ်အေးအေးစန်း၊ ဦးမျိုးညွှန့်-ဒေါ်အေးအေးစန်း၊ ဦးအောင်စိုး-ဒေါ်တင်တင်လှ(ရတီဦး)၊ ဦးအောင်သန်း-ဒေါ်ရီရီချို၊ ဒေါ်မိုမိုးအေး၊ ဦးစိန်ကြည်ဝင်း-ဒေါ်သီတာအေး၊ ဦးဇော်မျိုး၊ ဒေါ်တင်တင်အေး၊ ဦးအောင်ဇော်ထွန်း၊ ဒေါ်စံဝင်းဖြူ၊ ဦးအောင်ဇော်မိုး-ဒေါ်ရွှေဇင်ပိုင်တို့၏မိခင်၊ မြေး ၁၉ယောက်တို့၏အဘွားသည် ၆-၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၅း၀၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [နေအိမ်မှကားများ ၈-၁-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။]

ကွယ်လွန်သူအားရည်စူး၍ ၁၂-၁-၂၀၁၃ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း၊ ဓမ္မာရုံ၊ ရေတွင်း၊ ရေကန်၊ လမ်း
ဒါယိကာမကြီး

### ဒေါ်ယဉ်ယဉ်နွဲ့ (PM ကျောက်မျက်ရတနာကုမ္ပဏီ)

**အသက်(၅၈)နှစ်**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြောက်ရပ်ကွက်၊ အကွက်(၈၃၈)နေ (ဦးအောင်သိန်း-ဒေါ်မြထွေး)တို့၏သမီး၊ (ဦးထွား-ဒေါ်ပု)တို့၏ချွေးမ၊ ကိုမင်းသူ-မသင်းသင်းဦး၊ ကိုရဲသီဟ-မပြုံးပြုံးခိုင်၊ မနွယ်နွယ်မြင့်၊ ကိုကျော်သီဟ-မဇင်မာဝင်း၊ မအိအိဝါတို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွား၊ ဦးဘုန်းမြင့်(PM ကျောက်မျက်ရတနာကုမ္ပဏီ)၏ဇနီးသည် ၆-၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း
ဒါယိကာမကြီး

### ဒေါ်လှကြည်

**(ပါကေး)ဦးထွန်း-ဒေါ်လှကြည်**
**(ပါကေးလုပ်ငန်း)**
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အမှတ် ၁၀၊ နွယ်နီလမ်းနေ(ဦးဘိုးလွင်-ဒေါ်နှင်းမြိုင်)တို့၏သမီးထွေး၊ (ဦးဘဆောင်-ဒေါ်သင်းထုံ)တို့၏သမီးချွေးမ၊ ဦးညွှန့်ဖုန်း - ဒေါ်ဘေဘီ (ပါကေး ဦးထွန်းမိသားစု)၊ ဦးဝင်းမြင့်-ဒေါ်မေလွင်ချို၊ ဦးဝင်းနိုင်-ဒေါ်နီနီဝင်း၊(ဦးဝင်းအောင်)-ဒေါ်မျိုးသီတာ၊ ဒေါ်နွယ်နီသန်း(လ/ထ မန်နေဂျာ၊ အတွင်းစာရင်းစစ်၊ မြန်မာ့သစ်လုပ်ငန်း)တို့၏မိခင်၊ မြေး ၁၀ ယောက်၊မြစ်သုံးယောက်တို့၏ဘွားဘွားကြီး၊ (ပါကေး)ဦးထွန်း၏ ဇနီးသည် ၅-၁-၂၀၁၃ရက် နံနက် ၉း၁၅နာရီတွင် ဆာကူရာဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၄နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၁-၁-၂၀၁၃ရက်(သောကြာနေ့)တွင်ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း
ဒါယိကာမကြီး

**မဟာအဘိဓမ္မိက ဝိသိဋ္ဌကလျာဏ**
**ဉာဏဓဇ္ဇ**

### ဒေါ်ခင်စော(မအူပင်၊ရေလဲကလေး)

**ချမ်းမြေ့ယောဂီ**
**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၂လမ်း၊ အမှတ် ၅၀၊ လေးလွှာ(A)နေ (ဝဏ္ဏကျော်ထင် ဦးမောင်ကလေး-ဒေါ်သိန်းတင်)တို့၏သမီးထွေး၊ (ဦးညွှန့်-ဒေါ်သန်းတင်)၊ (ဦးတင်အောင်-ဒေါ်ခင်ထွေး)တို့၏ညီမ၊ ဦးသန်းစိုး-ဒေါက်တာဒေါ်မြင့်မြင့်သိန်း၊ဦးစံရွှေ-ဒေါ်သန်းသန်းဦး၊ ဦးသန်းထွန်းအောင်-ဒေါက်တာဒေါ်ညွှန့်ညွှန့်ဝင်း၊ ဒေါ်သဥ္ဇာမော်တို့၏အဒေါ်၊ ကိုဝင်းကိုကိုဦး၊ ဒေါက်တာတင်ကိုကိုဝင်း - ဒေါက်တာဖွေးဖွေးချောစုမွန်၊ ကိုဇေယျာဘုန်း(မြန်မာ့ရှေ့ဆောင်ဘဏ်)၊ ဒေါက်တာလဲ့ရည်ဝင့်၊ မခိုင်ဇင်ထွေး၊ မောင်တင်ညီညီဝင်းတို့၏ အဘွားသည် ၆-၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၁း၃၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt @ gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R /488

# နိုင်ငံတော်အစိုးရအပိုင်း၊ လွှတ်တော်များအပိုင်းမှ ပြည်သူများအကျိုးစီးပွား ဆောင်ရွက်ပေးမည် ဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ် အောင်မြင်စေရန် ပြည်သူအားလုံးက လက်တွဲပူးပေါင်း

နေပြည်တော် ဇန်နဝါရီ ၇

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးဌေးဦး၊ ဦးစိုးသာ၊ ဦးလွန်းသီနှင့် ဦးစိုးနိုင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ လွှတ်တော်ရုံးမှတာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၆ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ် သီရိအဏ္ဏဝါခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။**

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဆန်းဆင့်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဖျာပုံခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်စိုးဝင်းက ဖျာပုံခရိုင်၏ ဒေသဆိုင်ရာ အချက်အလက်များနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက်အသေးစိတ် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့အနေဖြင့် လွှတ်တော်အစည်းအဝေးများ ရပ်နားစဉ်ကာလအတွင်း ဒေသခံပြည်သူများ၏ လိုအပ်ချက်များ၊ အခက်အခဲများအား ဖြည့်ဆည်းဆောင်ရွက်ပေးရန်ရှိသည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးရန် လာရောက်ခြင်းဖြစ်ကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် မိမိတို့၏ဆန္ဒနှင့်လိုလားချက်များကို ပွင့်ပွင့်လင်းလင်း မှန်မှန်ကန်ကန်ဖြင့် တင်ပြကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဖျာပုံခရိုင်အတွင်းရှိ မြို့မိမြို့ဖများက ခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးဆိုင်ရာများနှင့် စပ်လျဉ်းသည့် လိုအပ်ချက်များ၊ အခက်အခဲများကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လိုအပ်သည်များကို ဖြည့်စွက်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ဇာတိမာန်ခန်းမသို့ ရောက်ရှိကြပြီး ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။ ထို့နောက် ခေတ္တမြို့နယ် အုပ်ချုပ်ရေးမှူး

စာမျက်နှာ ၉ ကော်လံ ၁ ❖

**ရင်းရင်းနှီးနှီး နှုတ်ဆက်**

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း ဖျာပုံမြို့နယ် သီရိအဏ္ဏဝါခန်းမ၌ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

## နေပြည်တော်၌ နိုင်ငံတော်အရန်ဆန်ဝယ်ယူရေး ညှိနှိုင်းအစည်းအဝေးပြုလုပ်

**နေပြည်တော် ဇန်နဝါရီ ၇**

နိုင်ငံတော်၏ အရန်ဆန်သည် ပြည်တွင်းစားနပ်ရိက္ခာ ဖူလုံမှုကို ထိန်းသိမ်းထားနိုင်ရန် ဖြစ်ပြီး မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များ ကျရောက်မှု၊ မိုးကြီးခြင်း၊ ရေလျှံခြင်း၊ မိုးခေါင်ခြင်းတို့ကြောင့် ပျက်စီးဆုံးရှုံးမှုများ အပါအဝင် နယ်မြေလုံခြုံရေးနှင့် အေးချမ်းသာယာရေးပြဿနာများ ရှိလာပါကလည်း အရန်ဆန်ကို ထုတ်သုံး၍ စားနပ်ရိက္ခာပြဿနာကို ဖြေရှင်းဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်းဖြင့် ယနေ့မွန်းလွဲ ၁နာရီက နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ကျွန်းတက်ပဲ့ကျေးရွာအနီးရှိ စက်မှုလယ်ယာစနစ် အဆင့်မြင့်လယ်ယာမြေဧက ၃၀၀၀ စီမံကိန်းရှင်းလင်းဆောင်၌ ပြုလုပ်သည့် နိုင်ငံတော်အရန်ဆန်ဝယ်ယူရေး ညှိနှိုင်းအစည်းအဝေးတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ပြောကြားခဲ့သည်။

ထို့နောက် ယူရီးယားဓာတ်မြေဩဇာဖြန့်ဖြူးပေးမည့် အခြေအနေနှင့် ပတ်သက်၍ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက လည်းကောင်း၊ နိုင်ငံတော်အရန်ဆန် ဝယ်ယူရေးနှင့်ပတ်သက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်ကလည်းကောင်း ဆွေးနွေးပြောကြားကြသည်။ ဆက်လက်၍ ရန်ကုန်၊ဧရာဝတီ၊ ပဲခူးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးတို့က တိုင်းဒေသကြီးအလိုက် ဆန်စပါးစိုက်ပျိုးထွက်ရှိမှု၊ လယ်ယာကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုး တက်အောင်ဆောင်ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

စာမျက်နှာ ၈ ကော်လံ ၄ ❀

**ကျောင်းသင်ခန်းစာ အချပ်ပို နှစ်မျက်နှာပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် တက္ကသိုလ်ဝင် စာမေးပွဲအတွက် အင်္ဂလိပ်စာဘာသာရပ် ကျောင်းသင်ခန်းစာအချပ်ပို နှစ်မျက်နှာ ပါရှိပါသည်။

**ကြော်ငြာအချပ်ပိုပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာ အချပ်ပို လေးမျက်နှာ ပါရှိပါသည်။

## မြေအောက်မှ စပစ်ဖိုင်းယားစ် တိုက်လေယာဉ်များ တူးဖော်ရှာဖွေရန် ဗြိတိန်မှ အဖွဲ့တစ်ဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိနေ

**ရန်ကုန် ဇန်နဝါရီ ၇**

ဒုတိယကမ္ဘာစစ် အတွင်းက ဗြိတိသျှတို့ အသုံးပြုခဲ့သော စပစ်ဖိုင်းယားစ် တိုက်လေယာဉ်များအား မြန်မာနိုင်ငံမြေအောက်မှ ပြန်လည်တူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဗြိတိန်နိုင်ငံမှ ဒေးဗစ်ကင်ဒယ် ဦးဆောင်သော အဖွဲ့တစ်ဖွဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဇန်နဝါရီ ၆ ရက်က ရောက်ရှိလာခဲ့သည်။

**ယုံကြည်ထား**

အဖွဲ့ဝင် ၂၁ဦး ပါဝင်သော ဒေးဗစ်ကင်ဒယ်တို့ အဖွဲ့သည် အဆိုပါ တိုက်လေယာဉ်များကို မြေအောက်မှ ပြန်လည်တူးဖော်ရန်အတွက် မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ် ရောက်ရှိလာခြင်းဖြစ်သည်။ ၎င်းတို့အဖွဲ့သည် ဒုတိယကမ္ဘာစစ်အတွင်းကဗြိတိသျှတပ်ဖွဲ့များ အသုံးပြုခဲ့သည့် စပစ်ဖိုင်းယားစ် တိုက်လေယာဉ် အများအပြားကို မြေအောက်မှ ပြန်လည်ဖော်ထုတ်ရယူနိုင်မည်ဟု ယုံကြည်ထားသည်။

စပစ်ဖိုင်းယားစ် တိုက်လေယာဉ်တစ်စင်းကို တွေ့ရစဉ်။

**ဝေယံဦး - ရေးသားသည်**

"မိမိတို့ဟာ မြန်မာနိုင်ငံမြေအောက်မှာ ဒါဇင်နဲ့ချီပြီး ရှိနေတဲ့ စပစ်ဖိုင်းယားစ် တိုက်လေယာဉ်တွေကို ရှာဖွေဖော်ထုတ်နိုင်မယ်လို့ယုံကြည်ထားပြီး အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားမည်"ဟု အဖွဲ့ခေါင်းဆောင် ဒေးဗစ်ကင်ဒယ်က ပြောကြားသည်။

ဒေးဗစ်ကင်ဒယ်တို့အဖွဲ့သည် ပထမဆုံးအနေဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အနီးတွင် စတင်တူးဖော်ရှာဖွေမှုများ ပြုလုပ်မည်ဖြစ်သည်။

စပစ်ဖိုင်းယားစ် တိုက်လေယာဉ်များ ရှာဖွေမှုကို ၁၇နှစ်ကြာ ပြုလုပ်ခဲ့ပြီးနောက် ဗြိတိန်နိုင်ငံမှ ကျွမ်းကျင်သူအဖွဲ့က ယခုလာရောက်တူးဖော်ခြင်းဖြစ်သည်။ ယင်း တိုက်လေယာဉ်များသည် အသုံးမပြုရသေးသော တိုက်လေယာဉ်များဖြစ်ပြီး သစ်သားသေတ္တာများဖြင့် မြေအောက်၌ သို၀ှက်ခဲ့ခြင်းဖြစ်သည်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အနီးတွင် အစင်း ၃၀ခန့် ရှိမည်ဟု ခန့်မှန်းထားသည်။ မြန်မာနိုင်ငံ၏ နေရာသုံးနေရာ၌ အဆိုပါ စပစ်ဖိုင်းယားစ်လေယာဉ်များ ရှိနေမည်ဟု ယုံကြည်ထားပြီး စုစုပေါင်း လေယာဉ်အစင်း ၁၂၀ခန့်ရှိမည်ဟု ယူဆထားသည်။ တူးဖော်ရှာဖွေမှုများမှာ သီတင်းလေးပတ်နှင့် ခြောက်ပတ်အကြား အချိန်ကြာမြင့်မည် ဖြစ်သည်။

(မြန်မာ့အလင်း)